# သာသာသနာပြုရန်

# ဝိညာဉ်ရေးပိုင်း

# ဆိုင်ရာသင်ကြားပို့ချမှု

**(Scriptural Instruction on the ministry By**

**Vince Szymkowaik)**

---

*အာရှတွင်ရှိသောဘုရားသခင်၏အသင်းတော်*

**ရှင်ယောဟန် ၉း၄** "ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကိုယနေ့အချိန်ရှိစဉ်တွင်ငါပြုရမည်။ အဘယ်သူမျှမပြုနိုင်သော အချိန်တည်းဟူသောညဥ့်အချိန်လာသေး၏။"

<u>နှစ်မြုပ်ထားပေးခြင်း</u>

အဖိုးထိုက်လှသော ကျွန်တော်၏ဇနီးသည် ကျွန်တော်အတွက် ဆုတောင်းပေးခြင်း၊ သီချင်းဆိုပေးခြင်းဖြင့် ကျွန်တော်ဘေးတွင်အမြဲမားမားမတ်မတ်ရပ်တည်ပေးခဲ့ပြီးအမှုတော်အတူတူထမ်းဆောင်လာခဲ့သည်မှာ ဤစာရေးချိန်ထိဆိုလျှင် ၂၉ နှစ်ရှိပြီဖြစ်ပါသည်။ သို့သော်လည်းယခုလက်ရှိအချိန်ဆိုပါက ၄၄ နှစ်ရှိပြီးဤတူတူအမှုတော်ထမ်းဆောင်နေတုန်းပင်ဖြစ်ပါသည်။

**နိဒါန်း အစချီထားသည်မှာ –**

လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျွန်တော်ကိုကျမ်းစာထဲမှကျမ်းချက်များအားလုံးကိုအလွယ်တကူရှာတွေ့နိုင်အောင် အတူတကွ စုစည်း မှတ်စုထားဖို့ဆရာတစ်ယောက်ကအကြံပေး၊ ခွန်အားပေးခဲ့ပါသည်။ ကျွန်တော်လည်းကျမ်းချက်များကို စာရင်းပြုစုသော်လည်းပြည့်စုံလာခြင်းမရှိပေ။ ဤလေ့လာသင်ယူမှုမှာ အကျိုးအမြတ်အတွက် မကြည့်ဘဲ အတိုင်းအတာမရှိ ကူညီနားလည်စေဖို့နှင့် သာသနာအတွက် သာသနာပြုဖို့ရည်ရွယ်ချက်ဖြစ်ပါသည်။ ဤလေ့လာသင်ယူမှုသည်ထာဝရဘုရားသခင်၏စကားလုံးနှုတ်ကပတ်တော်အကြောင်းအရာများကိုလည်းသူ၏လူတွေနားလည်စေချင်ကြောင်းနှင့် ထာဝရဘုရားသခင်၏လူများအချို့ကို သာသနာပြုဖို့ (သို့) အစေခံ အသုံးတော်ခံဖို့ အထူးနည်းလမ်းဖြစ်ပါသည်။

(အခုရေးထားသော ဤစာအုပ်ထဲမှ မြန်မာကျမ်းချက်များအားလုံးကို The ORIGINAL TONGUES မူရင်းဘာသာစကားမှ  Rev. A. JUDSON, D. D. ဘာသာပြန်ဆိုထားသည့် ကျမ်းစာကို အသုံးပြုထားခြင်းသာဖြစ်ပါသည်။)

# <u>သာသနာပြုရန် ဝိညာဉ်ရေးပိုင်းဆိုင်ရာသင်ကြားပို့ချပေးမှု</u>

## <u>သင်ယူလေ့လာဖို့ အပိုင်း ပိုင်းဖြင့်ဖော်ပြထားပါသည်။</u>

**သာသနာပြုဖို့ ရှေ့ဦးစွာ ထာဝရဘုရားသခင်ဆီကခေါ်ဆောင်ခြင်းခံရသည့်သူများသာဖြစ်ပါသည်။ ကိုယ့်ဆုံးဖြတ်ချက်အတိုင်းကျွန်တော်တို့ အသင်းတော်ဆရာအစေခံ အမှုတော်ဆရာအဖြစ် လုပ်ပိုင်ခွင့် မရှိဘဲ ထာဝရဘုရားသခင်၏ဆုံးဖြတ်ချက်အတိုင်းသာဖြစ်ခြင်း။**

**ရှင်ယောဟန် ၁၅း၁၆** “သင်တို့သည်ငါ့ကိုရွေးကောက်ကြသည်မဟုတ်။ ငါသည်သင်တို့ကိုရွေးကောက်သဖြင့်၊ သင်တို့သည်သွား၍တည်ကြည်သော အသီးကိုသီးမည်အကြောင်းနှင့်ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာတောင်းသမျှတို့ကို ရမည်အကြောင်းသင်တို့ကိုငါခန့်ထား၏။”

**ဟေဗြဲ ၅း၄**“ဘုရားသခင်သည် အာရုန်ကိုခေါ်တော်မူသကဲ့သို့ ခေါ်တော်မူသောသူမှတပါး၊ အဘယ်သူမျှထိုအရာမြတ်ကိုမသိမ်းမယူရ။”

(အသင်းတော်ဆရာများသည် ယဇ်ပရောဟိတ်များမဟုတ်ပါ။ သာသနာပြုရန် ရုံး၊ နေရာအဆောက်အဦးများ တပ်မက်လိုချင်စိတ်မရှိရ။ ဤနေရာများသည် ထာဝရဘုရားပိုင်သည့်အရာဖြစ်ပြီး သာသနာပြုဖို့အတွက်သာဖြစ်ပြီးအခြားအရာအတွက်ဦးတည်နေပါက ထာဝရဘုရားပါရှိမည်မဟုတ်ပါ။ )

**၁ တိမောသေ ၁း၁၂** “ထိုတရားကို ငါ၌အပ်ပေးတော်မူသည်ဖြစ်၍၊ ငါ့ကိုခွန်အားနှင့်ပြည့်စုံစေသော ငါတို့သခင်ယေရှုခရစ်၏ကျေးဇူးတော်ကိုငါချီးမွမ်းမည်။

## အသင်းတော်သာသနာပြုသူများအနေနှင့်ကြီးမားသည့်ရည်စူးချက် (အမြော်အမြင်) များရှိထားသင့်ပြီးထိုအရာများကိုထိန်းသိမ်းရမည်။

**မဿဲ ၆း၃၃** "ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကိုရှေ့ဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတံ့။"

**ကောလောသဲ ၃း၁-၂** "အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏လက်ျာတော်ဘက်မှာ ခရစ်တော်သည်ထိုင်နေတော်မူရာ အရပ်၌ရှိသောအထက်အရာတို့ကိုသာရှာကြလော့။ မြေကြီးပေါ်မှာရှိသောအရာတို့ကိုစွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြလော့။"

**ရှင်ပေတရုဩဝါဒစာပဌမစောင် ၅း၄** "သို့ဖြစ်လျှင်၊ သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊ သင်တို့သည်မညှိုးမနွမ်းတတ်သော ဘုန်းကြီးသော ပန်းဦးရစ် သရဖူကိုခံရကြလိမ့်မည်။"

**ဂလာတိ ၆း၉** "ငါတို့သည်အားမလျော့၊ စိတ်မပျက်ဘဲကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင်အချိန်တန်သောကာလ၌ အသီးအနှံကိုရိတ်ရကြလိမ့်မည်။"

**ဟေဗြဲ ၁၂း၁-၂** "ထို့ကြောင့်၊ ဤမျှလောက်များစွာသောသက်သေအပေါင်းတို့သည် ငါတို့ကိုဝိုင်းရံလျက်ရှိကြသည်ဖြစ်၍၊ ငါတို့သည်ခပ်သိမ်းသောဝန်တို့ကိုၚင်း၊ နှောင့်ယှက်တတ်သော ဒုစရိုက်ကိုၚင်းပယ်ရှား၍၊ ငါတို့မျက်မှောက်၌ထားသော ပန်းတိုင်သို့ရောက်ခြင်းငှါ၊ အားမလျော့ဘဲပြေးကြကုန်အံ့။ ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်တော်မူသောသခင်ယေရှုကိုစေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသောဝမ်းမြောက်ခြင်းအကြောင်းကြောင့် ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လက်ျာဘက်၌ ထိုင်နေတော်မူ၏။"

**အဘယ်သူအတွက်အစေခံအသုံးတော်ခံနေရခြင်းကိုအသင်းတော်သာသနာပြုသူများအဆက်မပြတ်နားလည်သဘောပေါက်ရမည်ဖြစ်ပါသည်။ သခင်ခရစ်တော်၏အမိန့်အာဏာတော်ကို သူတို့အမြဲနိမ့်ချစွာဖြင့်နာခံခြင်း။**

**ရှင်မသဲ ၁၆း၁၈** "ဤကျောက်ပေါ်မှာ ငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည်မနိုင်ရာ။"

**ဧဖက် ၂း၂၀** " အဘယ်သို့နည်းဟူမူကား၊ တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည်ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။"

**ကောလောသဲ ၁း၁၈** "အသင်းတော်တည်းဟူသောကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ထူးမြတ်ခြင်းငှါမူလအရင်းဖြစ်၍၊သေသောသူတို့တွင်သားဦးဖြစ်တော်မူ၏။"

**ဗျာဒိတ်ကျမ်း ၁၄း၄** " ထိုသူတို့သည်ကညာဖြစ်၍ မေထုန်အမှုနှင့်မညစ်ညူးသောသူဖြစ်ကြ၏။ သိုးသငယ်သွားလေရာရာအရပ်သို့ နောက်တော်၌လိုက်သောသူဖြစ်ကြ၏။ လူတို့အထဲကရွေးနှုတ်၍ ဘုရားသခင်နှင့်သိုးသငယ်အဘို့အဦးသီးသောအသီးဖြစ်ကြ၏။"

(ဤကျမ်းချက်တွင်ဖော်ပြထားသည်မှာ သူတို့၏တဖက်စွန်းရောက်သစ္စာရှိမှုနှင့် စွန့်လွှတ်ပေးလှူခြင်းမှာ ၁၄၄၀၀၀ သခင်ခရစ်တော်နှင့်အတူစုံးစံရမည့်သူများကို ပြောဆိုထားခြင်းဖြစ်ကြောင်း သိရှိပြီးသားဖြစ်ပါသည်။)

သူတို့သည် သခင်ခရစ်တော်နောက်လိုက်ဖို့နှင့် ဦးဆောင်လမ်းပြစေလိုမှုကို လိုလားသောပုံပမာကောင်းများဖြစ်ကြပါသည်။

## အသင်းတော်သာသနာပြုသူများအနေနှင့် ထာဝရဘုရားထံမှ ပညာများရယူအတတ်ဖို့လိုအပ်ခြင်း။

**သုတ္တံကျမ်း ၁း၇ "ထာဝရဘုရားကိုကြောက်ရွံ့**သော သဘောသည်ပညာ၏အချုပ်အခြာဖြစ်၏။လူမိုက်တို့သည်ပညာနှင့်ဥပဒေသတို့ကိုမထီမဲ့မြင်ပြုတတ်ကြ၏။"

**သုတ္တံကျမ်း ၉း၁၀ "ထာဝရဘုရားကိုကြောက်ရွံ့**သော သဘောသည်ပညာ၏မူလအမြစ်ဖြစ်၏။ သန့်ရှင်းတော်မူသော ဘုရားကိုသိကျွမ်းသောသဘောသည် ဥာဏ်ဖြစ်၏။"

**ဆာလံကျမ်း ၁၁၁း၁၀ "**ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည်ပညာ၏အချုပ်အခြာဖြစ်၏။ ပညတ်တော်တို့ကို စောင့်ရှောက်သမျှသောသူတို့သည် ကောင်းသောဥာဏ်ရှိကြ၏။ ဂုဏ်အသရေတော်သည်အစဉ်အမြဲတည်သတည်း။"

**ယောဘ ၂၈း၂၈** " လူတို့အားလည်း ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည် ပညာဖြစ်ကြောင်းနှင့်၊ ဒုစရိုက်ကိုရှောင်ခြင်းသည်ဥာဏ်ဖြစ်ကြောင်းကိုမိန့်တော်

မူပြီဟုမြွက်ဆို၏။"

**၁ ကောရိန္သု ၂း၁–၅** "ညီအစ်ကိုတို့၊ ငါသည်သင်တို့ရှိရာသို့ရောက်လာသော အခါ၊ ဘုရားသခင်၏သက်သေချက်ကိုထူးမြတ်သော စကားနှင့် ထူးမြတ်သော ပညာအားဖြင့် သင်တို့အားပြသ၍ရောက်လာသည်မဟုတ်။ အကြောင်းမူကား ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှ တပါး၊ အဘယ်အရာကိုမျှ သင်တို့တွင်မသိမမှတ်ဟုငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။သင်တို့နှင့်အတူ ငါရှိနေသောအခါ၊ အားနည်းခြင်း၊ အလွန်ကြောက်ရွံ့ တုန်လှုပ်ခြင်းနှင့်တကွငါရှိနေ၏။ သင်တို့၏ယုံကြည်ခြင်းသည်လူပညာအားဖြင့်မတည်၊ သခင်ဘုရား၏တန်ခိုးတော်အားဖြင့်တည်စေခြင်းငှါ၊ငါ့စကား၊ငါ့ဒေသနာသည်လူပညာနှင့်ယှဉ်သောဖြားယောင်းသောစကားနှင့်တကွရှိသည်မဟုတ်။ ဝိညာဉ်တော်၏ နိမိတ် လက္ခဏာ တန်ခိုးတော်နှင့်တကွရှိ၏။"

အချို့သောအတတ်ပညာဆိုင်ရာသင်ကြားပို့ချမှုသည် တန်ဖိုးကြီးမားသည့် အရာဖြစ်သော်လည်း ၎င်းမှာ– တမာန်တော်ရှင်ပေါလု၏ စကားလုံးများလို မရှိမဖြစ် လိုလားအပ်သောအရာနှင့်ပင် နီးစပ်နိုင်မည်မဟုတ်ပါ။ တမာန်တော်ရှင်ပေါလုသည်အတတ်ပညာဆိုင်ရာသင်ကြားပို့ချသူဖြစ်သော်လည်း ဘုရား၏ အစေခံသူများအဖို့ အကြီးမြတ်ဆုံးနည်းလမ်းဖြစ်သည့် "ဟောပြောခြင်းနှင့်ပြည့်စုံသည့်နေထိုင်မှုနည်းလမ်း နမူနာစံပြ"နှင့်"သခင်ခရစ်တော်လက်ဝါးကပ်တိုင်တင်၍အသတ်ခံခဲ့ရခြင်း" တို့ဖြစ်သည်။

**သုတ္တံကျမ်း ၁း၅** "ပညာရှိသောသူသည် နားထောင်သဖြင့်၊ ပညာအတတ်တိုးပွားရလိမ့်မည်။"
('ငါပို၍လေ့လာသင့်သည်'ဟု သာသနာပြုသူများသဘောထားရှိရမည်ဖြစ်သည်။)

**အသင်းတော်သာသနာပြုသူများအနေနှင့် မိမိကိုယ်ကို ထာဝရဘုရားဆက်ကပ်အပ်နှံထားပြီးဘုရားသခင်၏အလိုတော်အတိုင်းလိုက်လျှောက်အသက်ရှင်ရမည်။**

**တောလည်ရာကျမ်း ၁၈း ၂၀** "တဖန် ထာဝရဘုရားသည် အာရုန်အား မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့နေရာပြည်၌ သင့်အမွေခံရာ မြေ၊ သူတို့နှင့်ရော၍ပိုင်သောအဘို့မရှိရ။ ငါသည်ကား သူတို့တွင်သင်ပိုင်သော အဘို့သင့်အမွေဥစ္စာဖြစ်၏။"

(သာသနာပြုသူများသည်ယဇ်ပုရောဟိတ်များ မဟုတ်သော်လည်းဘုရားသခင် ၏လူများအစားဘဏ္ဍာရေးလုံခြုံမှုဦးဆောင်ပြီးသေချာလုပ်ပေးရမည်။သာသနာ သူများနှင့် သူတို့၏ ဇနီးမယားများသည် ထိုဘဏ္ဍာရေး(ငွေများကို) အမြတ်အ စွန်းရဖို့အတိုးအမြတ်၊ စီးပွားရေးအတွက်လုပ်ကိုင်ခြင်းမပြုရ။ သို့သော်လည်းအ ဘယ်သူမဆို ကတိသစ္စာရှိရှိနှင့် ဘုရားအမှုတော်အတွက်အသုံးပြုမည်ဆိုပါက အသုံးပြုနိုင်ပါသည်။)

**ယောရှု ၁၃း၁၄** "လေဝိအမျိုးအား အမွေကိုမပေး။ ဣသရေလအမျိုး၏ဘုရား သခင် ထာဝရဘုရားအားမီးဖြင့်ပူဇော်သော ယဇ်တို့သည် အမိန့်တော်ရှိသည် အတိုင်းသူတို့အမွေဖြစ်သတည်း။"

**ဓမ္မရာဇဝင် ပဌမစောင် ၂း၃၅** "တဖန်ငါ့စိတ်အလိုသို့လိုက်၍ သစ္စာစောင့်သော ယဇ်ပုရောဟိတ်ကို ငါပေါ်ထွန်းစေမည်။ မြဲသောအိမ်ကိုသူ့အဘို့ ငါဆောက်ပေး သဖြင့်၊ သူသည်ငါ့ထံ၌ဘိသိက်ခံသောသူရှေ့မှာ အစဉ်သွားလာရလိမ့်မည်။"

**ဆာလံကျမ်း ၁၄၅း၁–၂** "အကျွန်ုပ်၏ရှင်ဘုရင်၊ အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ် တော်ကိုချီးမြှောက်ပါမည်။ ကမ္ဘာအဆက်ဆက်နာမတော်ကိုကောင်းကြီးပေးပါ မည်။ ကိုယ်တော်ကိုနေ့တိုင်းအစဉ်ကောင်းကြီးပေးပါမည်။ နာမတော်ကိုကမ္ဘာ အဆက်ဆက်ချီးမွမ်းပါမည်။"

**ဆာလံကျမ်း ၁၄၆း၂** "ငါသည် အသက်ရှင်စဉ်အခါ၊ ထာဝရဘုရားကိုချီးမွမ်း မည်။ ငါဖြစ်စဉ်ကာလပတ်လုံး၊ ငါ၏ဘုရားသခင်ကိုထောမနာသီချင်းဆိုမည်။"

**ဆာလံကျမ်း ၄၀း၈** "အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ ၌ အကျွန်ုပ်သည်အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အ

ကျွန်ုပ်နှလုံးထဲမှာရှိပါ၏။”

**လုကာ ၂၂း၄၂** “အိုအဘ၊ အလိုတော်ရှိလျှင်ဤခွက်ကိုအကျွန်ုပ်မှလွှဲတော်မူပါ။ သို့သော်လည်းအကျွန်ုပ်အလိုတော်ရှိသည်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသောဟုဆုတောင်းတော်မူ၏။”
(ဘုရားသခင်၏အလိုတော်အားဖြင့်ကျန်ရှိသောသာသနာပြုသူတို့၏စိတ်နှလုံးအပေါ်တွင် ကိုယ်ပိုင်ပြင်းပြသောဆန္ဒများ (သို့) လိုလိုလားလားလုပ်ဆောင်သင့်သည်ကို နားလည်သဘောပေါက်ရမည်ဖြစ်ပါသည်။)

**ဗျာဒိတ်ကျမ်း ၁၄း၄** “ထိုသူတို့သည်ကညာဖြစ်၍မေထုန်အမှုနှင့်မညစ်ညူးသောသူဖြစ်ကြ၏။ သိုးသငယ်သွားလေရာရာအရပ်သို့ နောက်တော်၌လိုက်သောသူဖြစ်ကြ၏။ လူတို့အထဲကရွေးနုတ်၍ ဘုရားသခင်နှင့်သိုးသငယ်အဘို့အဦးသီးသောအသီးဖြစ်ကြ၏။ အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍သူတို့နှုတ်၌မုသာ မရှိ။”
(ယုံကြည်သူများနှင့်သာသနာပြုသူများသည်လည်း သခင်ခရစ်တော်၏နောက်တော်သို့ နေ့ရက်အစဉ်အမြဲအသက်ရှင်နေထိုင်ရမည်ဖြစ်ပါသည်။)

**တမန်တော် ၂၀း၂၂–၂၅** “ယခုမှာငါသည်ဝိညာဉ်တော်အားဖြင့်ချည်နှောင်ခြင်းကိုခံ၍၊ယေရုရှလင်မြို့သို့သွားရ၏။ ထိုမြို့၌အဘယ်သူရောက်မည်ကိုမသိ။ သို့သော်လည်းချည်နှောင်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်းအမှုတို့သည် ငါ့ကိုဆိုင်းလင့်သည်ဟု သန့်ရှင်းသောဝိညာဉ်တော်သည်ခပ်သိမ်းသောမြို့တို့၌ငါ့အားသက်သေခံတော်မူ၏။သို့ရာတွင်ဘုရားသခင်၏ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားကိုသက်သေခံစေခြင်းငှါ၊ သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာအမှုတည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာပြီးစီးစေမည်အကြောင်း၊ ထိုညှင်းဆဲခြင်းအမှုတစုံတခုကိုမျှ ငါသည်ပမာဏ မပြု၊ ကိုယ်အသက်ကိုလည်းနှမြောခြင်းမရှိ။ ယခုမူကား၊ငါလှည့်လည်၍ဘုရားသခင်၏နိုင်ငံတော်အကြောင်းကိုဟောပြောရာ၊ သင်တို့ရှိသမျှသည်နောက်တဖန်ငါ့မျက်နှာကို မမြင်ရကြဟုငါသိ၏။”
(ဝမ်းနည်းကြေကွဲမှုနှင့်အကြီးအကျယ်ဒုက္ခရောက်မည့်အချိန်စောင့်နေသည်ကိုရှင်ပေါလုသိနေခဲ့သော်လည်းထိုအရာကြောင့်တားဆီးခြင်းမရှိဘဲ ဘုရားသခင်

အတွက်သာ ဆက်လက်နှစ်မြုပ်ထားခဲ့သည်။)

**တမန်တော် ၂၁း၁၃–၁၄**"ပေါလုကလည်း၊ အဘယ်ကြောင့်ငိုကြွေးလျက် ငါ့စိတ်နှလုံးကိုကြေကွဲစေလျက်ပြုကြသနည်း။ သခင်ယေရှု၏နာမတော်ကြောင့်ယေရုရှလင်မြို့၌ ချည်နှောင်ခြင်းမက၊ အသေသတ်ခြင်းကိုပင်ခံခြင်းငှါ ငါအသင့်ရှိသည်ဟုဆို၏။ ထိုသို့သွေးဆောင်ခြင်းသို့ မလိုက်သောအခါငါတို့သည်မသွေးဆောင်ဘဲနေ၍၊ သခင်ဘုရားအလိုတော်ရှိသည်အတိုင်းဖြစ်ပါစေဟုဆိုကြ၏။"

**ကောရိန္တုသြဒစာ ဒုတိယစောင် ၁၂း၁၅** "ငါသည်သင်တို့ကို ချစ်ခြင်းမေတ္တာစိတ်တိုးပွားသည်အတိုင်းသင်တို့သည်ငါ့ကိုချစ်ခြင်းမေတ္တာစိတ်ဆုတ်ယုတ်သော်လည်း၊ သင်တို့စိတ်ဝိညာဉ်၏ကျိုးလိုငှါငါသည်ကိုယ်ဥစ္စာကိုဂုဏ်း၊ ကိုယ်ကိုဂုဏ်း၊ ကုန်စေခြင်းငှါအလွန်စေတနာရှိ၏။"

**ကောရိန္တုသြဒစာ ဒုတိယစောင် ၁၂း၁၈** "ယခုမူကား၊ ဘုရားသခင်သည်အလိုတော်ရှိသည်အတိုင်း အင်္ဂါများသီးသီးတို့ကို ကိုယ်၌စီရင် ခန့်ထားတော်မူ၏။" (သာသနာပြုသူများသည် ဘုရားသခင်စေခိုင်းရာသို့အဘယ်နေရာမဆိုသွားရပြီးဘုရားသခင်လုပ်ဆောင်စေချင်သမျှကိုလုပ်ဆောင်ရမည်ဖြစ်ပါသည်။)

**ကမ္ဘာဦးကျမ်း ၁၂း၁–၄**"ထာဝရဘုရားသည်လည်း အာဗြံကိုခေါ်တော်မူ၍၊သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဘော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတံ့သောပြည်သို့သွားလော့။ ငါသည်သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။ သင်သည်ကောင်းကြီးခံရသောသူဖြစ်လိမ့်မည်။သင့်ကိုကောင်းကြီးပေးသောသူကိုငါကောင်းကြီးပေးမည်။သင့်ကိုကျိန်ဆဲသောသူကိုငါကျိန်ဆဲမည်။သင့်အားဖြင့်လည်းလူမျိုးအပေါင်းတို့သည်ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟုမိန့်တော်မူ၏။ ထိုသို့ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊ အာဗြံထွက်သွား၍လောတလည်းလိုက်လေ၏။အာဗြံသည်ခါရန်မြို့မှထွက်သွားသောအခါ၊ အသက်ခုနှစ်ဆယ်ငါးနှစ်ရှိ၏။"

**ရှင်မာကု** ၁၂း၃၀ "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်း

မဲ့၊ ဥာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။ ဤပညတ်သည် ပဌမ ပညတ် ဖြစ်၏။”
(သာသနာပြုသူများရှေ့ဦးစွာစံပြဖြင့်သင်ကြားပေးရမည်ဖြစ်ပါသည်။ ဘုရားသခင်ကိုသူတို့အတတ်နိုင်ဆုံးချစ်ရမည်မှာလည်းသူတို့၏ကြီးမားသည့်စံပြနမူနာဖြစ်ရမည်။)

**လုကာ ၉း၂၃–၂၆** “ ထိုမှတပါး၊ လူအပေါင်းတို့အား မိန့်တော်မူသည်ကား၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင်ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ငါ့နောက်သို့လိုက်ရမည်။အကြင်သူသည်မိမိအသက်ကိုကယ်ဆယ်ခြင်းငှါအလိုရှိ၏၊ ထိုသူသည်အသက်ရှုံးလိမ့်မည်။ အကြင်သူသည်ငါ့ကြောင့်အသက်ရှုံး၏။ထိုသူသည်မိမိအသက်ကိုကယ်ဆယ်လိမ့်မည်။ဤစကြာဝဠာကိုအကြွင်းမဲ့အစိုးရ၍ကိုယ်ကိုကိုယ်ဆုံးရှုံးသော သူသည်အဘယ်ကျေးဇူးရှိသနည်း။ အကြင်သူသည် ငါ့ကိုငှင်း၊ ငါ့စကားကိုငှင်း ရှက်၏။ လူသားသည်မိမိဘုန်း၊ မိမိအဘ၏ခမည်းတော်ဘုန်း၊ သန့်ရှင်းသောကောင်းကင်တမန်တို့၏ဘုန်းကိုဆောင်လျက်ကြွလာသောအခါ၊ ထိုသူကိုရှက်တော်မူလတံ့။”

**လုကာ ၉း၆၂** “ယေရှုက ထွန်ကိုင်းကိုကိုင်လျက် နောက်သို့လှည့်၍ကြည့်သောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်နှင့်မထိုက်တန်ဟုမိန့်တော်မူ၏။”
( ထာဝရဘုရား တစ်ခါသာသနာပြုဖို့နေရာပေးထားလျှင် နောက်သို့ပြန်လှည့်သွားခြင်းမပြုရ။)

**တမန်တော် ၁၃း၂၂** “နောက်မှထိုသူကိုပယ်၍၊ ဣသရေလရှင်ဘုရင်အရာ၌ ဒါဝိဒ်ကိုချီးမြှောက်တော်မူ၏။ ထိုသူအားသက်သေခံတော်မူလျက်၊ စိတ်နှလုံး၌ညီညွတ်သည်ဖြစ်၍ငါ့လိုကိုပြည့်စုံစေမည့်သူ၊ ယေရှဲ၏သား ဒါဝိဒ်ကိုငါတွေ့ရပြီဟုမိန့်တော်မူ၏။”

**ယောဟန် ၅း၃၀** “ငါသည်ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်။ ငါသည်ကြားသည်အတိုင်းတရားစီရင်၏၊ ငါစီရင်ခြင်းသည်လည်းတရားတော်နှင့်ညီညွတ်၏။ အကြောင်းမူကား၊ ငါသည်ကိုယ်အလိုသို့မလိုက်၊ငါ့ကိုစေလွှတ်

တော်မူသော ခမည်းတော်၏အလိုသို့လိုက်၏။”

## သာသနာပြုသူများသည်ယုံကြည်သူညီကိုယ်မောင်နှမများကို ဆုတောင်းပေးရမည်မှာ အခြေခံလုပ်ငန်း တာဝန်တခုဖြစ်ခြင်း။

**ဓမ္မရာဇဝင် ပဌမစောင် ၇း၅** “ရှမွေလကလည်း ဣသရေလအမျိုးသားအပေါင်းတို့ကို မိဇပါမြို့၌ စုဝေးစေကြလော့။ သင်တို့အဘို့ ထာဝရဘုရားကို ငါဆုတောင်းမည်ဟုမှာခဲ့သည်အတိုင်း၊”

**ဓမ္မရာဇဝင် ပဌမစောင် ၇း၈** “ရှမွေလအား၊ အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရားသည် အကျွန်ုပ်တို့ကို ဖိလိတ္တိလူတို့လက်မှ ကယ်တင်တော်မူမည်အကြောင်းအကျွန်ုပ်တို့အဘို့အစဉ်မပြတ် ဆုတောင်းပါလော့ဟုဆိုကြ၏။”

**ဓမ္မရာဇဝင် ပဌမစောင် ၁၂း၂၃**“ငါမူကား သင်တို့အဘို့ ဆုမတောင်းဘဲနေသဖြင့်၊ ထာဝရဘုရားကိုပစ်မှားခြင်းအမှုသည်ငါနှင့်ဝေးပါစေသော။ ကောင်းမွန်ဖြောင့်မတ်သောလမ်းကိုလည်း သင်တို့အားငါပြသဦးမည်။”

**ဓမ္မရာဇဝင် ပဌမစောင် ၁၅း၁၁** “ငါသည် ရှောလုကိုရှင်ဘုရင်အရာ၌ခန့်ထားသည်အမှုကြောင့်နောင်တရ၏။ သူသည်ငါ၏ပညတ်တို့ကိုမကျင့်၊ငါ့နောက်သို့မလိုက်၊ လမ်းလွှဲပြီဟုမိန့်တော်မူ၏။ ရှမွေလသည်ဝမ်းနည်း၍ တညဉ့်လုံးထာဝရဘုရားအားဟစ်ကြော်ပြီးလျှင်၊”

**တမန်တော် ၆း၄** “ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပတ်တရားကို ဟောပြောခြင်းအမှုတို့ကို အမြဲပြု၍နေမည်ဟုဆိုကြ၏။”

**ဧဖက် ၁း၁၅–၁၉** “ထို့ကြောင့်သင်တို့သည် သခင်ယေရှုကိုယုံကြည်ခြင်းနှင့်သန့်ရှင်းသူအပေါင်းတို့ကိုချစ်ခြင်းအကြောင်းကို ငါသည်ကြားပြီးလျှင်၊ သင်

တို့ကိုအကြောင်းပြု၍ ကျေးဇူးတော်ကိုအစဉ်မပြတ်ချီးမွမ်းလျက်၊ သင်တို့အဘို့ အလိုငှါဆုတောင်းပဌနာပြုလျက်နေ၏။ ဆုတောင်းသောအချက်ဟူမူကား၊ငါတို့ သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသောအဘ ခမည်း တော်သည်ကိုယ်တော်မြတ်ကိုသိခြင်းအလိုငှါပညာကိုရင်း၊ထိုးထွင်းသောဉာဏ် ကိုရင်း၊ သင်တို့အားပေးပါမည်အကြောင်း၊ ခေါ်တော်မူသောကြောင့် မြော်လင့် ရသောအရာကား အဘယ်အရာဖြစ်သည်ကိုရင်း၊ သန့်ရှင်းသူတို့သည် ခံရ သောအမွေတော်၏ ဘုန်းစည်းစိမ်ကားအဘယ်မျှလောက်ကြီးသည်ကိုရင်း၊ – ယုံကြည်သောငါတို့၌ပြတော်မူသောအလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုရင်း၊ သင်တို့သည်သိစေခြင်းငှါ၊ သင်တို့၏ဉာဏ် မျက်စိကိုလင်းစေပါမည်အကြောင်းဆုတောင်း ပဌနာပြု၏။”

**ဖေက် ၃း၁၄, ၁၆–၁၉** “ဆုတောင်းသောအချက်ဟူမူကား၊ ဝိညာဉ်တော် အားဖြင့်သင်တို့၏အတွင်းလူကိုခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍၊ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည်သင်တို့၏စိတ်နှလုံးအထဲ၌ကျိန်းဝပ်တော်မူမည်အကြောင်း၊ဘုန်း ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာသင်တို့အား ပေးသနားတော်မူ၍၊ မေတ္တာ၌ စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်သဖြင့်၊ သင်တို့သည်သန့်ရှင်းသူအပေါင်း တို့၏နည်းတူ၊ အနံ့အလျားအနက်အမြင့်တို့ကိုပိုင်းခြား၍ သိခြင်းငှါရင်း၊ ကိုယ် ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှါရင်း၊ သင်တို့သည်တတ်စွမ်းနိုင်သဖြင့်ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အ ညီပြည့်စုံကြပါမည်အကြောင်း၊ ငါသည်ဆုတောင်းလျက်ရှိ၏။”
(ဤအကြောင်းအရာတွင်အဓိက နှစ်ချက်ဖြင့် ကျွန်ုပ်ထင်မြင်ချက်ပေးချင်ပါ သည်။ ပထမမှာ ရှင်ပေါလုသည် သူ၏ယုံကြည်သူ ညီကိုယ်မောင်နှမတွေအ တွက် ဒူးထောက်ဆုတောင်းပေးခဲ့ပြီး ဒုတိယ အချက်မှာ သူတို့အားလုံး အ တွက်ဝိညာဉ်ရေးရှင်သန်ကောင်းမွန်ဖို့အတွက်ဖြစ်သည်။ အဘယ်ကြောင့်ဆို သော်အသင်းတော်တခုလုံးကောင်းကြီးမင်္ဂလာရရှိဖို့နှင့် ဝိညာဉ်ရေးရှင်သန် ကြီးထွားဖို့အတွက်ဖြစ်ကြောင်း သူသိနေသောကြောင့်ဖြစ်သည်။)

**ကောလောသဲ ၁း၉–၁၁** “ထို့ကြောင့်၊ ငါတို့သည်ကြားရသည်နေ့မှစ၍၊ သင်တို့အဘို့အလိုငှါအစဉ်မပြတ်ဆုတောင်းပဌနာပြုလျက်နေကြ၏။ဆုတောင်း သောအချက်ဟူမူကား၊ သင်တို့သည်ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူ

သော အသီးကိုသီးခြင်း၊ ဘုရားသခင်းကိုသိသော ဉာဏ်တိုးပွားခြင်းရှိသဖြင့် ၎င်း၊ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌သည်းခံခြင်း၊စိတ်ရှည်ခြင်းအလို့ငှါ၊ဘုန်းကြီးသောတန်ခိုးတော်အတိုင်းခွန်အားနှင့်ပြည့်စုံသဖြင့်၎င်း၊ ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကိုချီးမွမ်းလျက်၊ သခင်ဘုရားနှင့်ထိုက်လျောက်စွာ ကျင့်၍အရာရာ၌ နှစ်သက်တော် မူစေခြင်းငှါ၊ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင်နားလည်ပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။”

## သမ္မာကျမ်းစာကိုအဓိကလက်စွဲထားပြီး သင်ယူလေ့လာရမည်။

**မဿဲ ၄း၄** “ယေရှုကလည်း၊ လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏။”

**၂ တိမောသေ ၃း၁၄–၁၇** “သင်သည် အဘယ်သူထံ၌နည်းခံခဲ့ပြီးသည်ကို၎င်း၊ ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းအလို့ငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍လေ့ကျက်သည်ကို၎င်းသိမှတ်သည်နှင့်၊အထက်ကသင်၍နှလုံးသွင်းမိသောအယူဝါဒ၌တည်နေလော့။ ထိုကျမ်းစာ ရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။”

**၂ တိမောသေ ၂း၁၅** “သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်း မရှိဘဲ၊ သမ္မာတရားကိုမှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင့်ရှေ့၌ကိုယ်ကို ကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့။”

(ထိုကျမ်းချက်အချို့သောနေရာများတွင်မည်သူမှန်းမသိမှားယွင်းကိုးကားစွာပြန်လည်ရေးသားထားခြင်းရှိပါသည်။ အမှန်မှာသာသနာပြုသူများဆုတောင်းရန်

ထာဝရဘုရား၏စကားလုံးကိုအဆက်အစပ်ဖြင့်အသုံးပြုရမည်ဖြစ်သည်။"သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်လော့။)

**တမန်တော် ၆း၄** "ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကိုဟောပြောခြင်းအမှုတို့ကို အမြဲပြု၍နေမည်ဟုဆိုကြ၏။"

**၂ တိမောသေ ၄း၂** "အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍တိုက်တွန်းသွေးဆောင်လော့။"

**သုတ္တံကျမ်း ၂း၁–၁၁** "ငါ့သား၊ သင်သည်ပညာစကားကိုနားထောင်၍၊ စေတနာစိတ်နှင့်ဉာဏ်ကိုရှာဖွေသည်တိုင်အောင်၊ ငါ့စကားကိုနားခံ၍၊ ငါ့ပညတ်တို့ကိုကိုယ်အထဲ၌သွင်းမိလျှင်၎င်း၊သိပွဲအတတ်ကိုခေါ်၍၊ ဉာဏ်နောက်သို့အသံကိုလွှတ်လျှင်၎င်း၊ ငွေကိုရှာတတ်သကဲ့သို့ ပညာကိုရှာ၍၊ဖုက်ထားသောဘဏ္ဍာကိုစူးစမ်းတတ်သကဲ့သို့၊ ဉာဏ်ကိုစူးစမ်းလျှင်၎င်း၊ ထာဝရဘုရားကြောက်သောသဘော၌ ကျင်လည်၍၊ ဘုရားသခင်ကိုသိသောဉာဏ်နှင့်ပြည့်စုံလိမ့်မည်။ အကြောင်းမူကား ထာဝရဘုရားသည် ပညာကိုပေးတော်မူတတ်၏။ နားလည်နိုင်သောဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏။ ဖြောင့်မတ်သောသူတို့အဘို့ပညာရာတနာကိုသိုထားတော်မူ၏။ တရားသဖြင့်ကျင့်သောသူတို့ကိုကွယ်ကာတော်မူ၏။ မိမိသန့်ရှင်းသူတို့သည် တရားလမ်းကိုစောင့်ရှောက်မည်အကြောင်း၊ သူတို့၏လမ်းခရီးကိုလုံခြုံစေတော်မူ၏။ ကျေးဇူးတော်ကြောင့်သင်သည် ဖြောင့်မတ်စွာကျင့်ခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ လျစ်လျူစွာဆုံးဖြတ်ခြင်းမှစ၍၊ ကောင်းသောလမ်းရှိမျှတို့ကို သိနားလည်လိမ့်မည်။ ပညာသည်သင်၏နှလုံးထဲသို့ဝင်၍၊ သင်သည်သိကြားခြင်း၌ မွေ့လျော်သောအခါ၊ သမ္မာသတိသည်သင့်ကိုထိန်းသိမ်း၍၊ဉာဏ်သည်လည်းစောင့်ရှောက်သဖြင့်၊ဆိုးသောလမ်းမှကယ်တင်လိမ့်မည်။"

(မျှော်လင့်ချက်ကြီးစွာဖြင့် သာသနာပြုသူများသည်ထာဝရဘုရားသခင်၏နှုတ်တော်ထွက်စကားလုံးများအတွက် ဆာလောင်မွတ်သိပ်ခြင်းကိုဘယ်တော့မှအချိန်ဖြုန်း၊ ဆုံးရှုံးခြင်းမရှိရ။ မျှော်လင့်ချက်ကြီးစွာဖြင့် ရွှေငွေ၊ တန်ဖိုးထားရသော ရတနာများထက် ထာဝရဘုရားသခင်၏နှုတ်တော်ထွက်များကိုသာလုံ့

လစ်ဝိရိယရှိစွာဖြင့် ဆက်လက်ရှာဖွေရမည်ဖြစ်ပါသည်။ ယုံကြည်သူညီကိုမောင်နှမများသည်လည်း သူတို့၏သာသနာပြုဆရာများဟောပြောသည့်ကျမ်းတွေအားလုံးနီးပါးနှင့်အညီ ပြီးပြည့်စုံစေဖို့ကူညီရမည်ဖြစ်ပါသည်။)

**တရားဟောရာကျမ်း ၁၇း၁၈–၂၀** "ထိုရှင်ဘုရင်သည် သားစဉ်မြေးဆက်နှင့်တကွ၊ ဣသရေလ အမျိုး၌အသက်တာရှည်စွာ စိုးစံခြင်းအလိုငှါ၊ သူ၏ ဘုရားသခင်ကိုကြောက်ရွံ့၍ ဤပညတ်တရားစကားတော်အလုံးစုံတို့ကိုကျင့်စောင့်အောင်သွန်သင်မည်အကြောင်း၊ သူ၏ညီအကိုတို့ကိုမထီမဲ့မြင်ပြု၍မာနထောင်လွှားသဖြင့်၊ တရားလမ်းမှ လကျ်ာဘက်၊ လက်ဝဲဘက်သို့ မလွှဲမည်အကြောင်း၊ နန်းတော်ပေါ်မှာထိုင်သောအခါ လေဝိသား ယဇ်ပုရောဟိတ်၌ရှိသော ဤဓမ္မပညတ်တရားစာကိုရေးကူး၍ လက်ခံစာကိုတသက်လုံးစောင့်ရှောက် ကြည့်ရှုဘတ်ရွတ်ရမည်။"
(သာသနာပြုသူများသည်ရှင်ဘုရင်မဟုတ်ပါ။ ဟိတ်ဟန်သောလူကြီး တော်ဝင်မိသားစုသဖွယ် ရထိုက်သည်ဟု ပြုမူခြင်းမပြုရ။ မည်မျှပင်ဖြစ်စေကာမူ ဘုရင်ကို ဖြစ်စေ ရေးသားပြောဆိုထားသည့်ကျမ်းချက်များလည်းရှိပါသည်။ အချို့သောသာသနာပြုသူများသည်ရေးသား၊ ပေးပို့ခြင်း (သို့) ထာဝရဘုရားသခင်၏စကားလုံးများကိုနက်နက်ရှိုင်းရှိုင်းရေးထုတ်ခြင်းပြုလုပ်ရမည်ဖြစ်ပါသည်။ အလွန်လေးနက်သော အကျိုးရလဒ်ကိုပြောဆိုသည့်စကားလုံးမဟုတ်ဘဲ သာသနာပြုသူများတို့၏အသက်တာတွင်အတွေးအခေါ်များကိုစိတ်ထဲသွင်းထားလာရမည်ဖြစ်ပါသည်။)

## သာသနာပြုသူများသည် ထာဝရဘုရားသခင်၏စကားလုံးများကိုအမြဲနားထောင်ရမည်။ ပညတ်တရားများပယ်ဖျက်လိုက်ခြင်း (သို့) ပညတ်တရားများအပေါ်မှာသူတို့ရှိနေကြောင်းလုံးဝမတွေးရခြင်း။

**ယောရှု ၁း၇–၉** "သို့ဖြစ်၍ငါ၏ကျွန်မောရှေ မှာထားသော တရားအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းငှါအားယူ၍အလွန်ရဲရင့်ခြင်းရှိလော့။ ကြံစည်လေသမျှတို့၌အောင်မည်အကြောင်းထိုတရားလမ်းသို့လိုက်လော့။ လကျ်ာဘက်၊

လက်ဝဲဘက်သို့မလွှဲနှင့်။ ထိုပညတ္တိကျမ်းစာ၌ရေးထားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကိုမဘတ်မရွတ်ဘဲမနေ၊ နေ့ညဥ့်မပြတ်ကြည့်ရှုဘတ်ရွတ်ရမည်။ သို့ပြုလျှင်သင်သည်အကြံထမြောက်၍အောင်မြင်လိမ့်မည်။ သင့်ကိုငါမှာထားသည်မဟုတ်လော။ အားယူ၍ရဲရင့်ခြင်းရှိလော့။မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင်ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏။”

**ယောရှေ ၄း၆** “ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏။ သင်သည်ပညာကိုပယ်သောကြောင့်၊ ငါ့ယဇ်ပရောဟိတ် အဖြစ်သို့ မရောက်စေခြင်းငှါသင့်ကိုငါပယ်မည်။ သင်၏ဘုရားသခင့်တရားကို သင်မေ့လျော့သောကြောင့်၊ သင်၏ သားသမီးတို့ကို ငါမေ့လျော့မည်။”
(များသောသာသနာပြုတို့သည် ထာဝရဘုရား၏နှုတ်ထွက်သောပညာများကို မှားယွင်းစွာသူတို့နှလုံးသွင်းပြီးသူတို့၏ညီကိုမောင်နှမယုံကြည်သူတွေစိတ်ထဲသို့နှလုံးသွင်းမိစေသည်။)

**မဿဲ ၁၉း၁၇** “ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသာကောင်းမြတ်တော်မူ၏။ အသက်ရှင်ခြင်းသို့ဝင်စားလိုလျှင် ပညတ်တော်တို့ကိုစောင့်ရှောက်လော့ဟုမိန့်တော်မူ၏။”

## သာသနာပြုသူသည်သိုးများကိုကျွေးမွေးပြုစုရခြင်း။

**၁ ပေတရု ၅း၂** “သင်တို့နှင့်အတူရှိသော ထာဝရဘုရား၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့်မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ရှိ၍ကြည့်ရှုအုပ်ထိန်းကြလော့။”

## သာသနာပြုသူ၏ကွပ်ကဲရမည့်တာဝန်မှာကိုယ်ကျိုးအတွက်မဟုတ်ဘဲ သူ၏လူများအတွက်အသုံးတော်ခံအဖြစ်လုပ်ဆောင်ပေးခြင်း။

**ရှင်မဿဲ ၂၀း၂၅–၂၈** "ယေရှုသည်ထိုသူတို့ကိုခေါ်တော်မူ၍၊ သင်တို့သည်သိသည့်အတိုင်းလောကီမင်းတို့သည် အစိုး တရ ပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့မူကားထိုသို့မပြုကြနှင့်။ လူသားသည် သူတပါးကိုစေစားခြင်းငှါမလာ၊ သူတပါးအစေကိုခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသည်ဖြစ်၍၊ ထိုနည်းတူသင်တို့တွင် အကဲအမှူးပြုလိုသောသူကိုသင်တို့အစေခံဖြစ်စေ။ သင်တို့တွင်အထဋ်အမြတ်လုပ်ခြင်သောသူကိုလည်းသင်တို့ကျွန်ဖြစ်စေဟုမိန့်တော်မူ၏။"

## သာသနာပြုသူအတွက် ဝိညာဉ်ရေးပိုင်းဆိုင်ရာ အရည်အချင်းပြည့်စေခြင်း။

**ထွက်မြောက်ရာ ၁၈း၂၁** "ထိုမှတပါး ဘုရားသခင်ကိုကြောက်ရွံ့လျက်၊ သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကိုရွံရှာလျက်၊ တတ်စွမ်းနိုင်သောသူတို့ကို လူအပေါင်းတို့အထဲက ရွေးကောက်၍၊ တထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်အရာ၌ခန့်ထားရမည်။"

**ဓမ္မရာဇဝင် ဒုတိယစောင် ၂၃း၃** "ဣသရေလအမျိုး၏ဘုရားသခင်၊ ဣသရေလအမျိုး၏ကျောက်သည် ငါ့အားဖြင့်မိန့်မြွက်တော်မူသည်ကား၊ လူတို့ကိုအုပ်စိုးသောသူသည် တရားသဖြင့်စီရင်၍ ဘုရားသခင်ကိုကြောက်ရွံ့၍အုပ်စိုးရမည်။"

**ဓမ္မရာဇဝင် ဒုတိယစောင် ၂၃း၄** "မိုဃ်းမအုံ့၊ နေထွက်သော နံနက်အလင်းကဲ့သို့၎င်း၊ မိုဃ်းရွာပြီးမှ နေပေါ်ထွန်းသဖြင့် မြေ၌ပေါက်သော မြက်နုကဲ့သို့၎င်းဖြစ်ရလိမ့်မည်။"
(ဤကဲ့သို့ပျော်ရွှင်ဖွယ်မှုကို သာသနာပြုသူများယူဆောင်လာရမည်။)

**သုတ္တံကျမ်း ၂၉း၂** "ဖြောင့်မတ်သောသူတို့သည် အခွင့်ရလာသောအခါ၊ ပြည်သူပြည်သားအပေါင်းတို့သည် ဝမ်းမြောက်တတ်ကြ၏။ မတရားသောသူတို့သည်အုပ်စိုးသောအခါမူကား၊ ပြည်သူပြည်သားတို့သည် ဝမ်းနည်းတတ်ကြ၏။"

**တရားဟောရာကျမ်း ၄း၆** "သို့ဖြစ်၍ ပညတ်တရားတို့ကိုကျင့်စောင့်ကြလော့။ သို့ပြုလျှင်၊ ထိုပညတ်တရားရှိသမျှတို့ကို ကြားရသောလူမျိုးများရှေ့မှာ၊ သင်တို့၏ဉာဏ်ပညာသည်ထင်ရှားလိမ့်မည်။ သူတို့ကလည်း၊ ဤကြီးမြတ်သောလူမျိုးသည် အကယ်စင်စစ် ဉာဏ်ပညာနှင့်ပြည့်စုံသောအမျိုးဖြစ်၏ဟုဆိုကြလိမ့်မည်။"

(သာသနာပြုသူများသည် ဉာဏ်ပညာရှိဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ပညတ်တရားများကိုဆက်လက်စောင့်ထိန်းနေလျှင်ဉာဏ်ပညာရှိသူများဖြစ်လာလိမ့်မည်။)

**ရာဇဝင်ချုပ် ဒုတိယစောင် ၁၉း၆–၇** "သင်တို့ပြုသော အမှုကိုသတိပြုကြလော့။ လူ၏အမှုကိုစောင့်၍တရားစီရင်သည်မဟုတ်။ သင်တို့စီရင်ရာတွင်၊ ရှိတော်မူသော ထာဝရဘုရား၏အမှုတော်ကိုစောင့်၍စီရင်ရကြ၏။ သို့ဖြစ်၍ ထာဝရဘုရားကိုကြောက်ရွံ့သောစိတ်ရှိ၍ သတိပြုကြလော့။ ငါတို့ဘုရားသခင်သည် မတရားသောအမှုကို လက်ခံခြင်း၊ လူမျက်နှာကိုထောက်ခြင်း၊ တံစိုးစားခြင်းရှိတော်မမူဟုမှာထားတော်မူ၏။"

(အချို့သောယုံကြည်သူအဖွဲ့ဝင်များသည် သူတို့၏အပြစ်တရားကိုဖုံးအုပ်ပေးဖို့လက်ဆောင်များပေးခြင်းပြုလုပ်ကြပါသည်။ ဤအရာမှာ သာသနာပြုသူကိုလက်ဆောင်ပေးခြင်းအားဖြင့်အကြီးအကျယ်ပျက်စီးစေသည်ကိုထင်ရှားနေပါသည်။ သာသာနာပြုသူနှင့် သူ၏ဇနီးမယားကို ပုံမှန်လက်ဆောင်(တန်းဖိုးမကြီးလှသည့်အရာ) ကိုပေးနိုင်သော်လည်း ကြီးမားသည့်ငွေပမာဏများကိုပေးခြင်းအားဖြင့်သူတို့၏ပေးကမ်းခြင်းအတွက်ကြွားဝါဖော်ပြလိုခြင်းများအတွက်လက်ခံခြင်းမပြုရ။)

**သုတ္တံကျမ်း ၁၄း၂၆–၂၇** "ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည် အားကြီးသော ကိုးစားရာအခွင့်ကိုဖြစ်စေတတ်၏။ သားတော်တို့သည်လည်း၊ ခိုလှုံရာအရပ်ကိုရကြလိမ့်မည်။ ထာဝရဘုရားကိုကြောက်ရွံ့သော သဘောသည်အသခံရာကျော့ကွင်းတို့မှ လွဲရှောင်ရာအသက်စမ်းရေတွင်းဖြစ်၏။"

(ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည်အမြင့်ဆုံးသောကြောက်ရွံ့ရှိသေခြင်းဖြစ်သည်။ သာသနာပြုသူများသည်အမြဲတမ်း ထာဝရဘုရားကိုကြောက်ရွံ့ခြင်းဖြင့်

ဆက်လက်ထိန်းသိမ်းထုတ်ဖော်ရမည်ဖြစ်ပါသည်။)

**၁တိမောသေ ၃း၁–၇** "သင်းအုပ်အရာကိုတောင့်တသောသူသည် ကောင်းသော အမှုအရာကိုတောင့်တသည်ဟူသော စကားသည် မှန်သောစကားဖြစ်၏။ ထို့ကြောင့်၊ သင့်အုပ်သည်အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ၊ မယားတယောက်တည်းရှိသောသူ၊သမ္မာသတိရှိသောသူ၊ကျန့်ခြေစောင့်သောသူ၊လျောက်ပတ်စွာစောင့်သောသူ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ ဆုံးမသြဝါဒကိုပေးတတ်သောသူဖြစ်ရမည်။ စပျစ်ရည်နှင့်ပျော်မွေ့ခြင်း၊ သူတပါးကိုရိုက်ပုတ်ခြင်း၊ မစင်ကြယ်သောစီးပွားကိုတပ်မက်ခြင်းမရှိ၊ စိတ်ဖြည်းညှင်းသောသူ၊ ရန်မတွေ့တတ်သောသူ၊ ငွေကိုမတပ်မက်သောသူဖြစ်ရမည်။ မိမိအိမ်ကိုကောင်းမွန်စွာအုပ်စိုး၍ သမ္မာ သတိရှိသည်နှင့်၊ မိမိသားသမီးကိုဆုံးမနိုင်သောသူဖြစ်ရမည်။ မိမိအိမ်ကိုမအုပ်စိုးတတ်လျှင်၊ ဘုရားသခင်၏အသင်းတော်ကိုအဘယ်သို့ပြုစုလိမ့်မည်နည်း။ မာနနှင့်ယစ်မူးလျက်၊ မာရ်နတ်၏အပြစ်ရောက်မည်ဟုစိုးရိမ်စရာရှိ၍၊ဘာသာဝင်လူသစ်မဖြစ်ရ။ ကဲ့ရဲ့ပြစ်တင်ခြင်း၊မာရ်နတ်ဘမ်းမိခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ ပြင်ပလူတို့တွင်အသရေရှိသောသူဖြစ်ရမည်။"
(သာသနာပြုသူတို့တွင် ကြောက်ရွံ့စရာကောင်းလောက်အောင် အာရုံစူးစိုက်လေးစားနိုင်မှု ရှိရမည်ဖြစ်ပါသည်။)

**တိတု ၁း၆–၉** "အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ၊ မယားတယောက်တည်းရှိသောသူဖြစ်လျှင်၎င်း၊ သူ၏သားသမီးတို့သည် ကာမဂုဏ်၌လွန်ကျူးသည်ဟုအပြစ်တင်ခြင်း၊ နားမထောင်ခြင်းနှင့်လွတ်၍ ယုံကြည်လျှင်၎င်းထိုသို့သောသူကို ခန့်ထားအပ်၏။ အကြောင်းမူကား၊ သင်းအုပ်သည် ဘုရားသခင်၏ ဘဏ္ဍာစိုးကဲ့သို့၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်ရမည်။ ကိုယ်အလိုသို့လိုက်သောသူ၊ စိတ်တိုသောသူ၊ စပျစ်ရည်နှင့်ပျော်မွေ့သောသူ၊ သူတပါးကိုရိုက်ပုတ်သောသူ၊ မစင်ကြယ်သောစီးပွားကိုတပ်မက်သောသူမဖြစ်ရဘဲ၊ဧည့်သည်ဝတ်ကိုပြုတတ်သောသူ၊ သူတော်ကောင်းနှင့်အဆွေဖွဲ့သောသူ၊ ကျန့်ခြေစောင့်သောသူ၊ ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူ၊ ကာမဂုဏ်ကိုချုပ်တည်းတတ်သောသူဖြစ်ရမည်။ စင်ကြယ်သောဝါဒအားဖြင့်တိုက်တွန်းသွေးဆောင်ခြင်းငှါ၎င်း၊ ငြင်းခုံသောသူတို့၏စကားကိုချေခြင်းငှါ၎င်း တတ်နိုင်မည်အကြောင်း ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကိုအမြဲစွဲလမ်းသောသူဖြစ်ရမည်။"

## တိမောသေကျမ်းနှင့် တိတုကျမ်းကို မကြာခဏာလေ့လာဖတ်ရှုရမည်။ သာသနာပြုသူများ၏လက်စွဲစာအုပ်ဖြစ်ရမည်။

**၁ ရှင်ပေတရု ၅း၁–၁၀**“သင်းအုပ်အရာ၌ငှင်း၊ ခရစ်တော်၏ဆင်းရဲ ဒုက္ခဝေဒနာကိုသိမြင်သောသက်သေအရာ၌ငှင်းခန့်ထားသောသူ၊ ထင်ရှားစေတော်လတံ့သော ဘုန်းအသရေတော်ကို ဆက်ဆံသောသူဖြစ်သော၊ ငါပေတရုသည်သင်တို့တွင်ရှိသောသင်းအုပ်ချင်းတို့ကိုတောင်းပန်ပါ၏။ သင်တို့နှင့်အတူရှိသောဘုရားသခင်၏သိုးတော်စုကိုထိန်းခြင်းအမှုမှာ၊အနိုင်ထိန်းရသောကြောင့်မဟုတ်မစင်ကြယ်သော စီးပွားကို တပ်မက်သောကြောင့်မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးသီး အုပ်သော အသင်းတော်တို့ကိုအာဏာထား၍ အစိုးတရပြုသည် မဟုတ်ဘဲ၊ သိုးတော်စုရှေ့မှာပုံသက်သေကိုပြသောသူဖြစ်ကြလော့။ သို့ဖြစ်လျှင်၊သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊သင်တို့သည် မညှိုးမနွမ်းတတ်သော ဘုန်းကြီးသောပန်းဦးရစ်သရဖူကိုရကြလိမ့်မည်။ ထိုနည်းတူ၊ အသက်ပျိုသောသူတို့၊ အသက်ကြီးသောသူတို့၏စကားကိုနားထောင်ကြလော့။ထိုမျှမက၊ အချင်းချင်းတယောက်တယောက်နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်းတန်ဆာကိုဆင်ကြလော့။ အကြောင်း၊မူကားထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အားကျေးဇူးပြုတော်မူ၏။ထို့ကြောင့်၊ကာလအချိန်တန်လျှင်၊ဘုရားသခင်သည် သင်တို့ကိုချီးမြှောက်တော်မူမည်အကြောင်း၊ တန်ခိုးကြီးသောလက်တော်အောက်၌ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။သင်တို့ကိုသတိနှင့်ကြည့်ရှုတော်မူသောကြောင့်၊သင်တို့၌စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌အပ်နှံကြလော့။ သမ္မာသတိရှိလျက်မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ဟောက်သောခြင်္သေ့ကဲ့သို့အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ သို့ဖြစ်၍၊ လူပြည်ရပ်ရပ်တို့၌ရှိသော သင်တို့ညီကိုများတို့သည်ထိုကဲ့သို့သောဆင်းရဲကိုခံရကြသည်ဟုသိမှတ်လျက်၊ ယုံကြည်ခြင်း၌တည်၍ မာရ်နတ်ကိုဆီးတားကြလော့။ ခရစ်တော်ယေရှုအားဖြင့် ငါတို့ကိုထာဝရဘုန်းအသရေတော်သို့ခေါ်တော်မူသော၊ ခပ်သိမ်းသောကျေးဇူးကိုပြုတော်မူသောဘုရား

သခင်သည်ခဏဆင်းရဲခံရပြီးသော သင်တို့ကိုစုံလင်တည်ကြည်ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်။"

**သုတ္တံကျမ်း ၂၉း၂** "ဖြောင့်မတ်သောသူတို့သည် အခွင့်ရသောအခါ၊ ပြည်သူပြည်သားတို့သည် ဝမ်းမြောက်တတ်ကြ၏။ မတရားသောသူတို့သည်အုပ်စိုးသောအခါမူကား၊ ပြည်သူပြည်သားတို့သည် ဝမ်းနည်းတတ်ကြ၏။"

## သာသနာပြုသူများသည် ကာမဂုဏ်ရောနှောခြင်း၌သန့်ရှင်းရခြင်း။

အသင်းဝင်မည်သူဖြစ်စေ ထိတ်လန့်စေသောဝေဒနာကိုခံစားရပြီးကသိကအောက်ဖြစ်ခြင်း၊ စိတ်နှလုံးပူဆွေးခြင်း၊မတရားဖိနှိပ်မှု၊ ကြောက်စရာကောင်းလောက်အောင်စီစဉ်ထားသော ကာမဂုဏ်အပြစ်တရားများကို ရှိနေသည်မှာသူတို့၏ သင်းအုပ်ဆရာသည်လည်း အပြစ်ရှိသောကြောင့်ဖြစ်ပါသည်။

**ဟေရှာယ ၅၂း၁၁** "ထွက်ကြ။ ထွက်ကြ။ ထိုအရပ်မှထွက်သွားကြလော့။ မစင်သောအရာကို လက်နှင့်မတို့ကြနှင့်။ ထိုအရပ်ထဲက ထွက်သွားကြလော့။ ထာဝရဘုရား၏အဆောက်အဦးတို့ကိုဆောင်ရွက်သောသူတို့၊ သန့်ရှင်းခြင်းရှိကြလော့။"

**၁ တိမောသေ ၄း၁၂** "သင်၏အသက်အရွယ်နုပျိုသည်ကိုအဘယ်သူမျှမထီမဲ့မြင်မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြလော့။"

**၁ တိမောသေ ၅း၂** "အသက်ကြီးသော မိန်းမတို့ကိုအမိကဲ့သို့၎င်း၊ မိန်းမပျို တို့ကိုအလွန်စင်ကြယ်သော အခြင်းအရာနှင့်တကွ၊ နှမကဲ့သို့၎င်းမှတ်၍ကျင့်လော့။

**၁ တိမောသေ ၅း၂၂** "အဘယ်သူ၏အပေါ်၌ လက်ကိုအလင်တဆော မတင်နှင့်။ သူတပါးအပြစ်၌ မဆက်ဆံနှင့်။ ကိုယ်ကိုကိုယ်စင်စေလော့။" (များသောအားဖြင့် မျှော်လင့်ချက်ရှိနိုင်သော သင်းအုပ်ဆရာများတွင် စိတ်ကူးများပျက်စီးခြင်းသည် သူတို့၏အသက်မွေးလုပ်ငန်းထဲသို့ ရမ္မက်အပြစ်ကျူးလွန်ခြင်းဖြစ်သည်။ တနည်းတလမ်းအားဖြင့် စုံစမ်းခြင်းကိုရှောင်ရမည်မှာဘယ်တော့မှ သင်၏ တဦးတည်းသောဇနီး(မယား) မှလွဲ၍ အခြားမိန်းမနှင့်အတူ တဦးတယောက်တည်းအတူ မရှိ မနေရ။)

## လူအများစောင့်ကြည့်နေသောကြောင့် သာသနာပြုသူများသည်အမြဲ တမ်းကောင်းသည့် ပုံစံ နမူဏာဖြစ်ရခြင်း။

အသင်းဝင်မည်သူဖြစ်စေ ထိတ်လန့်စေသောဝေဒနာကိုခံစားရပြီးမလိုအပ်သော ကသိကအောက်ဖြစ်ခြင်းကို  သူတို့၏ဘာသာရေးခေါင်းဆောင်ထံမှဆိုးဝါးသော ပုံပမာဦးတည်နေခြင်းဖြစ်သည်။ မည်မျှကြီးကျယ်ပျက်စီးနေသောသာသနာပြုသူဖြစ်နေပါသလဲ။ လိင်ရမ္မက်အပြစ်ကျူးလွန်သူ၊ စည်းစိမ်ဥစ္စာလောဘကြီးသူ၊ ကိုယ်ကျင့်တရားပျက်ပြားမှု၊ အရာဝတ္တုအလွဲသုံးစားမှု၊ နှင့်အခြားများစွာသောဒုစရိုက်များကိုကျူးလွန်သောအဘယ်သူသည် အကောင်းဆုံးပုံပမာအဖြစ်တည်ရှိနေမည်နည်း။
( **သုတ္တံကျမ်း ၁၁း၂၉** "မိမိအိမ်ကိုနှောင့်ယှက်သောသူသည် လေကိုအမွေခံရလိမ့်မည်။ မိုက်သောသူသည်လည်းလိမ္မာသောသူထံ၌ ကျွန်ခံရလိမ့်မည်။)

**၂ တိမောသေ ၃း၁၀** "ငါ၏ဆုံးမဩဝါဒပေးခြင်း၊ အကျင့်ကျင့်ခြင်း၊ ကြံစည်ခြင်း၊ သစ္စာစောင့်ခြင်း၊ စိတ်ရှည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်းတို့ကိုရင်း– "

**၂ ကောရိန္သု ၆း၃–၁၀** " တရားဟောခြင်းအခွင့်အရာကို အပြစ်တင်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှါ၊ ထိမိ၍လဲစရာအကြောင်းတစုံတခုကိုမျှမပြုနှင့်။ ညှဉ်းဆဲခံခြင်း၊ ဆင်းရဲခြင်း၊ မလွတ်နိုင်သောဘေးဥပဒ်နှင့်တွေ့ခြင်း၊ – အရိုက်အပုတ်ခံခြင်း၊ ထောင်ထဲ၌နေခြင်း၊ သူတပါးရုန်းရင်းခတ်ပြုခြင်း၊ အမှုကိုလုပ်ဆောင်ခြင်း၊ မအိပ်ဘဲ စောင့်နေခြင်း၊ မွတ်သိပ်ခြင်းကို အလွန်သည်းခံလျက်၊– စိတ်နှလုံးစင်

ကြယ်ခြင်း၊ ပညာရှိခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံခြင်း၊ ချစ်ယောင်မဆောင်အမှန်ချစ်ခြင်း၊– သမ္မာတရားကိုဟောခြင်း ဘုရားသခင်၏တန်ခိုးတော်ကိုပြခြင်း၊ ဖြောင့်မတ်သောအကျင့်တည်းဟူသော လက်နက်များကို လကျာ်ဘက် လက်ဝဲဘက်၌ ဝတ်ဆောင်ခြင်း အားဖြင့်၎င်း၊ အသရေ ထင်ရှားခြင်းနှင့် ရှုတ်ချခြင်း၊ ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းကို ခံသဖြင့်၎င်း၊ လှည့်စားသောသူကဲ့သို့ဖြစ်သော်လည်း၊ ဟုတ်မှန်သောသူ၊ အဘယ်သူမျှ မသိသောသူဖြစ်သော်လည်း ကျော်စောသောသူ၊ အသေခံသောသူကဲ့သို့ဖြစ်သော်လည်း၊အသက်ရှင်သောသူ၊ဆုံးမခြင်းကိုခံသောသူကဲ့သို့ဖြစ်သော်လည်း၊ အသေသတ်ခြင်းနှင့်ကင်းလွတ်သောသူ၊ ဝမ်းနည်းသောသူဖြစ်သော်လည်း၊အစဉ်ဝမ်းမြောက်သောသူ၊ ဆင်းရဲသောသူကဲ့သို့ဖြစ်သော်လည်း၊ လူအများကိုရတတ်စေသောသူ၊ ဥစ္စာ တစုံတခုကိုမျှမပိုင်သောသူကဲ့သို့ဖြစ်သော်လည်း၊ အလုံးစုံတို့ကိုပိုင်သောသူဖြစ်သဖြင့်၊ ဘုရားသခင်ခန့်ထားတော်မူသောဓမ္မဆရာမှန်ကြောင်းကို အရာရာ၌ထင်ရှားစွာပြကြ၏။”
(ရှင်ပေါလုသည်လည်း သခင်ယေရှုကဲ့သို့အကြိမ်ပေါင်းများစွာမှားယွင်းစွပ်စွဲခြင်း ခံခဲ့ရသော်လည်း သူ၏အသက်သာလုပ်ဆောင်ချက်နှင့်ကိုယ်တိုင်ရိုးသားဖြောင့်မတ်စွာရပ်တည်ရမည်ဖြစ်ကြောင်း သာသနာပြုသူများအားလုံးအတွက် ပုံပမာဖြစ်သည်။)

**၂ သက်သာလောနိတ် ၂း၃–၁၃** “ငါတို့သည်မှားယွင်းခြင်း၊ ညစ်ညူးခြင်းအားဖြင့်၊ လှည့်ဖြားခြင်းအားဖြင့်သင်တို့ကိုတိုက်တွန်းသွေးဆောင်ကြသည်မဟုတ်၊ ဧဝံဂေလိတရားကိုစောင့်ထိုက်သောသူဟု ငါတို့ကိုဘုရားသခင်လက်ခံတော်မူသည်နှင့်အညီ၊ လူကိုနှစ်သက်စေသကဲ့သို့မဟုတ်၊ ငါတို့စိတ်နှလုံးကိုစစ်ကြောစုံစမ်းတော်မူသော ဘုရားသခင်ကိုနှစ်သက်စေသဲ့သို့ဟောပြောကြ၏။– အဘယ်သို့နည်းဟူမူကား၊ သင်တို့သိကြသည်နှင့်အညီ၊ ငါတို့သည် ချော့မော့သောစကားကို တခါမျှမသုံး၊ ဝှက်ထားသောလောဘစိတ်အလျှင်းမရှိကြောင်းကို ဘုရားသခင်သည်ငါတို့ကို သက်သေဖြစ်တော်မူ၏။ ထိုမှတပါး၊ ခရစ်တော်၏တမန်တော်ဖြစ်၍၊ လေးသောဝန်ကို တင် ပိုင်သော်လည်း၊ လူပေးသောဘုန်းအသရေကို သင်တို့တွင်မရှာ၊ အခြားသူတို့တွင်လည်းမရှာဘဲ၊– သင်တို့တွင်ဖြည်းညှင်းစွာပြုကြ၏။ သင်တို့ကိုချစ်သောကြောင့် နို့ထိန်းသည် မိမိသူငယ်ကိုကျွေးမွေးပြုစုသကဲ့သို့၊ ငါတို့သည် နှမြောစုံမက်ခြင်းနှင့်တကွ၊ ဘုရားသခင်

၏ ဝေံဂေလိတရားကိုမျှမက၊ ကိုယ်အသက်ကိုပင်ပေးချင်သော စေတနာစိတ်ရှိကြ၏။ ညီအစ်ကိုတို့၊ ငါတို့သည်ပင်ပန်းစွာလုပ်ဆောင်၍ကြိုးစားအားထုတ်ကြောင်းကို သင်တို့သည်မှတ်မိကြ၏။ သင်တို့တွင်တယောက်ကိုမျှ မနှောင့်ယှက်ခြင်းငှါ၊ ငါတို့သည် နေ့ညဉ့်လုပ်ဆောင်လျက်၊ ဘုရားသခင်၏ ဧဝံဂေလိတရားကိုသင်တို့အားဟောပြောကြ၏။မိမိနိုင်ငံတော်နှင့်ဘုန်းတော်ထဲသို့၊သင်တို့ကိုခေါ်သွင်းတော်မူသော ဘုရားသခင်နှင့်အထိုက်အလျောက်သင်တို့သည်ကျင့်ဆောင်စေခြင်းငှါ၊ အဘသည် မိမိသားတို့ကိုပြုသကဲ့သို့ ငါတို့သည် သင်တို့ရှိသမျှကို အဘယ်သို့တိုက်တွန်းသွေးဆောင်၍မှာထားသည်ကိုသင်တို့သိကြသည်နှင့်အညီ၊ ယုံကြည်ခြင်းသို့ရောက်သော သင်တို့တွင် ငါတို့သည်အဘယ်သို့သန့်ရှင်းဖြောင့်မတ်လျက်၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်နေကြသည်ကိုသင်တို့သည် သက်သေဖြစ်ကြ၏။ ဘုရားသခင်သည်လည်းသက်သေဖြစ်တော်မူ၏။ ငါတို့ဟောပြောသော ဘုရားသခင်၏နှုတ်ကပတ်တရားကိုသင်တို့သည် ခံယူကြသောအခါ၊ လူ၏နှုတ်ထွက်စကားကိုမခံယူဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော် အမှန်ဖြစ်သည်နှင့်အညီ၊ ယုံကြည်ခြင်းသို့ရောက်သော သင်တို့အထဲ၌ ပြုပြင်သောဘုရားသခင်၏ နှုတ်ကပတ်တရားကိုခံယူကြသည်အကြောင်းအရာကို ငါတို့သည်ထောက်၍၊ ဘုရားသခင်၏ကျေးဇူးတော်ကိုအစဉ်မပြတ်ချီးမွမ်းကြ၏။”

## သာသနာပြုသူများသည် မကြာခဏအစာရှောင်ခြင်းနည်းကိရိယာမှာ ဘုရားသခင်နှင့်နီးကပ်နေစေဖို့ဖြစ်ပြီး၊သူ၏လိုလားသောအရာကိုသိရှိနိုင်ဖို့နှင့် ကျွန်ုပ်တို့၏အသက်တာတွင်သူ့ဆီ ရည်မှန်းချက်ဦးတည်နေကြောင်းသိရှိနေဖို့ဖြစ်ခြင်း။

**ရှင်မဿဲ ၉း၁၅** “ယေရှုကလည်း၊ မင်္ဂလာဆောင်လုလင်သည် မိမိအပေါင်းအဘော်တို့နှင့်အတူရှိစဉ်အခါ သူတို့သည် စိတ်မသာ ညည်းတွားတတ်ကြသလော။ မင်္ဂလာဆောင်လုလင်ကိုသူ၏အပေါင်းအဘော်တို့နှင့်ခွါ၍ယူသွားသောအချိန်ကာလရောက်လိမ့်မည်။ ထိုအခါသူတို့သည် အစာရှောင်ကြလိမ့်မည်။”

**မဿဲ ၁၇း၂၁** "သို့သော်လည်းဆုတောင်းခြင်း၊ အစာရှောင်ခြင်းမှတပါးအ ဘယ်သို့သော အားဖြင့်၊ ထိုအမျိုးသည်မထွက်တတ်ဟုမိန့်တော်မူ၏။" (သာသနာပြုတို့လုပ်ဆောင်ရမည့်အရာအားလုံးနီးပါးခက်ခဲသည့်အလုပ်များ ဖြစ်ကြပါသည်။ မကြာခဏ သာသနာပြုသူတို့၏ ဝိညာဉ်ဖိအားသည် မမြင်နိုင်သောအရာကိုတိုက်ခိုက်နေရတတ်ပါသည်။)

**ဧဖက် ၆း၁၂** "အကြောင်းမူကား၊ ငါတို့သည်အသွေးအသားရှိသောရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။"

(ထို့ကြောင့်ဝိညာဉ်ရေးအားနည်းမှုနှင့် ဝိညာဉ်ရေးပြဿနာများပို၍အားကြီးသာကြောင့်ကာလအပိုင်းအခြားစိတ်အားထက်သန်စွာဆုတောင်းခြင်း၊ကျမ်းစာလေ့လာခြင်း၊ လိုအပ်လျှင် ထာဝရဘုရားသခင်နှင့်ပိုမိုနီးကပ်စေဖို့အတွက်အစာရှောင်ခြင်းနှင့် လိုအပ်လျှင် စာတန်နှင့်မျက်နှာချင်းဆိုင် အနိုင်အထက်ပြုလုပ်နိုင်ဖို့အကူအညီဖြစ်ပါသည်။)

**ဧဇရ ၈း၂၁–၂၃** "ထိုအခါဥစ္စာများမှစ၍ သူငယ်များနှင့်တကွ၊ ငါတို့သွားစရာ မှန်သောလမ်းကို ဘုရားသခင်၌ရှာ၍၊ ရှေ့တော်မှာနှိမ့်ချခြင်းငှါ၊ အဟာဝမြစ်နားတွင်၊ အစာရှောင်ရာအချိန်ကိုငါကြော်ငြာ၏။ အကြောင်းမူကား၊ ကျွန်တော်တို့ဘုရားသခင်ကိုရှာသောသူအပေါင်းတို့သည်၊ တန်ခိုးကျေးဇူးတော်ကိုခံရကြလိမ့်မည်။ ကိုယ်တော်ကိုစွန့်သောသူအပေါင်းတို့ကို၊ တန်ခိုးတော်ဆီးတား၍အမျက်တော်သက်ရောက်လိမ့်မည်ဟု ငါတို့သည်ရှင်ဘုရင်အားလျှောက်ထားသောကြောင့်၊ လမ်းတွင်ရန်သူလက်နှင့်လွတ်စေခြင်းငှါလိုက်၍ပို့ရသောစစ်သူရဲ၊ မြင်းစီးသူရဲ တတပ်ကိုရှင်ဘုရင်၌မတောင်းဝံ့၊ ရှက်ကြ၏။ ထိုအမှုကြောင့်၊ ငါတို့အစာရှောင်၍၊ ငါတို့ဘုရားသခင်ကို ဆုတောင်း၍နေကြ၏။ ဘုရားသခင်လည်းနားထောင်တော်မူ၏။"

(သာသနာပြုသူများသည်မကြာခဏသူတို့၏သွားရာလမ်းတခုခုဆုံးရှုံးခြင်း(သို့)သူတို့၏အသက်တာတွင် ထာဝရဘုရားသခင်၏ဦးတည်ချက်လမ်းကြောင်းအ

တိုင်းအသက်ရှင်ဖို့ရှာမတွေ့ခြင်းဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ ဇေရ၏ ပုံပမာ အတိုင်းလိုက်ရောက်ပြီး အစာရှောင်ခြင်း ပြုလုပ်ပါက သင့်ကိုမှန်ကန်သည့်လမ်းကြောင်းအတိုင်း ထာဝရဘုရားပြသလမ်းညွှန်ခြင်းနှင့် သင့်ကို လိုအပ်နေသလို သင်၏သာသနာပြုခြင်းကိုလည်းပို့ဆောင်စေမည်။)

## မာလခိအနာဂတ်တွင်ကျမ်းသည် သာသနာပြုသူများလေ့လာသင်ယူဖို့အရေးကြီးသည်ကျမ်းဖြစ်ခြင်း။

ဓမ္မဟောင်းကျမ်းတွင်သူတို့၏ပျက်စီးသွားသော တာဝန်များကိုပရောဟိတ်မာလခိသည် ပြန်လည်လေ့လာဖို့သတိပေးထားပါသည်။ သူတို့သည်စစ်တိုက်ချိန်တွင် ထာဝရဘုရားအကုန်ဖျက်ဆီးခိုင်းသော်လည်း အကောင်းဆုံးအရာများကို သူတို့အတွက်နှင့်ထာဝရဘုရားအတွက်ပေးလှူမည်ဖြစ်ကြောင်းယူဆောင်လာကြသည်။ ဤအရာမှာ ယနေ့သာသနာပြုသူများအတွက်လည်းပြောဆိုထားခြင်းဖြစ်ပါသည်။ ထာဝရဘုရားနှင့်သက်ဆိုင်သည့်အရာ၊ အမိန့်ပေးလုပ်ဆောင်စေသည့်အရာကို ယနေ့သာသနာပြုသူများသည်လည်းကိုယ်၏အလိုသို့လိုက်ပြီးလုံးဝ လုပ်ဆောင်ခြင်းမပြုဖို့ သတိပေးထားပါသည်။

**မာလခိ ၁း၆–၁၀** “သားသည်အဘကိုရိုသေတတ်၏။ ကျွန်သည် သခင်ကိုကြောက်ရွံ့တတ်၏။ ငါသည်အဘမှန်လျှင်၊ငါ့ကိုအဘယ်သူရိုသေသနည်း။ သခင်မှန်လျှင်၊ အဘယ်သူကြောက်ရွံ့သနည်းဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်နာမတော်ကိုမထီမဲ့မြင်ပြုသောယဇ်ပုရောဟိတ်တို့အားမေးတော်မူ၏။ အကျွန်ုပ်တို့သည်နာမတော်ကိုအဘယ်သို့ မထီမဲ့မြင်ပြုပါသနည်းဟု သင်တို့မေးရာတွင်၊–ညစ်ညူးသောအစာကိုငါ့ယဇ်ပလ္လင်သို့ဆောင်ခဲ့ကြသည်တကား။ အကျွန်ုပ်တို့သည် ကိုယ်တော်ကိုအဘယ်သို့ ရှုတ်ချပါသနည်းဟုမေးရာတွင်၊ ထာဝရဘုရား၏ စားပွဲသည် ယုတ်မာ၏ဟုဆိုကြသောကြောင့် ငါ့ကိုရှုတ်ချကြပြီ။– မျက်စိကန်းသောအကောင်ကို ယဇ်ပူဇော်လျှင် အပြစ်ရှိသည်မဟုတ်လော။ခြေဆွံ့သောအကောင်နှင့်နာသောအကောင်ကိုယဇ်ပူဇော်လျှင်အပြစ်ရှိသည်မဟုတ်လော။ မြို့ဝန်မင်းအားဆက်ပါလော့။ မင်း၏ စိတ်နှင့်တွေ့လိမ့်မည်လော။ သင့်မျက်နှာကို ထောက်လိမ့်မည်လောဟု ကောင်းကင်ဗိုလ်

ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူ၏။– ယခုမှာ ဘုရားသခင်သည် ငါတို့ကို ကယ်မ သနားတော်မူအကြောင်း၊ ထာဝရ ဘုရားရှေ့တော်၌ ဆုတောင်းကြ ပါလော့။ သင်တို့ လက်ခံသောကြောင့် ဤသို့ပြုတတ်ကြ၏။ သင်တို့မျက်နှာ ကိုထောက်ရမည်လောဟုကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ ၏။ သင်တို့တွင် အဘယ်သူသည် ငါ့တံခါးတို့ကို ပိတ်လိမ့်မည်နည်း။ သင်တို့ သည် ငါ့ပလ္လင်ပေါ်မှာ မီးကိုအချည်းအနှီး မညှိရကြ။ သင်တို့ကို ငါအလို မရှိ၊ သင်တို့ပြုသော ပူဇော်သက္ကာကို ငါလက် မခံဟု ကောင်းကင်ဗိုလ် ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။”

**ဆာလံ ၁၄၁း၂** “အကျွန်ုပ်၏ ပဌနာသည်မီးရှို့သောနံ့သာပေါင်းကဲ့သို့၎င်း၊ လက်ကိုချီခြင်းသည်ညဦးယံ ပူဇော်သက္ကာကဲ့သို့၎င်း၊ ရှေ့တော်၌ပြင်ဆင်လျက်ရှိ ပါစေသော။”

**ဗျာဒိတ် ၅း၈** “ထိုစာစောင်ကိုခံယူသောအခါ၊ သတ္တဝါလေးပါးနှင့် အသက် ကြီးသူနှစ်ဆယ်လေးပါးတို့သည်၊ သန့်ရှင်းသူတို့၏ ပဌနာတည်းဟူသောမီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်စုံသောရွှေဖလားတို့ကို၎င်း၊ အသီးအသီးကိုင်၍၊ သိုးသငယ် ရှေ့၌ပြပ်ဝပ်လျက်၊–”

**ဗျာဒိတ် ၈း၃** “ကောင်းကင်တမန် တပါးသည်လာ၍ရွှေလင်ပန်းကို ကိုင် လျက်ယဇ် ပလ္လင်နားမှာရပ်နေ၏။ ပလ္လင်တော်ရှေ့၌ရှိသော ရွှေပလ္လင်ပေါ်မှာ သန့်ရှင်းသူအပေါင်းတို့၊ ပဌနာနှင့်အတူဆက်ကပ်ခြင်းငှါ၊ မီးရှို့သောနံ့သာပေါင်း အများကို ထိုသူ၌ပေး၏။”

(အကျွန်ုပ်တို့ဆုတောင်းခြင်းများ၊ကိုယ်ပိုင်ဆုတောင်းခြင်း(သို့မဟုတ်)ဆုတောင်း ဝတ်ပြုကိုးကွယ်ခြင်းအချိန်တွင် မိမိကိုယ်ကိုနှိမ့်ချခြင်းနှင့် စိတ်နှလုံးအပြစ်တရား များအသန့်ရှင်းဆုံးပေးကမ်းရမည်ဖြစ်ပါသည်။ နှစ်စဉ်ကျရောက်လျက်ရှိသော ဥပုသ်ရက်ကြီးများတွင်လည်းအကျွန်ုပ်တို့၏အသန့်ရှင်းဆုံးစိတ်နှလုံးနှင့်ပေးလှူ ရမည်ဖြစ်ပါသည်။ ပရောဟိတ်မာလခိသည်အချိန်ကာလကဲ့သို့ အကောင်းဆုံး အရာသည် ကိုယ့်အတွက် မဟုတ်ဘဲအမြဲတမ်းကိုယ့်သခင်အတွက် အကောင်း ဆုံးပေးကမ်းရမည်ဖြစ်ပါသည်။)

**မာလခိ ၂း၁–၉** “အို ယဇ်ပုရောဟိတ်တို့၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် သင်တို့အားမိန့်တော်မူသော ပညတ်စကားဟူမူကား၊–

ငါ၏နာမတော်ကို ချီးမွမ်းလိုသောငှါ သင်တို့သည်နားမထောင်၊ နှလုံးမသွင်းဘဲနေလျှင်၊ ကျိန်ခြင်းဘေးကိုသင်တို့အပေါ်သို့ငါလွှတ်လိုက်မည်။ သင်တို့၏မင်္ဂလာကို အမင်္ဂလာဖြစ်စေမည်။ ထိုမျှမက၊ နှလုံး မသွင်းဘဲနေသောကြောင့် ယခုပင် အမင်္ဂလာဖြစ်စေပြီ။ သင်တို့မျိုးစေ့ကို ငါဖျက်မည်။ တိရစ္ဆာန်ချေးတည်းဟူသော သင်တို့ဓမ္မပွဲ၏တိရစ္ဆာန်ချေးကိုသင်တို့မျက်နှာပေါ်၌ငါကြဲမည်။ သူတပါးတို့သည် သင်တို့ကိုထိုတိရစ္ဆာန်ချေးနှင့်အတူယူသွားကြလိမ့်မည်။ ငါ၏ပဋိညာဉ်ကိုလေဝိအမျိုး၌တည်စေခြင်းငှါ၊ ဤပညတ်စကားကို သင်တို့ဆီသို့ ငါပေးလိုက်ကြောင်းကိုသင်တို့သိရကြလိမ့်မည်ဟုကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ ငါဖွဲ့သောအသက်ပဋိညာဉ်၊ ငြိမ်ဝပ်ခြင်းပဋိညာဉ်သည် ထိုအမျိုး၌ရှိ၏။ ငါ့ကိုကြောက်ရွံ့၍ငါ၏နာမတော်ရှေ့၌ ထိတ်လန့်သာကြောင့်ငါဖွဲ့၍ပေး၏။ ထိုအမျိုးသည် သစ္စာစကားကိုပြောတတ်၏။ သူ့နှုတ်၌အပြစ်တရားကိုမတွေ့။ ငြိမ်ဝပ်ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း ငါနှင့်အတူသွားလာ၍၊ များစွာသောသူတို့ကို ဒုစရိုက်အပြစ်မှလွှဲရှောင်စေတတ်၏။ ယဇ်ပုရောဟိတ်၏နှုတ်ခမ်းသည် ပညာကိုစောင့်ရမည်။ သူ၏နှုတ်၌လူတို့သည် တရားတော်ကိုရှာရကြမည်။ အကြောင်းမူကားသူသည်ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား စေလွှတ်တော်မူသောတမန်ဖြစ်၏။ သင်တို့မူကား၊လမ်းလွဲကြပြီ။ လူများတို့သည် တရားတော်ကိုထိမိ၍လဲစေခြင်းငှါပြုကြပြီ။ လေဝိအမျိုးနှင့်ဖွဲ့သော ပဋိညာဉ်ကိုဖျက်ကြပြီဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ သို့ဖြစ်သင်တို့သည် ငါ့လမ်းတို့ကိုမလိုက်၊ တရားအမှုတွင်လူမျက်နှာကိုထောက်သောကြောင့်၊ လူခပ်သိမ်းတို့သည် သင်တို့ကိုမထီမဲ့မြင်ပြု၍ရှုတ်ချစေခြင်းငှါ ငါစီရင်မည်။”

( သာသနာပြုသူများသည် ယဇ်ပုရောဟိတ်များမဟုတ်သော်လည်း အကြီးအကဲတယောက်နှင့်တူညီပါသည်။ သာသနာပြုသူများသည် ပညတ်တရားများကိုသိရှိရမည်မှာ ထာဝရဘုရား၏လူများကိုစိတ်အားထက်သန်စွာပညတ်တရားအကြောင်းပြောပြဖို့ဖြစ်သည်။ များသော သာသနာပြုသူများသည် ပညတ်တရားများကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်းပြောကြသော်လည်း၊ ခရစ်ယာန်များသည် ပညတ်တရားနှင့်အတူအသက်ရှင်ရမည်။)

**မဿဲ ၄:၄** “ယေရှုကလည်း၊ လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟုပြန်ပြောတော်မူ၏။”

(သာသနာပြုသူများသည် သခင်ယေရှုသင်ကြားမှုအတိုင်းသင်ကြားပို့ချဖို့ သတိယ ရမည်ဖြစ်သည်။ ထာဝရဘုရား၏နှုတ်တော်စကားလုံးစီတိုင်းနှင့် အတူ အသက်ရှင်ရမည်ဖြစ်သည်။)

**မာလခိ ၂း၁၇** "သင်တို့သည် ထာဝရဘုရား၏ နားတော်ငြီးသည့်တိုင် အောင်စကားများကြ၏။ နားတော်ငြီးသည့်တိုင်အောင် အဘယ်သို့ပြုသနည်း ဟု မေးသော်၊ ဒုစရိုက်ကိုပြုသောသူတိုင်း ထာဝရဘုရားရှေ့တော်၌ကောင်း၏။ ထိုသို့သော သူတို့ကိုနှစ်သက်တော်မူ၏ ဟူ၍၎င်း၊ စစ်ကြော စီရင်တော်မူသော ဘုရားသခင်ကား၊ အဘယ်မှာရှိသနည်းဟူ၍၎င်း ဆိုတတ်ကြသည်တကား။"
(သာသနာပြုများအချို့တို့သည် သူတို့၏အပြစ်တရာများနှင့် သူတို့ရင်းနှီးသူ များ၏ အပြစ်တရားများကို မဖော်ပြဝံ့ဘဲ ရှိနေခြင်းများရှိတတ်ပါသည်။ သို့ သော်လည်း ဤကဲ့သို့မဖြစ်ရ အပြစ်တရားများကိုဖော်ပြပြီးကျန်ပြသနာများ ကိုလည်း ထာဝရဘုရားကူညီဖြေရှင်းပေးမည်ဖြစ်ပါသည်။)

**မာလခိ ၃း၃** "ငွေကိုချွတ်၍ သန့်ရှင်း စေသောသူကဲ့သို့ ထိုင်လျက် ရွှေ ငွေကို ချွတ်သကဲ့သို့၊ လေဝိသားတို့ကို ချွတ်၍သန့်ရှင်းစေတော်မူသဖြင့်၊ သူ တို့သည် ထာဝရဘုရားအဘို့ဖြစ်၍ ဖြောင့်မတ်ခြင်း ပူဇော်သက္ကာကို ပူဇော် ကြလိမ့်မည်။"
(လိုအပ်လျှင် ထာဝရဘုရားသည်သာသနာပြုသူကိုပြင်းထန်စွာအပြစ်တင်ခွင့်ရှိ ပြီး စိတ်သဘောထားကြီးသည့်ပြောင်းလဲခြင်းနည်းလမ်းနှင့် ထာဝရဘုရားသခင် ၏ပညတ်တရားများဘက်ပြန်လည် လှည့်လာနားထောင်စေဖို့ဖြစ်သည်။)

## သာသနာပြုသူများသည် သူတို့၏ မယားကိုဂရု မစိုက်ဘဲပစ်ထားခြင်း မပြုရ။ သာသနာပြုသူသည် သူ၏ဇနီးမယားကို ချစ်ပြီးသူ့အပေါ်တွင် လည်း သစ္စာရှိရခြင်း။

**မာလခိ ၂း၁၃-၁၄** "တဖန်သင်တို့ပြုသော အမှုဟူမူကား၊ ထာဝရဘုရား ၏ ယဇ်ပလ္လင်ကိုမျက်ရည်ကျခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့်ဖုံးအုပ်ကြပြီ။ ထို ကြောင့်၊ ပူဇော်သက္ကာကိုမှတ်တော်မမူ။ သင်တို့လက်မှ နှစ်သက်သောစိတ်နှင့်

ခံတော်မမူ။ အဘယ်ကြောင့်နည်းဟု သင်တို့မေးလျှင်၊ သင့်အသက်ပျိုစဉ်အခါ လက်ထပ်၍ နောက်တဖန်သစ္စာမစောင့်၊ ပြစ်မှားသောမယားတဘက်နှင့်သင့် တဘက်၌ထာဝရဘုရားသည် သက်သေဖြစ်တော်မူ၏။ ထိုမယားသည်သင်၏ အဆွေခင်ပွန်း၊ သင်ဖွဲ့သော ပဋိညာဉ်နှင့်ဆိုင်သောမယားဖြစ်သတည်း။”

## သာသနာပြုသူသည်စိတ်နှလုံး နှိမ့်ချတတ်ရခြင်း။

**၁ ရှင်ပေတရု ၅း၅–၆** “ထိုနည်းတူ၊ အသက်ပျိုသောသူတို့၊ အသက်ကြီး သောသူတို့၏စကားကိုနားထောင်ကြလော့။ ထိုမျှမက၊ အချင်းချင်း တယောက် အောက် တယောက်နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်းတန်ဆာကိုဆင်ကြလော့။ အ ကြောင်းမူကား၊ထောင်လွှားစော်ကားသောသူတို့ကိုဘုရားသခင်ဆီးတားတော် မူ၏။ စိတ်နှိမ့်ချသောသူတို့အားကျေးဇူးပြုတော်မူ၏။ ထို့ကြောင့်၊ ကာလအချိန် တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကိုချီးမြှောက်တော်မူမည်အကြောင်း၊ တန် ခိုးကြီးသော လက်တော်အောက်၌ကိုယ် ကို ကိုယ်နှိမ့်ချကြလော့။”

**ဓမ္မရာဇဝင်ပဌမစောင် ၁၅း၁၇** “ရှမွေလကလည်း၊ သင်သည်ကိုယ်အထင် အတိုင်း ငယ်သောသူဖြစ်လျက်ပင်၊ ဣသရေလအမျိုးတို့၏အထွဋ်သို့ရောက်၍၊ ဣသရေလရှင်ဘုရာနှင့်ထာဝရဘုရား ဘိသိပ်ပေးတော်မူသည် မဟုတ်လော။” (ဤတွင်ပြောဆိုထားသည်မှာ သာသနာပြုသူကိုပြောဆိုထားခြင်း မဟုတ်ဘဲ ရှင်ဘုရင်ကိုပြောဆိုထားခြင်းသာဖြစ်သော်လည်း၊အကြီးအကဲဖြစ်သူသည် သာ သနာပြုသူသည် ကဲ့သို့ဖြစ်ပါသည်။ ဘိသိပ်ခံပြီးနောက်ပိုင်းကြီးကျယ်ပြောင်းလဲ သွားပါသည်။ ဘိသိပ်မခံမီ နှိမ့်ချခြင်းနှင့်နူးညံ့သိမ့်မွေ့ခြင်းရှိရမည်။ ဘိသိပ်ခံပြီး နောက်အသင်းတော်ကိုစောင့်ရှောက်ဖို့တာဝန်နှင့်လူအများအထင်ကြီးလောက် အောင် စိတ်နှလုံးနှိမ့်ချနိုင်ရမည်။ ထာဝရဘုရားသခင်အတွက်စိတ်နှလုံးနှိမ့်ချစွာ အသက်ရှင်ရမည်မှာ သာသနာပြုသူများ ပထမအချက်အနေဖြင့်စိတ်နှလုံးတွင် မှတ်သားထားရမည်ဖြစ်ပါသည်။)

**ဆာလံ ၅၁:၁၇** "ဘုရားသခင်နှစ်သက်တော်မူသော ယဇ်မူကား၊ ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ။"

**သုတ္တံ ၁၁:၂** "မာနထောင်လွှားသောအခါ အရှက်ကွဲခြင်းဖြစ်တတ်၏။ စိတ်နှိမ့်ချသောသူတို့၌ကား ပညာရှိ၏။"

**ဟေရှာယ ၆၆:၂** "ဤအရာအလုံးစုံတို့သည် ငါ့ကိုယ်တိုင် ဖန်ဆင်းသောကြောင့်ဖြစ်ကြ၏။ စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့်တုန်လှုပ်ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည်။"
(သာသနာပြုသူသည် ထာဝရဘုရားသခင်၏စကားလုံးအတိုင်း စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ထာဝရဘုရား၏စကားကြောင့်တုန်လှုပ်ခြင်းရှိသောသူဖြစ်ရမည်ဖြစ်ပါသည်။)

**မိက္ခာ ၆:၈** "အချင်းလူ၊ ကောင်းသောလမ်းကိုပြတော်မူပြီ၊ တရားသဖြင့်ပြုခြင်း၊ ဂရုဏာကို နှစ်သက်ခြင်း၊ သင်၏ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရားတောင်းတော်မူသနည်း။"

**မဿဲ ၅:၅** "စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူသည် ပြည်တော်ကိုအမွေခံရကြလိမ့်မည်။"

**မဿဲ ၁၈:၃-၄** "ငါအမှန်ဆိုသည်ကား၊ သင်တို့သည်ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့မရောက်ရကြ။ အကြင်သူသည် ဤသူငယ်ကဲ့သို့မိမိကိုမိမိနှိမ့်ချအံ့၊ ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ သာ၍ကြီးမြတ်လိမ့်မည်။"

**ဖေက် ၄:၁-၂** "ခေါ်တော်မူခြင်းကျေးဇူးတော်ကိုသင်တို့ခံရကြသည်နှင့် ဤထိုက်အလျောက်ကျင့်ဆောင်မည်အကြောင်း၊ သခင်ဘုရားအတွက်ကြောင့် အကျဉ်းခံရသောငါသည် သင်တို့ကိုတိုက်တွန်းနှိုးဆော်ပါမည်။ အရာရား၌စိတ်

နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့်၊ မေတ္တာစိတ်နှင့်တယောက်ကိုတယောက်သည်းခံခြင်းရှိကြ၍၊"

**ရှင်ယာကုပ် ၃း၁၃–၁၄** "သင်တို့တွင်အတတ်လိမ္မာနှင့်ပြည့်စုံသောပညာရှိတစုံတယောက်ရှိလျှင်၊ ထိုသူသည်ပညာရှိ၏နူးညံ့သိမ်မွေ့ခြင်းနှင့်တကွ၊ ကောင်းမြတ်သောကျင့်ကြံပြုမူခြင်းအားဖြင့်မိမိအမှုတို့ကိုပြပါစေ။သို့မဟုတ်သင်တို့စိတ်ထဲမှာ ခါးစွာသော ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းရှိလျှင်၊ သမ္မာတရားကို မုသာဖြင့်ဆန့်၍မဝါကြွားကြနှင့်။"

**ရှင်ယာကုပ် ၄း၆** "ထိုဝိညာဉ်တော်သည် သာ၍များစွာသော ကျေးဇူးကိုပြုတော်မူ၏။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အားကျေးဇူးပြုတော်မူ၏ဟုလာသတည်း။"
(စိတ်နှလုံး နှိမ့်ချခြင်းသည် ကျမ်းစာတွင် ခရစ်ယာန်တွေအတွက်တခုသောသူတော်ကောင်းတရား ဖြစ်သည်။ ကျမ်းစာဖတ်ရှုသူအတွက် ဤကျမ်းချက်များသည်အနည်းငယ်သောကျမ်းချက်များသာဖြစ်ပြီး စိတ်နှိမ့်ချခြင်းအကြောင်းများစွာကို ဆက်လက်ရှာဖွေလေ့လာနိုင်ပါသည်။)

## သာသနာပြုသူသည် အားပေးနှစ်သိမ့်ရမည်ဖြစ်သည်။ ယုံကြည်သူညီကိုမောင်နှမများလိုအပ်ချိန်တွင် အားပေးကူညီနှစ်သိမ့်ပေးရမည်မှာသူတို့လက်ပေါ်တွင်ဖြစ်ပါသည်။ (သာသနာပြုသူတို့၏တာဝန်ဖြစ်သည်။)

**ဟေရှာယ ၄၀း၁** "သင်တို့၏ဘုရားသခင်မိန့်တော်မူသည်ကား၊ ငါ၏လူတို့ကို နှစ်သိမ့်စေကြလော့။ နှစ်သိမ့်စေကြလော့။"

**ဟေရှာယ ၅၀း၄** "ငါသည် ပင်ပန်းသောသူအား မစခြင်းငှါ စကားပြောတတ်မည်အကြောင်း၊ အရှင်ထာဝရဘုရားသည်လူတတ်၏ နှုတ်သတ္တိကိုငါ့အားပေးတော်မူပြီ။ နံနက်အစဉ်အတိုင်းငါ့ကိုနှိုးတော်မူ၏။ စာသင်သောသူကဲ့သို့နား

ထောင်စေမည့်အကြောင်း ငါ့နားကိုနှိုးဆော်တော်မူ၏။”

**၂ သက်သာလောနိတ် ၂း၁၁** “မတရားစွာပြု၍ အဘယ်အလုပ်ကိုမျှ မလုပ်ဘဲ၊ ကိုယ်နှင့်မဆိုင်သောအမှု၌ ရောနှောသောသူအချို့တို့သည် သင်တို့တွင်ရှိကြောင်းကို ငါတို့ကြားရကြ၏။”

**၁ သက်သာလောနိတ် ၃း၂** “ခရစ်တော်၏ဧဝံဂေလိတရားကိုဟောပြော၍၊ဘုရားသခင်၏အမှုတော်ကိုလုပ်ဘော်ဆောင်ဘက်ဖြစ်သောငါ့ညီတိမောသေကိုလွှတ်လိုက်၏။”

**၁ သက်သာလောနိတ် ၅း၁၄** “တဖန်တုံ၊ ညီကိုတို့၊ မတရားစွာပြုသောသူတို့ကို သတိပေးကြလော့။ စိတ်ငယ်သောသူတို့ကို အားပေးကြလော့၊ အားနည်းသောသူတို့ကို ထောက်မကြလော့။ ခပ်သိမ်းသောသူတို့အားရှည်သောစိတ်ရှိစေကြလော့။”

**သုတ္တံကျမ်း ၁၆း၂၄** “သာယာသောစကားတို့သည် ပျားလပို့ကဲ့သို့ဖြစ်၏။ စိတ်ဝိညာဉ်၌ချိုမြိန်လျက်၊ ကိုယ်အရိုးကိုကျမ်းမာစေလျက်ရှိကြ၏။” (ကျွန်ုပ်တို့၏စကားလုံးများသည်၊ ပြဿနာများကူညီဖြေရှင်းပေးခြင်း၊ တရားဟောကြားမှုတွင်လည်းအင်အားတိုးလာစေခြင်းနှင့် ထာဝရဘုရားသခင်၏လူများကို စိတ်ခေတ်မြင့်တင်ပေးနိုင်မှုရှိရမည်ဖြစ်ပါသည်။)

**သုတ္တံကျမ်း ၁၈း၂၁** “လျှာသည် အသက်သေခြင်းနှင့် ရှင်ခြင်းကိုအစိုးရ၏။ လျှာကိုနှစ်သက်သောသူသည်လည်း၊ လျှာ၏အသီးကိုစားရ၏။”

(သာသနာပြုသူ၏စကားလုံးသည်အစွန်းရောက်မှုနှစ်ခုဖြစ်စေသည်မှာ အင်မတန်စိတ်ဝမ်းနည်းစေမှု (သို့) ပြည့်စုံစေသည့်အသက်တာတို့ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့ချစ်မြတ်နိုးစွာတိုးတက်ပြည့်စုံစေမှုကိုယူပါက ကျွန်ုပ်တို့၏ သာသနာပြုသူသည် ဝမ်းမြောက်စွာဖြင့်တိုးတက်မှုအသီးအနှံဖြစ်သည့်ဤအရာတိုးတက်မှုကိုယူဆောင်လာလိမ့်မည်ဖြစ်ပါသည်။)

**သုတ္တံကျမ်း ၂၅း၁၁** “လျောက်ပတ်သော စကားသည် ငွေအပြောက်မှာ စီချယ်သော ရွှေရောက်ချိုသီးနှင့်တူ၏။”

## သာသနာပြုသူသည် ယုံကြည်သူညီကိုမောင်နှမများ တိုးတက်စေဖို့ အမြဲတွေးတောပြီး၊ ထာဝရဘုရား၏ပန်းတိုင်ရောက်စေဖို့ အမြဲ စိတ်နှလုံးထဲတွင် သူတို့ကိုရှိရမည်။

**ဖိလိပ္ပိ ၄း၈** "ကြွင်းသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သမ္မာတရားနှင့်ဆိုင်သောအကျင့်၊လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့် ရှိသမျှတို့ကိုဇင်း၊ ပါရမိတပါးပါး၊ ကောင်းသော သိတင်းတပါးပါးနှင့် ဆိုင်သောအကျင့်တို့ကိုဇင်း၊ နှလုံးသွင်းကြလော့။"

## သာသနာပြုသူသည် မေတ္တာကရုဏာတရား ကြီးမားရမည်။ ယုံကြည်သူညီကိုမောင်နှမများအပြစ်ရှိနေသော်လည်းလေးနက်သည့်ခံစားချက်ဖြင့် သူတို့အပေါ်တွင်ချစ်ခြင်း မေတ္တာပြရမည်။ သာသနာပြုသူသည်လည်း အပြစ်တရားများကိုမုန်းရမည်။

**ဓမ္မရာဇဝင်ပဌမစောင် ၁၅း၃၅** "ရှောလုအနိစ္စ မရောက်မှီတိုင်အောင်၊ ရှမွေလသည် နောက်တဖန်အကြည့်အရှုမလာ။ သို့ရာတွင် ရှမွေလသည် ရှောလုအတွက်စိတ်မသာညည်းတွားလျက်နေ၏။ ထာဝရဘုရားသည်ရှောလုကိုဣသရေလ ရှင်ဘုရင် အရာ၌ ခန့်ထားသောအမှုကိုနောင်တရတော်မူ၏။"
(ရှမွေလသည် ရှောလု၏အပြစ်တရားများကိုရွံရှာသော်လည်း ရှောလု၏ဝိညာဉ်ရေး မကောင်းမွန်သည့်အခြေအနေအတွက်ကရုဏာသက်ရောက်မှုကိုဤကျမ်းချက်တွင်တွေ့ရပါသည်။)

**ဓမ္မရာဇဝင်ပဌမစောင် ၁၂း၂၀** "ရှမွေလ ကလည်း မစိုးရိမ်ကြနှင့်။ ဤဒုစရိုက်အပေါင်းကိုပြုမိသော်လည်း၊ ထာဝရဘုရားနောက်တော်သို့ လိုက်ရာမှ မ

လွှဲကြနှင့်။ ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ ဝတ်ပြုကြလော့။"
(လူသည် အမှန်တကယ်အပြစ်ရှိခဲ့သော်လည်း သူတို့၏အပြစ်တရားများကို ပြန်လည် ဝန်ချတောင်ပန်ပြီး သနားကြင်နာမှုရရှိခြင်းအားဖြင့်ထာဝရဘုရား၏နောက်တော်သို့ လိုက်ရမည်ကို ရှမွေလညွှန်ပြထားပါသည်။"

**မဿဲ ၉း၃၆** "အကြောင်းမူကား၊ ထိုသူတို့သည် ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲ ပစ်ထားသောသိုးကဲ့သို့ဖြစ်၏။"

## ထာဝရဘုရားသခင်၏လူများအပေါ်ဘယ်တော့မှလက်လျှော့အရှုံးပေးခြင်းမပြုရ။

**လုကာ ၁၅း၃–၇** "ထိုအခါ ဥပမာစကားကိုမိန့်တော်မူသည်ကား၊ သင်တို့တွင် တစုံတယောက်သောသူ၌ သိုးတရာရှိ၍၊ သိုးတကောင်ပျောက်လျှင်၊ ကိုးဆယ်ကိုးကောင်သော သိုးတို့ကို တောတွင်ထားခဲ့ပြီးမှ၊ ပျောက်သောသိုး တကောင်ကို မတွေ့မှီတိုင်အောင်သွား၍ မရှာဘဲနေမည်လော။ တွေ့ပြီးလျှင်ဝမ်းမြောက်သောစိတ်နှင့် ပခုံးပေါ်မှာတင်ထမ်း၍၊ မိမိအိမ်သို့ရောက်သောအခါအဆွေခင်ပွန်းအိမ်နီးချင်းများကိုခေါ်၍၊ ပျောက်သောသိုးကို ငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့ဟု ဆိုတတ်သည်မဟုတ်လော။ ထိုနည်းတူဖြောင့်မတ်၍ နောင်တရ စရာအကြောင်းမရှိသောသူကိုးဆယ်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသော လူဆိုးတယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြသည်ဟု ငါဆို၏။"

## သာသနာပြုသူသည် စိတ်ရှည် သည်းခံမှုရှိရမည်။

**သုတ္တံကျမ်း ၂၅း၁၅** "ကြာမြင့်စွာသည်းခံလျှင် မင်းကိုဖျောင်းဖျနိုင်၏။ ချိုသောစကားသည်လည်း အရိုးကျိုးအောင်တတ်နိုင်၏။"
(သာသနာပြုသူသည် အသင်းတော်တခုလုံးကိုပြုပြင်ပြောင်းလဲဖို့ အခွင့်အရေး

ရှိဆုံးမှာ အသင်းတော်ဆရာပင်ဖြစ်သည်။ စိတ်ရှည်သည်းခံစွာဖြင့်သူတို့၏ မကောင်းသော အရိုးကိုကျိုးအောင်တတ်နိုင်၏။ သာသနာပြုသူသည်ထာဝရ ဘုရားကိုဦးတည်ထားပြီးသူတို့၏မကောင်းသောအကျင့်ကိုပြုပြင်ပြောင်းလဲပေး နိုင်သည်ကို တွေ့မြင်လာမည်ဖြစ်ပါသည်။)

**၁ တိမောသေ ၃း၃** " စပျစ်ရည်နှင့်ပျော်မွေ့ခြင်း၊ သူတပါးကိုရိုက်ပုတ်ခြင်း၊ မစင်ကြယ်သောစီးပွားကိုတပ်မက်ခြင်းမရှိ၊ စိတ်ဖြည်းညှင်းသောသူ၊ ရန်မတွေ့ တတ်သောသူ၊ ငွေကိုမတပ်မက်သောသူဖြစ်ရမည်။"

**၁ တိမောသေ ၆း၁၁** "သို့ဖြစ်၍၊ အိုဘုရားသခင်၏လူ၊ သင်သည် ထို အပြစ်များကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော် ခြင်း၊ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကိုမှီအောင်လိုက် လော့။"

**၂ တိမောသေ ၃း၁၀** "ငါဆုံးမဩဝါဒပေးခြင်း၊ အကျင့်ကျင့်ခြင်း၊ ကြံစည် ခြင်း၊ သစ္စာစောင့်ခြင်း၊ စိတ်ရှည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်းတို့ကိုရင်း– "

**ရှင်ယာကုပ် ၁း၁၉** "သို့ဖြစ်၍၊ ငါချစ်သောညီကိုတို့၊ ခပ်သိမ်းသောသူတို့ သည် နားကြားခြင်း၌ လျင်မြန်ကြစေ။ စကားပြောခြင်း၌ရင်း၊ အမျက်ထွက်ခြင်း ၌ရင်း နှေးကြစေ။"

## သာသနာပြုသူ၏အမိန့်အာဏာကို သဘောထားကြီးစွာစေ့စေ့စပ်စပ် လေးစားမှုဖြင့် အသုံးပြုရမည်။

**ဓမ္မရာဇဝင်ဒုတိယစောင် ၂၃း၂–၄** "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အားဖြင့်မိန့်တော်မူ၏။ နှုတ်ကပတ်တော်သည်ငါ့လျှာ၌တည်၏။ ဣသရေလ အမျိုး၏ဘုရားသခင်၊ ဣသရေလအမျိုး၏ကျောက်သည် ငါ့အားဖြင့် မိန့်မြွက် တော်မူသည်ကား၊ လူတို့ကိုအုပ်စိုးသောသူသည် တရားသဖြင့်စီရင်၍ ဘုရား

သခင်ကိုကြောက်ရွံ့လျက် အုပ်စိုးရမည်။ မိုဃ်းမအုံ့၊ နေထွက်သော နံနက် အလင်းကဲ့သို့၎င်း၊ မိုဃ်းရွာပြီးမှနေပေါ်ထွန်းသဖြင့် မြေ၌ပေါက်သောမြက်နုကဲ့သို့၎င်းဖြစ်ရလိမ့်မည်။"
(သာသနာပြုသူသည် အလင်းရောင်တောက်ပပြီး နံနက် အလင်းကဲ့သို့ဖြစ်ရမည်။ သာသနာပြုသူ၏အမိန့်အာဏာ(အုပ်စိုးမှု အောက်တွင် ယုံကြည်သူညီကိုများသည် ကြောက်ရွံ့ခြင်းနှင့် တုန်ရီခြင်းများမရှိရ။ ဤကျမ်းချက်ကဲ့သို့ဖြစ်ရမည်။)

**၂ ကောရိန္သု ၁း၂၄** "ငါသည် သင်တို့၏ယုံကြည်ခြင်းကို အစိုးရသည် မဟုတ်။ သင်တို့၏ဝမ်းမြောက်ခြင်းအကြောင်းကို ကူမ၍သာပြုကြ၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ယုံကြည်ခြင်းအားဖြင့် သင်တို့သည်တည်နိုင်ကြ၏။"

## သာသနာပြုသူသည် သူ၏မိသားစုကို မှန်ကန်သည့်နည်းလမ်းအတိုင်း ကျင်နာစွာဦးဆောင်လမ်းပြပေးရမည်။

**ကမ္ဘာဦးကျမ်း ၁၈း၁၉** "အကြောင်းမူကား၊ သူသည်မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည်အရာကိုငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏တရားလမ်းသို့လိုက်၍၊ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ဂတိတော်ရှိသည်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ ပြုရသောအခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။"

**တရားဟောရာကျမ်း ၆း၆–၈** "ယနေ့ ငါမှာထားသောစကားကို နှလုံးသွင်းရမည်။ ထိုစကားကိုသင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျှက်နေသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ၊ ထိုစကားကိုပြောရမည်။ ထိုစကားကိုလည်းသင်၏လက်၌လက္ခဏာသက်သေတို့ရာ၎င်း၊ သင်၏မျက်စိကြားမှာ သင်းကျစ်ကဲ့သို့၎င်းချည်ထားရမည်။"

**ဓမ္မရာဇဝင်ပဌမစောင် ၂း၁၂–၁၇** "ဧလိယသားတို့သည် ထာဝရဘုရားကိုမသိ၊အဓမ္မလူဖြစ်ကြ၏။ လူများတို့တွင် ယဇ်ပရောဟိတ်ပြုသောထုံးစံဟူမူကား၊

ယဇ်ပူဇော်၍အမဲသားကိုပြုတ်စဉ်အခါ၊ယဇ်ပရောဟိတ်၏အစေအပါတယောက် သည်လာ၍၊ သုံးချောင်းရှိသောအမဲချိတ်ကိုကိုင်လျက်၊ အိုးအစရှိသည်တို့၌ ထိုး ခပ်၍၊ အမဲချိတ်တွင်ပါသမျှကိုယဇ်ပရောဟိတ်သည်သိမ်းယူတတ်၏။ ရှိလောမြို့ သို့ရောက်လာသော ဣသရေလလူအပေါင်းတို့အား ထိုသို့ပြုကြ၏။ ဆီဥကိုမီး မရှို့မီ၊ ယဇ်ပရောဟိတ်၏အစေအပါသည်လာ၍၊ ယဇ်ပရောဟိတ်ဘို့ ကင်စရာ အမဲသားကိုပေးပါ။ ပြုတ်သောအမဲသားကိုမယူ၊ စိမ်းသောအမဲသားကိုသာယူ မည်ဟု ယဇ်ပူဇော်သောသူအားဆိုတတ်၏။– ထိုသူက၊ ဆီဥကိုအရင်မီးမရှို့ပါ ရစေ။ နောက်မှယူချင်တိုင်းယူပါမည်ဟုဆိုလျှင်၊ မဟုတ်ဘူးယခုပေးရမည်။ သို့မ ဟုတ် အနိုင်ယူမည်ဟုပြောဆိုတတ်၏။– ထိုယဇ်ပရောဟိတ်ပျိုတို့သည်၊ ထာဝ ရဘုရားဝတ်ကို လူများရွံရှာစရာပြုသောကြောင့်၊ ရှေ့တော်၌အလွန်အပြစ်ကြီး သောသူဖြစ်ကြ၏။”

(ဤပုံပမာကိုကြည့်ခြင်းအားဖြင့်ယဇ်ပရောဟိတ်၏မိသားစုဖြစ်သည့်သားများ သည် ထာဝရဘုရားကိုဦးထိပ်မထားကြောင်းထင်ရှားနေပါသည်။ ထို့ကြောင့် သာသနာပြုသူများသည် ထာဝရဘုရားသခင်ကိုဦးထိပ်ထားပြီးသူတို့၏မိသား စုသည်လည်းစံပြပုံပမာကောင်းဖြစ်နေရမည်။ ငယ်ရွယ်သည့်အချိန်မှစပြီးစိတ် ရှည်သည်းခံစွာဖြင့် ဆုံးမသွန်သင်ရမည်၊ ထာဝရဘုရားသခင်နှင့်အတူရှောက် လှမ်းမှသာ စစ်မှန်သည့်ကောင်းကြီးမင်္ဂလာကိုခံစားရမည်ဖြစ်ပါသည်။ ထိုနည်း တူငယ်ရွယ်သည့် သားသမီး ကလေးသူငယ်များသည်လည်း ဆိုဆုံးမမှုကိုနာခံ ပြီး အတူတကွ ကျမ်းစာဖတ်၊ ဆုတောင်းခြင်းအားဖြင့်ကောင်းသည့်ပုံပမာဖြစ်မှ တမိသားစုလုံး ကောင်းကြီးမင်္ဂလာကိုခံစားရမည်ဖြစ်ပါသည်။)

**ဓမ္မရာဇဝင်ပဌမစောင် ၂း၂၂–၂၄** “ဧလိယသည်အသက်အရွယ်လွန်သော အခါ၊ သူ၏သားတို့သည် ဣသရေလလူအပေါင်းတို့၌ ပြုသမျှကိုဇ်၊ ပရိသတ် စည်းဝေးရာ တဲတော်တံခါးနားမှာ မိန်းမနှင့်မှားယွင်းကြောင်းကိုဇ် ကြားသိ လျှင်၊ သင်တို့သည်အဘယ်ကြောင့်ဤသို့ပြုကြသနည်း။ သင်တို့ပြုသောဒုစ ရိုက်တို့ကိုလူအပေါင်းတို့သည်ပြော၍ ငါကြား၏။ မကောင်းဘူးငါ့သားတို့။ ငါ ကြားသောသိတင်းသည်ကောင်းသောသိတင်းမဟုတ်။ ထာဝရဘုရား၏လူတို့ သည် ပြစ်မှားရမည်အကြောင်း၊ သင်တို့ပြုကြသည်တကား။”

(အသင်းတော်တွင်မှောက်မှားခြင်းဖြစ်သောကြောင့် စိတ်မကောင်းစရာ နှစ်ဆ

ဖြစ်နေပါသည်။ အခြားသူများလိုက်ရောက်ဖို့အားပေးအားမြှောက်ဦးတည်နေသောကြောင့် မကောင်းသည့်ပုံပမာဖြစ်ပါသည်။)

**ဓမ္မရာဇဝင်ပဌမစောင် ၂း၂၇– ၃၄**"ဘုရားသခင်၏လူတယောက်သည် ဧလိထံသို့လာ၍ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည်၊ ဖာရောဘုရင်ထံ၌နေရသော သင့်အဘ၏အမျိုးအား ငါထင်ရှားသည်မဟုတ်လော။ ငါ၏ယဇ်ပလ္လင်ပေါ်မှာပူဇော်ခြင်း၊ နံ့သာပေါင်းကိုမီးရှို့ခြင်း၊ ငါ့ရှေ့မှာသင်တိုင်းကိုဝတ်ခြင်းအမှုကိုစောင့်ရသော ငါ၏ယဇ်ပရောဟိတ်ဖြစ်စေခြင်းငှါ၊ သူ့ကိုဣသရေလအမျိုးအပေါင်းတို့အထဲကငါရွေးကောက်သည်မဟုတ်လော။ဣသရေလအမျိုးသားတို့သည်မီးဖြင့်ပြုသောပူဇော်သက္ကာရှိသမျှတို့ကို၊ သင့်အဘ၏အမျိုးအားငါပေးသည်မဟုတ်လော။ငါ့အိမ်၌ငါစီရင်သောယဇ်၊ငါ့ပူဇော်သက္ကာကိုအဘယ်ကြောင့်ခြေနှင့်ကန်သနည်း။ ငါ၏လူဣသရေလအမျိုးသားတင်လှူသော ပူဇော်သက္ကာရှိသမျှတို့တွင်၊ အမြတ်ဆုံးသောအရာကိုဝစွာစားစေ၍၊ သင်၏သားတို့ကိုငါ့အပေါ်မှာအဘယ်ကြောင့်ချီးမြှောက်သနည်း။ ထိုသို့ပြုသောကြောင့်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင့်အမျိုး၊ သင်၏အဘအမျိုးသည် ငါ့ရှေ့မှာအစဉ်သွားလာရလိမ့်မည်ဟုငါဆိုမိသော်လည်း၊ တဖန် ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုဂတိသည် ငါနှင့်ဝေးပါစေ။ ငါ့ကိုချီးမြှောက်သောသူတို့ကိုငါချီးမြှောက်မည်။ ငါ့ကိုမထီမဲ့မြင်ပြုသောသူတို့သည်ဂုဏ်အသရေ ပျက်ရကြလိမ့်မည်။ သင်၏အမျိုးတွင်အိုသောသူတယောက်မျှမရှိစေခြင်းငှါ၊ သင်၏လက်ရုံးနှင့် သင့်အဆွေအမျိုး၏လက်ရုံးကိုဖြတ်သောအချိန်ကာလ ရောက်လိမ့်မည်။ ဣသရေလအမျိုးအားငါပေးသောစည်းစိမ်ရှိရာအိမ်ပေါ်မှာဘေးဥပဒ်ရောက်ကြောင်းကို သင်မြင်ရလိမ့်မည်။ သင်၏အမျိုးတွင်အိုသောသူတယောက်မျှအစဉ်မရှိရ။ ငါ၏ယဇ်ပလ္လင်မှငါမပယ်မဖြတ်သောသင်၏အမျိုးသားသည်၊ သင့်မျက်စိပြတ်၍ စိတ်ကြင်နာဘို့ရာ ဖြစ်လိမ့်မည်။ သင်၏သားစဉ်မြေးဆက်တို့သည် အသက်ပျိုစဉ်ပင်သေရကြလိမ့်မည်။ သင်၏သားဟောဖနိနှင့် ဖိနဟတ်နှစ်ယောက်တို့၌ဖြစ်စေ၍၊ သင့်အား ငါပေးသောပုပ္ပနိမိတ်ဟူမူကား၊ ထိုသူနှစ်ယောက်တို့သည် တနေ့ခြင်းတွင်သေလိမ့်မည်။"

**ဓမ္မရာဇဝင်ပဌမစောင် ၃း၁၂– ၁၃**"ဧလိအိမ်သားတို့တဘက်၌ ငါပြောသမျှအတိုင်း ထိုနေ့တွင်ငါပြုမည်။ ပြုစရှိပြီးမှလက်စသတ်မည်။ ထိုသူ၏သား

တို့သည် ကိုယ်ယုတ်မာသည်တိုင်အောင်၊ ကိုယ်ပြုသော ဒုစရိုက်အပြစ်ကိုသူ သိသော်လည်း ကျပ်တည်းစွာ မဆုံးမဘဲနေသောကြောင့်၊ သူ၏အိမ်သားတို့၌ ငါသည်အစဉ်အမြဲဒဏ်ပေးမည်ဟု ငါပြောပြီ။"

(သူ၏သားများသည်ဆိုးသွမ်းသည့်အရာတွင် အစွန်အဖျားထိတည်ရှိနေပြီကို ဧလိရှင်းလင်းစွာသိနေခဲ့ပါသည်။ သူပြောဆိုသော်လည်း ကျိုးနွံအောင်ဆုံးမခြင်း မရှိသောကြောင့်ဖြစ်ပါသည်။ **အခန်းကြီး၂း၂၃–၂၄"သင်တို့သည်အဘယ်ကြောင့်ဤသို့ပြုကြသနည်း။ သင်တို့ပြုသောဒုစရိုက်တို့ကိုလူအပေါင်းတို့သည် ပြော၍ ငါကြား၏။ မကောင်းဘူးငါ့သားတို့။ ငါကြားသောသိတင်းသည်ကောင်းသောသိတင်းမဟုတ်။ ထာဝရဘုရား၏လူတို့သည် ပြစ်မှားရမည်အကြောင်း၊ သင်တို့ပြုကြသည်တကား။" သုတ္တံကျမ်း ၁၉း၁၈ "မြော်လင့်စရာရှိစဉ်အခါ၊ ကိုယ်သားကို ဆုံးမလော့။ သူ့ကိုအကျိုးနည်းအောင် သနားသောစိတ်မရှိစေနှင့်။"** ဧလိသည်သားများကိုပြောဆိုသော်လည်း စည်းကမ်း ဥပဒေအတိုင်း ကောင်းမွန်လာအောင် ဆိုဆုံးမမှု မရှိသောကြောင့်ဖြစ်သည်။ ထိုရလဒ်မှာ မိသားစုအတွက်သော်၎င်း၊ များသောဣသရေလထဲတွင်သော်၎င်း အန္တရာယ် ဒုက္ခဖြစ်နေတတ်ပါသည်။)

**ဓမ္မရာဇဝင်ပဌမစောင် ၄း၁၁**"ဘုရားသခင်၏သေတ္တာတော်သည် ရန်သူလက်သို့ရောက်၍၊ ဧလိ၏သား ဟောဖနိနှင့် ဖိနဟတ်နှစ်ယောက်တို့သည် အသက်ဆုံးလေ၏။"

## သာသနာပြုသူများ၏စိတ်နေသဘောထားလွှမ်းခြုံမှုသည်ဘုရားသခင်၏လူတို့အပေါ်တွင်မေတ္တာစိတ်သက်ရောက်ရမည်။

**မဿဲ ၂၂း၃၉** "ထိုမှတပါးကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့် သဘောတူ၏။"

**ရှင်ပေတရုသြဝါဒစာ ပဌမစောင် ၁း၂၂** "သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့်ဖြစ်ပွားမည် မဟုတ်။ မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသောအသက်ရှင်၍အစဉ်အမြဲတည်တော်မူသော ဘုရား

သခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသောကြောင့်၊ ညီကိုယ်များကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလို့ငှါ၊ စိတ်ထဲမှာသမ္မာတရားကိုနားထောင်လျက်၊ ကိုယ်စိတ်နှင့် နှလုံးကို စင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သောစိတ်နှင့် အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။"

**ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၄း၈** "အခြားသောအမှုအရာထက်မက၊ အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။ ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကိုဖုံးအုပ်တတ်၏။"

**ဖေက် ၄း၁၅** "မေတ္တာစိတ်နှင့် သမ္မာတရားကိုဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသော ခရစ်တော်မှာအရာရာတို့၌ကြီးပွားမည်အကြောင်းတည်း။"
(အသင်းတော်တွင် ဦးဆောင်လမ်းပြသည့်သာသနာပြုသူသည် ဘုရားသခင်နှင့် တိုက်ရိုက်ဆက်နွယ်နေဖို့ဆုတောင်းရမည်ဖြစ်ကြောင်း၊ သူ၏တရားဟောချက်တွင်လည်း ဝိညာဉ်၏မေတ္တာကြောင်းအမြဲထည့်ပြောဖို့ အကျွန်ုပ်ပြောဆိုခဲ့ဖူးပါသည်။ ဤအရာမှာ မရှိမဖြစ်လိုအပ်သော သဘောတရားဖြစ်ပါသည်။ သာသနာပြုသူသည် ထာဝရဘုရားသခင်၏လူများကို ပြောဆိုခြင်း (သို့) အကျွန်ုပ်တို့၏ကျမ်းစာအသိပညာဖြင့်ခြိမ်းခြောက်ခြင်းဘယ်သောခါမှမပြုလုပ်ရ။)

**သုတ္တံကျမ်း ၁၆း၂၁** "လိမ္မာသောစိတ်သဘောရှိသောသူသည် ပညာသတိရှိသည်ဟု ကျော်စောရာသို့ရောက်တတ်၏။ ချိုသောစကားကိုပြောတတ်သောနှုတ်သတ္တိသည်လည်း ပညာအတတ်တိုးပွားစေတတ်၏။"
(ဤအရာနှင့်ဆင်တူသည်ဟုတွေးသည့်ကျမ်းမှာ **ဖေက် ၄း၁၅"မေတ္တာစိတ်နှင့် သမ္မာတရားကိုဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသော ခရစ်တော်မှာအရာရာတို့၌ ကြီးပွားမည်အကြောင်းတည်း။"** ကျွန်ုပ်တို့သည် ရန်လိုသောအရာတစ်ခုခုကို ကိုင်တွယ်ဖြေရှင်းရမည် (သို့) အကျွန်ုပ်တို့သည် နှိမ့်ချခြင်းနှင့်သာယာနစ်လိုမှုခံရမည်။ ယုံကြည်သူညီကိုမောင်နှမများရှေး၏ခင်က ကိုင်တွယ်ဖြေရှင်းနည်းကို လေ့လာရလိမ့်မည်။)

**၁ ကောရိန္သု ၉း၁၉** "ငါသည် အဘယ်သူ၏ကျွန် မဖြစ်သော်လည်း သာ၍ များသော သူတို့ကိုရခြင်းအလိုငှါ လူတကာတို့၏ကျွန်ခံရ၏။"

**သာသနာပြုသူသည် မိမိစိတ်နေသဘောထားအရာ ဘုရားသခင်၏လူတို့အပေါ်မေတ္တာထားခြင်း၌သူတို့ကိုအားပေးစကားပြောခြင်းများပြုလုပ်ပေးရမည်။ ဘုရားသခင်းရဲ့အမှန်တရား၊သမ္မာတရားဘက်၌သာ ရပ်တည်ရမည်။ အမှန်တရားအတွက် အထီးကျန်ဆန်သလိုခံစားနေရသော်လည်း ထိုအမှန်တရားအတွက်သာရပ်တည်ရမည်။**

**ဓမ္မရာဇဝင်တတိယစောင် ၁၈း၂၂-၂၄** "တဖန် ဧလိယက၊ ထာဝရဘုရား၏ပရောဖက်ကား ငါတယောက်တည်းကျန်ရစ်၏။ ဗာလ၏ပရောဖက်ကား လေးရာ ငါးဆယ်ရှိကြ၏။ နွားနှစ်ကောင်ကိုပေးကြလော့။ သူတို့သည် တကောင်ကိုရွေး၍ အပိုင်းပိုင်းဖြတ်ပြီးလျှင်ထင်းပေါ်မှာတင်ပါလေစေ။ မီးမထည့်စေနှင့်။ ငါလည်းနွားတကောင်ကိုလုပ်၍ ထင်းပေါ်မှာတင်မည်။ မီးကိုမထည့် သင်တို့သည် သင်တို့ဘုရားများ၏နာမကိုအော်ဟစ်ကြလော့။ ငါလည်း ထာဝရဘုရား၏နာမတော်ကိုဟစ်ခေါ်မည်။ မီးဖြင့်ထူးတော်မူသောဘုရားသည် ဘုရားသခင်မှန်ပါစေဟု လူများတို့အားပြောဆိုလျှင်၊ လူအပေါင်းတို့က၊ ဧလိယ၏စကားသည် လျောက်ပတ်ပေသည်ဟုဆိုကြ၏။"

**သုတ္တံကျမ်း ၂၈း၁** "လိုက်သောသူမရှိသော်လည်း၊ မတရားသောသူသည် ပြေးတတ်၏။ ဖြောင့်မတ်သောသူမူကား၊ ခြင်္သေ့ ကဲ့သို့ရဲရင်တတ်၏။"

**တိမောသေဩဝါဒစာဒုတိယစောင် ၂း၁** "ငါ့သား၊ သင်သည် ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့။"

**သာသနာပြုသူသည် ဘုရားတရားကြည်ညိုစွာ ရဲစွမ်းသတ္တိနှင့် အတူ အားပေးစကား ပြောတတ်ရမည်။ ထာဝရဘုရား၏ နှုတ်တော်ထွက်**

## စကားလုံးမပါဘဲ လူအစုအဝေးတွင် ဟောပြောခြင်း၊ နှစ်သိမ့်ခြင်း၊အား ပေးစကားပြောဆိုခြင်း မရှိရ။

**ဟေရှာယ ၅၈း၁** "အသံမလျှော့ဘဲကြွေးကြော်လော့။ တံပိုးစံကဲ့သို့ အသံကိုလွှင့်၍၊ ယာကုပ်အမျိုးသားဖြစ်သောငါ၏ လူတို့အား၊ သူတို့ဒုစရိုက် အပြစ်ကိုဘော်ပြလော့။"

**ဟေရှာယ ၃၀း၈–၁၁** "သင်သည်ယခုသွား၍သူတို့ရှေ့မှာသင်ပုန်း၌ရေး ထားရသောအချက်၊ နောင်ကာလအစဉ်အဆက်တည်စေခြင်းငှါ၊ စာစီ၍မှတ် သားရသောအချက်ဟူမူကား၊ဤလူမျိုးသည်ပုန်ကန်တတ်၏။ဖောက်ပြန်သော အမျိုးသား၊ ထာဝရဘုရား၏တရားတော်ကိုနာယူခြင်းငှါအလိုမရှိသောအမျိုး သားဖြစ်ကြ၏။ သူတို့ကလည်း၊ ဗျာဒိတ်တော်ကိုမခံပါနှင့်ဟု ဗျာဒိတ်တော်ခံ သောသူတို့အားငှင်း၊ မှန်သောစကားကိုငါတို့အား မဟောပါနှင့်။ ချော့မော့ သောစကားကိုပြောကြပါ။ လှည့်သောစကားကို ဟောကြပါ။ လမ်းလွှဲကြပါ။ မှန်သောလမ်းကို ရှောင်ကြပါ။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားကို ကွယ်ထားကြပါဟု ပရောဖက်တို့အားငှင်းဆိုတတ်ကြ၏။"
(တခါတရံမှာ သာသနာပြုသူသည်မှန်ကန်သော ပညတ်တရားအကြောင်း ဟောကြားရာတွင် မှားယွင်းသောညီကိုမောင်နှမများစိတ်အနှောင့်အယှက် ပေးပြီးတိုက်ခိုက်တတ်ကြပါသည်။
**ရောမ ၈း၄** "အကြောင်းမူကား၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိ အတိုင်းကျင့်သောငါတို့သည်၊ တရား၌ပါသောပညတ်တို့ကိုစောင့်ရှောက်မည် အကြောင်းတည်း။"
ပညတ်တော်များကိုသူတို့လိုက်နာလိုက်ရှောက်ဖို့မဖြစ်နိုင်ကြောင်းသူတို့ပြော ဆိုလာသော်လည်း သာသနာပြုသူသည်သူတို့အား ကောင်းမွန်စွာ အားပေး စကားပြောခြင်းနှင့်ထာဝရဘုရား၏နှုတ်တော်ထွက်စကားလုံးဖြင့် အားလုံးကို ကာကွယ်ပေးရမည်။)

**ယေရမိ ၅း၃၁** "ပရောဖက်တို့သည်မဟုတ်မမှန်ဟောပြောကြ၏။ ယဇ် ပရောဟိတ်တို့သည် ဝန်ခံ၍အစိုးရကြ၏။ ထိုသို့သောအမှုကို ငါ၏လူတို့သည်

နှစ်သက်ကြ၏။ ထိုအမှုဆုံးသောအခါသင်တို့သည် အဘယ်သို့ပြုကြလိမ့်မည် နည်း။”
(သာသနာပြုသူသည် ထာဝရဘုရား၏နှုတ်တော်ထွက်စကားအပေါ်တွင် ညင်သာစွာ စုံစမ်းခြင်းကိုခံရသော်လည်း ယေရမိ၏စကားလုံးများအဆုံး၌ အဘယ်သို့ဖြစ်မည်ကို သူတို့စဉ်စားတွေးတောရမည်ဖြစ်သည်။ ဘာသာရေးဝတ်ပြုကိုးကွယ်ဖို့ရောက်လာသောလူစုအဝေးတို့ကို ညင်သာစွာဟောပြောခြင်း၏အဆုံး၌ အဘယ်သို့အဆုံးသတ်မည်နည်း။ဧင်းမှာဝိညာဉ်ရေးကျန်းမာအောင်အားပေးအထောက်အကူဖြစ်မှာလား (သို့) ဝိညာဉ်ရေးပျက်စီးယိုယွင်းသွားမှာလား။

**၂ တိမောသေ ၄း၂-၅** “အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။ အကြောင်းမူကား၊ နောင်ကာလ၌လူတို့သည်စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ၊ယားတတ်သောနားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်းများပြားသော များပြားသောဆရာတို့နောက်သို့လိုက်ကြလိမ့်မည်။သမ္မာတရားကိုနားမထောင်ဘဲ၊ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။ သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကိုသည်းခံလော့။ သာသနာပြုဆရာဆောင်ရွက်ရသော အမှုကိုဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ခန့်ထား၍ ပြုရသောဝတ်များကိုအကုန်အစင်ပြုလော့။”
(အချို့သောညီကိုယ်များသည် သူတို့နားဝင်သောအရာစိတ်သက်သာပျော်ရွှင်စေသော အရာအတွက်သာ လိုက်ရှောက်သဘောတူခြင်းရှိပါသည်။ ထာဝရဘုရားအတွက် လိုလိုလားလား အမှန်တရားဘက်ကနေရပ်တည်နေခြင်းအားဖြင့် လူအများမနှစ်သက်ခြင်းမှာပြသနာမဟုတ်ပါ။ သို့သော် သာသနာပြုသူသည် လူများသာယာမှုထောင်ချောက်တွင်ကျရှုံးခြင်းမရှိရ။)

**သာသနာပြုသူသည် လူများကိုဖြေရှင်းပေးနိုင်ဖို့အရည်အချင်းရှိသောသူဖြစ်ရမည်။ မကြာခဏဆုတောင်းခြင်းနှင့်တရားအတိုင်းဉာဏ်ပညာရှိစွာ တရားဆုံးဖြတ်ပေးခြင်းသိသာနေရမည်။**

**သုတ္တံကျမ်း ၁း၅** "ပညာရှိသောသူသည် နားထောင်သဖြင့်၊ ပညာအတတ်တိုးပွားရလိမ့်မည်။"

**သုတ္တံကျမ်း ၂း၁–၇** "ငါ့သား၊ သင်သည် ပညာစကားကိုနားထောင်၍၊ စေတနာစိတ်နှင့်ဉာဏ်ကိုရှာဖွေသည်တိုင်အောင်၊ ငါ့စကားကိုနားခံ၍ ငါ့ပညတ်တို့ကို ကိုယ်ထဲ၌သွင်းမိလျှင်ငှင်း၊ သိပ္ပံအတတ်ကိုခေါ်၍၊ ဉာဏ်နောက်သို့အသံကိုလွှင့်လျှင်ငှင်း၊ ငွေကိုရှာတတ်သကဲ့သို့ပညာကိုရှာ၍၊ ဝှက်ထားသော ဘဏ္ဍာကို စူးစမ်းတတ်သကဲ့သို့၊ ဉာဏ်ကို စူးစမ်းလျှင်ငှင်း၊ ထာဝရဘုရားကို ကြောက်သောသဘော၌ကျင်လည်၍၊ ဘုရားသခင်ကိုသိသောဉာဏ်နှင့်ပြည့်စုံလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည်ပညာကိုပေးတော်မူတတ်၏။ နားလည်နိုင်သောဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏။ ဖြောင့်မတ်သောသူတို့အဘို့ပညာနာတရာကိုသိုထားတော်မူ၏။ တရားသဖြင့်ကျင့်သောသူတို့ကို ကွယ်ကာတော်မူ၏။"
(ဉာဏ်ပညာနှင့်စပ်လျင်း၍သတိပေးချက်ခြင်း၊ သိသာမြင်တွေ့ခြင်း၊ တရားဆုံးဖြတ်ခြင်းအကြောင်းအရာများအားလုံးကို ဤကျမ်းထဲတွင်တွေ့မြင်ရပါသည်။ သုတ္တံကျမ်းကို သာသနာပြုသူများမကြာမကြာလေ့လာဖတ်ရှုသင့်သည်။)

**ရှင်ယာကုပ် ၁း၅** "သင်တို့တွင် တစုံတယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အားစေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ။"

**ရှင်ယာကုပ် ၃း၁၃** "သင်တို့တွင် အတတ်လိမ္မာနှင့်ပြည့်စုံသောပညာရှိတစုံတယောက်ရှိလျှင်၊ ထိုသူသည် ပညာ၏နူးညံ့ခြင်းနှင့်တကွ၊ ကောင်းမြတ်သောအကျင့်အကြံပြုမှုခြင်းအားဖြင့်မိမိအမှုတို့ကိုပြပါစေ။"

## သာသနာပြုသူသည် ထာဝရဘုရားသခင်၏လူများအပေါ်တွင်မျက်နှာလိုက် ဘက်လိုက်ခြင်းမရှိဘဲ ဖြေရှင်းခြင်းကိုပြုရမည်။

အချို့သောသာသနာပြုသူများသည် ထောင်ချောက်ဖြစ်သည့် ချမ်းသာကြွယ်ဝမှုနောက်ဘက်လိုက်ပြီး အရှိန်အဝါရှိသောအသင်းဝင်ဘက်ကလိုက်ပြီးကျရှုံးတတ်ပါသည်။ တခါတရံမှာငွေရေးကျေးရေးအဆင့်တန်းရာထူးမြင့်သောသူတို့ကိုလက်တင်(ဘိသိပ်)ပေးခံရဖို့ (သို့မဟုတ်) သာသနာပြုသူများကိုသူတို့ဘက်ထောက်ခံပေးရန်နှင့် မျက်နှာသာပေးဖို့ မကြာခဏ ငွေကြေးပေးခြင်းများမြင်တွေ့ရတတ်ပါသည်။ ဤပြင်းစွာသော ပြုမှုကျင့်ကြံမှုကို ပြစ်တင်ရှုတ်ချထားသောကျမ်းလည်းရှိပါသည်။

**တရားဟောရာကျမ်း ၁း၁၇** "တရားအမှုကိုစီရင်သောအခါ အဘယ်သူ၏မျက်နှာကို မထောက်ရ။ လူငယ်စကားကိုလူကြီးစကားကဲ့သို့မှတ်ရမည်။ အဘယ်လူကိုမျှမကြောက်ရ။အကြောင်းမူကား၊ တရားအမှုကိုဘုရားသခင်ပိုင်တော်မူသောကြောင့်တည်း။ ကိုယ်တိုင် မစီရင်တတ်သောအမှုကို ငါ့ထံမှာအယူခံရမည်။ ငါလည်း နားထောင်မည်။"

**တရားဟောရာကျမ်း ၁၆း၁၈** "သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူသောမြို့ ရှိသမျှတို့တွင်၊ တရားသူကြီး၊ အရာရှိတို့ကိုသင့်နေရာခရိုင်များ၌ အနှံ့အပြားခန့်ထားရမည်။ သူတို့သည်၊ လူမျိုးတို့တွင်တရားမှုကို တရားသဖြင့်စီရင်ရကြမည်။"

**ဝတ်ပြုရာကျမ်း ၁၉း၁၅** "ဆင်းရဲသောသူဘက်၌ မငဲ့ကွက်၊ ကြီးသောသူ၏မျက်နှာကိုမထောက်ဘဲ၊ ကိုယ်အမျိုးသားချင်းကို တရားသဖြင့်စီရင်ရမည်။"

**ဓမ္မရာဇဝင်ပဌမစောင် ၁၆း၇** " ထာဝရဘုရားက၊ သူ၏မျက်နှာသူ၏အရပ်ကိုမကြည့်မရှုနှင့်။ သူ့ကိုငါပယ်ပြီ။ ထာဝရဘုရားသည် လူမြင်သကဲ့သို့မြင်တော်မူသည်မဟုတ်။ လူသည်အဆင်းသဏ္ဍာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကိုကြည့်ရှုတတ်သည်ဟု ရှမွေလအားမိန့်တော်မူ၏။"

**သုတ္တံကျမ်း ၁၈း၁၇** "ကိုယ်အမှုကိုအဦးစောင့်၍ပြောသောသူသည် ဖြောင့်မတ်ရာသို့ ရောက်သော်လည်း၊ အိမ်နီးချင်းလာ၍ စစ်ကြောတတ်၏။"

**သုတ္တံကျမ်း ၁၈း၁၃** "အကျိုးအကြောင်းကို မစစ်မှီ၊ အမှုစီရင်သောသူသည် မိုက်သောအပြစ်၊ အရှက်ကွဲရသောအပြစ်ရှိ၏။"
(သာသနာပြုသူသည် နှစ်ဦးနှစ်ဘက်ပြောသောစကားများနားထောင်ပြီးမှ သဘောအယူအဆဆုံးဖြတ်ပေးရမည်ဖြစ်သည်။)

**ယောဟန် ၇း၂၄** "မျက်နှာကိုသာကြည့်၍ မစီရင်ကြနှင့်။ တရားသဖြင့်စီရင်ကြလော့ဟု မိန့်တော်မူ၏။"

**ဟေရှာယ ၁၁း၂-၄** "ထာဝရဘုရား၏ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသောဝိညာဉ်၊ ကြံစည်တတ်စွမ်းနိုင်သော သတ္တိကိုပေးဝိညာဉ်၊ ထာဝရဘုရားကို သိ၍ကြောက်ရွံ့သောသဘောကိုပေးသောဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိမ်းဝပ်တော်မူလိမ့်မည်။ ထိုသူသည် ထာဝရဘုရားကိုကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ မိမိမျက်စိမြင်သည်အတိုင်းတရားကိုမစီရင်၊ မိမိနားကြားသည်အတိုင်းမဆုံးဖြတ်ဘဲ၊ ဆင်းရဲသားတို့၏ အမှုကို တရားတော်အတိုင်းစီရင်၍၊ နှိမ့်ချသောမြေကြီးသားတို့ဘက်၌နေလျက်၊ ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်။ မြေကြီးကိုနှုတ်ကပတ်တော် လှံတံနှင့်ဒဏ်ခတ်၍၊ ဆိုးသောသူကိုနှုတ်ခမ်းထွက်သက်နှင့်ကွပ်မျက်လိမ့်မည်။"
(ဤအရာမှာ ထာဝရဘုရား၏ကြိုတင်ပြောထားသည့်အကြောင်းအရာပင်ဖြစ်ပါသည်။ သာသနာပြုသူသည်လည်းသခင်ခရစ်တော်၏နည်းလမ်းစိတ်နှလုံးနှင့်အညီမှတ်ယူဆောင်ရွက်ရမည်။)

**ရှင်ယာကုပ် ၂း၁-၄** "ငါ့ညီကိုတို့၊ ဘုန်းကြီးတော်မူသောငါတို့ သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းအမှုမှာ၊ လူမျက်နှာကိုထောက်ခြင်းနရှိကြနှင့်။ ရွှေလက်စွပ်နှင့်တင့်တယ်သော အဝတ်ကိုဝတ်ဆင်သောသူ၊ ညစ်သောအဝတ်ကိုဝတ်၍ဆင်းရဲသောသူနှစ်ဦးသည် သင်တို့၏တရားစရပ်ထဲသို့ဝင်သောအခါ၊ တင့်တယ်သောအဝတ်ကို ဝတ်ဆင်သောသူကို ကြည့်၍၊ ကောင်းမွန်သောဤအရပ်မှာထိုင်ပါဟူ၍၎င်း၊ ဆင်းရဲသောသူကို၊ ဟိုမှာနေလော့၊ သို့မဟုတ် ဤအရပ်မှာ ငါ့ခြေတင်ခုံအောက်၌ထိုင်လော့ဟူ၍၎င်း၊ သင်တို့သည်ပြောဆိုလျှင်၊ တဘက်၌ ငဲ့ကွက်သောစိတ်ရှိ၍မကောင်းသောအကြံအစည်နှင့်စီရင်သောသူဖြစ်ကြသည်မဟုတ်လော့။"

**ရှင်ယာကုပ် ၂း၉** "သို့မဟုတ်လူမျက်နှာကိုထောက်လျှင်၊ ဒုစရိုက်ကို ပြုသောသူဖြစ်ကြ၏။ တရားကိုကျူးလွန်သောသူဟု ပညတ်တော်အားဖြင့်ထင်ရှားစွာဖြစ်ကြ၏။"

**၁ တိမောသေ ၅း၂၁** "ရှေ့မစွက မစီရင်၊ ငဲ့ကွက်သောစိတ်နှင့်အလျှင်းမပြုဘဲ၊ ဤပညတ်များကိုစောင့်ရှောက်မည်အကြောင်း၊ဘုရားသခင်နှင့်သခင်ယေရှုရှေ့မှာ၎င်း၊ ရွေးကောက်တော်မူသော ကောင်းကင်တမန်တို့ရှေ့မှာ၎င်း၊ ငါသည်သင့်ကိုသစ္စာပေး၏။"
( သာသနာပြုများနှင့် သူ၏ဇနီးမယားများ၊ အသင်းဝင်အဖွဲ့အစည်းထဲမှ သူငယ်ချင်းများတွင်ဤအရာမှာသဘာဝပင်ဖြစ်ပါသည်။ဤအရာမှာအချို့သောအကျွန်ုပ်တို့အတွက်ခိုင်မြဲစေဖို့အတွက်နှင့်အချို့သောသူများအတွက် မဟုတ်ချေ။ မည်မျှပင်ဖြစ်စေ အချို့သောဘာသာရေးအမြော်အမြင်ကြီးနေသူသည် သူတို့ထဲ၌ ကိုယ်ကျင့်တရား စာရိတ္တပညာစည်းကမ်းများနှင့် အကယ်၍လမ်းညွှန်ချက်များလိုက်နာခြင်း၊ လိုလိုလားလားအစေခံခြင်းနှင့် နှစ်သက်ခြင်းဖြင့် သာသနာပြုရမည်။ အကယ်၍ သာသနာပြုသူသည် ထာဝရဘုရား၏သတိပေးချက်တိမောသေကျမ်းကိုလေ့လာခြင်းအားဖြင့်ထာဝရဘုရားထံထိရောက်စွာဖြင့်အစေခံနေမည်ဖြစ်ပါသည်။)

**မဿဲ ၇း၁–၂** "သင်တို့သည်စစ်ကြောဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ရမည်အကြောင်းသူတပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ သင်တို့သည်အကြင် တရာအတိုင်း သူတပါးကိုစီရင်ကြ၏။ ထိုတရားအတိုင်း စီရင်ချင်းကိုခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့်သူတပါးအားပေး၏။ ထိုပမာဏအတိုင်းကိုယ်ခံရကြမည်။"

**သာသနာပြုသူသည် အသင်းသူအသင်းသားများကြားတွင်အငြင်းပွားစရာများကို ပါဝင်ဖြေရှင်းသင့်ပါသလား။ နီးကပ်စွာဤအရာဖြစ်လာခဲ့လျှင် သတိပေးတားမြစ်ရမည်။ အသင်းသူအသင်းသားများကြားတွင်အငြင်းပွားစရာများမဖြစ်ခင် သာသနာပြုသူသည် ကောင်းမွန်စွာသင်**

## ကြားပို့ချပေးခြင်း၊ အကြံပေးခြင်းများလုပ်ဆောင်ပေးရခြင်း။

**ရှင်လုကာ ၁၂း၁၃–၁၄** "လူအစုအဝေး၌ပါသောသူ တယောက်က၊ အရှင်ဘုရား၊အကျွန်ုပ်အစ်ကိုသည်အမွေဥစ္စာကို အကျွန်ုပ်အားပေးပါမည်အကြောင်း အမိန့်ရှိတော်မူပါဟုလျှောက်လျှင်၊ ကိုယ်တော်ကအချင်းလူ၊ အဘယ်သူသည် သင်တို့အမှုကိုစီရင်ခွဲဝေပိုင်သော အခွင့်ကိုငါ့အား အပ်ပေးသနည်းဟုမေးတော်မူ၏။"

(ဤတန်ဖိုးမဖြတ်နိုင်သောအကြံအဉာဏ်မှာ ယနေ့သာသနာပြုသူများအတွက်ဖြစ်ပါသည်။ သခင်ခရစ်တော်တွင် ပြီးပြည့်စုံသည့် ဉာဏ်ပညာရှိပါသည်။ အရေးကြီးသေချာသောအရှုပ်အထွေးများ၏အငြင်းစရာများထက်ပိုကောင်းမွန်လာအောင်သူပိုသိနေပြီးသားဖြစ်ပါသည်။ သာသနာပြုသူသည် ဤပုံပမာအတိုင်းလိုက်နာလိုက်ရှောက်ရမည်ဖြစ်ပါသည်။ အကယ်၍ညီကိုမောင်နှမများတွင်အငြင်းပွားစရာများကို မဖြစ်အောင်တားဆီးနိုင်ပါက ၎င်းသည်အမြော်အမြင်ရှိသည့်အရာပင်ဖြစ်ပါသည်။ သခင်ခရစ်တော်ဤအခြေအနေတွင် အဘယ်သူဘက်ကရှိနေခြင်းမဟုတ်ဘဲ အဘယ်သူကအချက်အချာကျသည့် လိုချင်ပြင်းပြသောကိစ္စ ဖြစ်စေ ခရစ်တော်သည်ပုံဆောင်ပြောဆိုဆုံးမပြီးဖြေရှင်းခဲ့ပါသည်။)

**၁ ကောရိန္သု ၆း၄–၅** "ထို့ကြောင့်သင်တို့သည်လောကီအမှုကိုစီရင်စရာရှိလျှင်၊ အသင်းတော်၌အသရေနည်းသောသူတို့ကိုတရားသူကြီးအရာ၌ခန့်ထားကြလော့။ ထိုသို့ဆိုသော်၊ သင်တို့ရှက်စေခြင်းငှါပြောဆို၏။ သင်တို့တွင်ပညာရှိသောသူမရှိသလော။ ညီအစ်ကိုချင်းတို့၏အမှုကိုစီရင်ဆုံးဖြတ်နိုင်သောသူ တစုံတယောက်မျှမရှိသလော။"

(ဤကျမ်းပိုဒ်သည် ဆန့်ကျင်ကိုးကားထားခြင်းတခုသာ မဟုတ်ပါ။ တခါတရံသာသနာပြုသူများသည် အငြင်းပွားစရာကိစ္စများအတွက်အပေးအယူလုပ်ဖို့ ခေါ်ဆိုတတ်ပါသည်။ သူတို့ဉာဏ်ပညာရှိဖို့အတွက်၊ အသနားကရုဏာဖြင့်ဖြေရှင်းနိုင်ရန်နှင့်ဤအခြေအနေအတွက်ပိုဆုတောင်းရမည်။)

**တရားဟောဆရာများသည် တရားဟောရမည်။ တခါတရံသူတို့သည် အသင်းသူအသင်းသားများရဲ့ သူတို့ကိုယ်သူတို့မှန်နေတယ်**

**လို့ထင်နေမှုကို ထောက်ပြပြီးပြုပြင်ပေးရမည်။ ပြုပြင်ပေးရာ၌ စိတ်ကို အပန်းဖြေစေကာ နူးညံ့ခြင်း၊ နှိမ့်ချခြင်းများဖြင့်ပြုပြင်ပေးရမည်။**

**ဂလာတိ ၆း၁–၂** "ညီအစ်ကိုတို့၊ လူသည်သတိလစ်၍ တစုံတခုသောဒုစရိုက်ကိုပြုမိလျှင်၊ဝိညာဉ်ဆုကျေးဇူးကိုခံရသော သင်တို့သည်အပြစ်သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည်အကြောင်း၊ ကိုယ်ကိုသတိပြုလျက် သိမ်မွေ့ နူးညံ့သောသဘောနှင့်၊ ထိုသို့သောသူကိုမစ၍၊ သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့။ ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီဆောင်ရွက်သောအားဖြင့် ခရစ်တော်၏တရားကိုကျင့်ကြလော့။"
(သာသနာပြုသူသည်လည်း လူသားဖြစ်သောကြောင့် အချို့သောအပြစ်များ ဒုက္ခတွင်ကျရှုံးတတ်သော်လည်း သူတို့၏ အစုအဝေးဖြစ်သည့်ယုံကြည်သူညီကိုမောင်နှမတွေနှင့်အတူဖြေရှင်းပေးရမည်ဖြစ်ပါသည်။)

**၁ တိမောသေ ၅း၁–၂** "အသက်ကြီးသောသူကို ကျပ်တည်းစွာ မဆုံးမနှင့်။ အဘကဲ့သို့မှတ်၍တောင်းပန်လော့။ လူပျိုတို့ကိုညီအစ်ကိုကဲ့သို့၎င်း၊ အသက်ကြီးသောမိန်းမတို့ကို အမိကဲ့သို့၎င်း၊ မိန်းမပျိုတို့ကိုအလွန်စင်ကြယ်သောအခြင်းအရာနှင့်တကွ၊ နှမကဲ့သို့၎င်းမှတ်၍ကျင့်လော့။"

**၂ တိမောသေ ၂း၂၄–၂၅** "သခင်ဘုရား၏ကျွန်သည်ရန်မတွေ့ရ။ ခပ်သိမ်းသောသူတို့အားဖြည်းညင်းစွာပြုသောသူ၊ဆုံးမဩဝါဒပေးခြင်းအမှု၌လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကိုဝန်ခံခြင်းအလို့ငှါ၊ နောင်တကိုဘုရားသခင် ပေးကောင်းပေးတော်မူ၍။")
**၂ တိမောသေ ၄း၂** "နှုတ်ကပတ် တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေကြိုးစားအားထုပ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။"

နောက်ထပ် စကားလုံး၏ သတိပေးညွှန်ပြထားသည်ကိုယနေ့အသင်းအဖွဲ့တွင်

ခက်ခဲရှုပ်ထွေးစေမှုမှာသာသနာပြုသူတို့သည်အထွေထွေကျွမ်းကျင်သူ၊ အထူးလူသားများ မဟုတ်ကြောင်းကိုသတိယရ ရမည်။ များသောညီအစ်ကိုမောင်နှမယုံကြည်သူများသည်အိုမင်းသော သာသနာပြုဟောင်းထံမှလေ့ကျင့်မှုနှင့် လေးနက်သည့် ပြဿနာကိုကျော်လွှန်နိုင်ကြပါသည်။ သာသနာပြုသူသည်အိမ်တွင်းအကြမ်းဖက်မှု အခြေအနေ၊ ကလေး(သို့) ခင်ပွန်းသည်များကိုစော်ကားခြင်း၊ စွဲစေသောအပြုအမူများစသဖြင့်အရာများကိုအကောင်းဆုံးဖြေရှင်းပေးနိုင်လျှင်အထူးကျွမ်းကျင်သည့်ပညာရပ်ဖြစ်ပါသည်။ သာသနာပြုသူသည် သူ၏လူစုအဝေးများကိုအားပေးရမည်ဖြစ်သည်။အကယ်၍သာသနာပြုသူသည်သင်းအုပ်ဆရာများအချို့နှင့်ဘာသာရပ်အဖြစ် သာသနာရေးတိုးမြင့်လာဖို့သူ၏သာသနာတွင်လုပ်ဆောင်နိုင်မည် အဘယ်ကြောင့်ဆိုသော် သူ၏အလုပ်တွင်အသိတရား ပညာနားလည်မှုအခြေခံပြဿနာနှင့်ယနေ့မူလအရင်းအမြစ်ဖြစ်တည်မှုကို သိရှိနားလည်နိုင်ဖို့ဖြစ်ပါသည်။

**တမန်တော် ၆း၄** "ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊ နူတ်ကပတ်တရားတော်ကို ဟောပြောခြင်းအမှုတို့ကို အမြဲပြု၍နေမည်ဟု ဆိုကြ၏။" (တခါတရံအချို့သော ဘုရားတရားမဲ့သူများ၊ အပြစ်လုပ်သူများနှင့်စိတ်ဓါတ်ကျနေသူများကိုလည်း ပစ်ထားခြင်းမရှိဘဲသူတို့အတွက် ဆုတောင်းပေးရမည်ဖြစ်ပြီးသူတို့နှင့်အတူကျမ်းစာဖတ်လေ့လာရမည်ဖြစ်ပါသည်။ ယုံကြည်ခြင်းနှင့်ခရစ်တော်၌အတူသွားလာသူတို့အတွက် အားပေးရမည်။ သာသနာပြုသူများသည် သူတို့လုပ်ဆောင်နိုင်သည့်အရာမှာ ဆုတောင်းခြင်းဖြစ်သည်။)

## သာသနာပြုသူသည် အမိန့်အာဏာ သေချာပေးနိုင်ပါသည်။ သူတို့သည်အမိန့်အာဏာအောက်ရှိနေသည်ကို အောက်မေ့ရမည်။ သူတို့သည် အာဏာစွန့်စားလိုစိတ်သုံးပြီး သင့်တင့်လျောက်ပတ်ရမည်။

**၂ ကောရိန္သု ၁၀း၈** "သင်တို့ကိုပယ်ရှင်းဖျက်ဆီးခြင်းအလိုငှါမဟုတ်။ တည်ဆောက်ခြင်းအလိုငှါ သခင်ဘုရားသည် ငါတို့၌အပ်ပေးတော်မူသောတန်ခိုးကို ငါသည်သာ၍ဝါကြွားသော်လည်း၊ ရှက်ကြောက်စရာအကြောင်းမရှိ။"

**၂ ကောရိန္သု ၁၃း၁၀** "ထို့ကြောင့် ပယ်ရှင်းဖျက်ဆီးခြင်းအလိုငှါမဟုတ်၊ တည်ဆောက်ခြင်းအလိုငှါ သခင်ဘုရားသည်ငါ၌အပ်ပေးတော်မူသော တန်ခိုးရှိသည်အတိုင်းငါသည်ရောက်လာသောအခါ ပြင်းစွာသောဒဏ်ကိုမပေးလို၍၊ ယခုပင်သင်တို့နှင့်ကွာဝေးသေးသည် ကာလ၌သို့ ငါရေးပေးလိုက်၏။"

**၂ ကောရိန္သု ၁း၂၄** "ထိုသို့ဆိုသော်လည်း၊ ငါတို့သည်သင်တို့၏ယုံကြည်ခြင်းကို အစိုးရသည်မဟုတ်။ သင်တို့၏ဝမ်းမြောက်ခြင်း အကြောင်းကိုကူမ၍သာပြုကြ၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ယုံကြည်ခြင်းအားဖြင့်သင်တို့သည်တည်နိုင်ကြ၏။"

## ပြဿနာဖန်တီးသူနှင့်ဖြေရှင်းပေးနိုင်ရမည်။

သာသနာပြုသူများသည် သူတို့၏ပင်ကိုစရိုက်လည်းကောင်းမွန်ရမည်။ အချို့သောသာသနာပြုသူများသည် ရန်မူခြင်းနှင့် ရန်လိုမုန်းတီးခြင်းများရှိကြပါသည်။ အခြားသူများသည်လည်း ပို၍သီးသန့်ဖြစ်နေတတ်ပါသည်။ သို့သော်နှစ်ဦးနှစ်ဘက်မှအကြောင်းအရင်းဖြစ်ပေါ်လာစေသောပြဿနာဖန်တီးတတ်သူအဘယ်သူမဆိုယုံကြည်သူညီကိုမောင်နှမကြားထဲတွင်ပေါ်လာလျှင် ကောင်းမွန်စွာဖြေရှင်းနိုင်ရမည်။ အခြားသောပြဿနာဖန်တီးတတ်သူသည်သိုးရေခြုံသောဝံပုလွေကဲ့သို့ဖြစ်ပြီးအခြားသူဆုံးဖြတ်ချက်လွဲမှားခြင်းဖြင့် အကူအညီဖြစ်စေနိုင်ပါသည်။ သာသနာပြုသူသည်ကြမ်းတမ်းခက်ထန်လွန်းသူ မဖြစ်ရဘဲလူစုအဝေးတွင်ပြဿနာဖြစ်ပေါ်လာပါကတစ်ဦးတစ်ဘက်တည်းမကြည့်ရ။မရပ်တည်ပေးရ။)

**၂ တိမောသေ ၂း၂၄–၂၆** "သခင်ဘုရား၏ကျွန်သည်ရန်မတွေ့ရ။ ခပ်သိမ်းသောသူတို့အားဖြည်းညင်းစွာပြုသောသူ၊ဆုံးမဩဝါဒပေးခြင်းအမှု၌လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကိုဝန်ခံခြင်းအလိုငှါ၊ နောင်တကိုဘုရားသခင် ပေးကောင်းပေးတော်မူ၍။ မာရ်နတ်၏အလိုအတိုင်း ဘမ်းမိသောထိုသူတို့သည်သတိရ၍၊ ထိုဘမ်းမိရာမှ လွတ်ခြင်းသို့ရောက်ကောင်းရောက်ကြလိမ့်မည်။"

**၁ တိမောသေ ၃း၂–၃** "ထို့ကြောင့်သင်းအုပ်သည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ၊ မယားတယောက်တည်းရှိသောသူ၊ သမ္မာသတိရှိသောသူ၊ ဣန္ဒြေစောင့်သောသူ၊ လျောက်ပတ်စွာကျင့်သောသူ၊ ဧည့်သည်ဝတ်ကိုပြုတတ်သောသူ၊ ဆုံးမသြဝါဒပေးတတ်သောသူဖြစ်ရမည်။ စပျစ်ရည်နှင့်ပျော်မွေ့ခြင်း၊သူတပါးကိုရိုက်ပုတ်ခြင်း၊မစင်ကြယ်သောစီးပွားကိုတပ်မက်ခြင်းမရှိ၊စိတ်ဖြည်းညှင်းသောသူ၊ ရန်မတွေ့တတ်သောသူ၊ ငွေကိုမတပ်မက်သောသူဖြစ်ရမည်။"

**၁ သက်သာလောနိတ် ၅း၁၄** "တဖန်တုံ၊ ညီအစ်ကိုတို့၊ မတရားစွာပြုသောသူတို့ကို သတိပေးကြလော့။ စိတ်ငယ်သောသူတို့ကို အားပေးကြလော့။ အားနည်းသောသူတို့ကိုထောက်မကြလော့။ခပ်သိမ်းသောသူတို့အားရှည်သောစိတ်ရှိစေကြလော့။"

**တိတု ၃း၁၀–၁၁** "သင်းခွဲသော သူကိုနှစ်ကြိမ်မြောက်အောင် ဆုံးမပြီးမှ ပယ်ရှားနှင့်ထုတ်လော့။ ထိုသို့သောသူသည် ကိုယ်အပြစ်ကိုသိလျက်ပင် အပြစ်ပြု၍ မှောက်လှန်သော စိတ်ရှိသောသူဖြစ်သတည်း။"

**၁ ကောရိန္တု ၅း၃–၅** "ထို့ကြောင့်ငါသည် ကိုယ်ခန္ဓာအားဖြင့်သင်တို့နှင့်ကွာလျက် ရှိသော်လည်း၊ ဝိညာဉ်တော်အားဖြင့်မကွာ၊ ကိုယ်တိုင်သင်တို့နှင့်အတူရှိသကဲ့သို့ထိုသို့ကျင့်သောသူကို  ယခုပင်ငါစီရင်ပြီ။ စီရင်ချက်ဟူမူကား၊ ငါတို့သခင်ယေရှုခရစ်၏ အခွင့်အားဖြင့် သင်တို့သည် ငါ့ဝိညာဉ်နှင့်အတူစည်းဝေးပြီးမှ ငါတို့သခင် ယေရှုခရစ်၏ တန်ခိုးတော်ကို အမှီပြု၍၊ ထိုသူ၏ဝိညာဉ်သည်ယေရှုခရစ်၏နေ့ရက်၌ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း၊ သူ၏ကိုယ်ခန္ဓာပျက်စီးဘို့ရာ သူ့ကိုစာတန်လက်သို့အပ်နှံကြစေဟု ငါစီရင်၏။"

**သုတ္တံ ၁၅း၁** "ဖြည်းညင်းသောစကားသည် စိတ်ကိုဖြေတတ်၏။ ကြမ်းတမ်းသောစကားမူကား၊ အမျက်ကိုနိုးဆော်တတ်၏။"

(ဖြည်းညင်းသောအဖြေသည်ပို၍နှစ်သက်တတ်ပါသည်။ဤစည်ကမ်းတကျလုပ်နည်းကို သာသနာပြုသူနေ့တိုင်းအသုံးပြုရမည်။)

## တိုက်ခိုက်မှုအတွက်မောပန်းခြင်းနှင့် သင်၏အလုပ်အတွက် စိတ်အား

ထက်သန်ရမည်။

**ဒေသနာကျမ်း ၉း၁၀** "ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအားထုတ်၍ဆောင်ရွက်လော့။ အကြောင်းမူကား၊ သက်ယခုသွား၍ရောက်လတံ့သောအရပ်တည်းဟူသော မရဏာနိုင်ငံ၌လုပ်ဆောင်ခြင်းမရှိ။ ကြံစည်ခြင်းမရှိ။ သိပ္ပံအတတ်မရှိ။ ပညာမရှိပါတကား။"

**ယောဟန် ၄း၃၄** "ယေရှုက၊ ငါ့ကိုစေလွှတ်တော်မူသူ၏ အလိုတော်ကိုဆောင်ခြင်း၊ သူ၏အမှုတော်ကို ပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏။"

**ယောဟန် ၉း၄** "ငါ့ကိုစေလွှတ်တော်မူသူ၏အမှုကိုနေ့အချိန်ရှိစဉ်တွင်ငါပြုရမည်။ အဘယ်သူမျှအမှုမပြုနိုင်သောအချိန်တည်းဟူသောညဉ့်အချိန်လာသေး၏။"

**၁ ကောရိန္သု ၁၆း၁၅** "ညီအစ်ကိုတို့၊ သတေဖန်၏အိမ်သူအိမ်သားတို့သည် အခါယပြည်တွင် အဦးသီးသောအသီးဖြစ်၍၊ သန့်ရှင်းသူတို့၏ အမှုကိုဆောင်ရွက်ခြင်းငှါကိုယ်ကို ကိုယ်အပ်ကြောင်းကိုသင်တို့သိကြသည်နှင့်အညီ– "
(သတေဖန်၏အိမ်သူအိမ်သားတို့သည် အကျွန်ုပ်တို့အတွက် အလွန်အံ့သြချီးမွမ်းဖွယ်သော ပုံပမာဖြစ်ပါသည်။ သူတို့သည် ယုံကြည်သူညီကိုမောင်နှမများအတွက်အလွန်စွဲလမ်းစွာ အစေခံပေးခြင်း၊ အလုပ်အကျွေးပြုခဲ့ခြင်းဖြစ်ပါသည်။)

**ကောလောသဲ ၄း၁၂–၁၃** "သင်တို့အထဲကဖြစ်သော ခရစ်တော်၏ကျွန်ပေဖြသည်သင်တို့ကို နှုတ်ဆက်၏။ သင်တို့သည်စုံလင်လျက်၊ ဘုရားသခင်၏ အလိုတော်ကိုအကုန်အစင်လေ့ကျက်လျက်တည်ကြည်မည်အကြောင်း သူသည်သင်တို့အဘို့ကာလအစဉ်ကြိုးစား၍ ဆုတောင်းတတ်၏။ သင်တို့မှစ၍ လောဒိကိမြို့နှင့် ဟေရပေါလိမြို့၌ရှိသော သူတို့အဘို့သူသည်အလွန်စေတနာစိတ်အားကြီးသည်ဟု ငါသည်သင်၏သက်သေဖြစ်၏။"

**ဖိလိပ္ပိ ၂း၂၀–၂၂** "အကြောင်းမူကား၊ ထိုသူသည်သင်တို့အကျိုးကိုကြည့်ရှုချင်သော စေတနာစိတ်ရှိသကဲ့သို့စိတ်သဘောတူသောသူတယောက်မျှငါတို့၌

မရှိ။ လူခပ်သိမ်းတို့သည် ယေရှုခရစ်၏အကျိုးကိုမရှာ၊ ကိုယ်အကျိုးကိုသာရှာကြ၏။ သို့သော်လည်းသားသည် အဘနှင့်အတူဆောင်ရွက်သကဲ့သို့၊ သူသည် ငါနှင့်အတူ ဧဝံဂေလိတရားအမှုကို အမှန်ဆောင်ရွက်သည်ဟု သူပြသောသက်သေကိုသင်တို့သိကြ၏။"
(ဤအရာမှာ **တိမောသေ** ကဲ့သို့ သာသနာပြုသူသည်အမြင့်ဆုံးပြီးပြည့်စုံသည့် ပေးဆပ်မှုနှင့်လုပ်ဆောင်ရမည်။ သခင်ခရစ်တော်၏လုပ်ဆောင်မှုတွင် ကိုယ်ကျိုးအတွက်မကြည့်ဘဲလုပ်ဆောင်ရမည်။)

**ဖိလိပ္ပိ ၂း၃၀**"အကြောင်းမူကား၊ သင်တို့သည်ငါ့ကိုပြုစု၍ မပြည့်စုံသေးသောဝတ်ကို သူသည်ပြည့်စုံစေခြင်းငှါ၊ ကိုယ်အသက်ကိုစွန့်စား၍ခရစ်တော်၏အမှုကြောင့် သေခြင်းသို့ရောက်လုနီးပြီ။"
(ဤအရာမှာ အလုပ်ကိုကြိုးစားလုပ်ခြင်းဖြစ်သည်။ ပေဖြသည်လည်းပြုလုပ်ခဲ့ပြီး သူ၏ကျန်းမာခြင်းဆုံးရှုံးသွားသည်အထိသူ့ကိုယ်သူတွန်းပို့သည့်သဘောကိုညွှန်ပြထားပါသည်။ ဤကိစ္စတွင် သူ၏စိတ်အားထက်သန်မှုမှာ ချီးမွမ်းလေးစားဖွယ်ဖြစ်သည်။ သို့သော် ထာဝရဘုရားသခင်၏လူများကြာရှည်စွာပြေးနိုင်ရန် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ဂရုစိုက်သင့်ကြောင်းဉာဏ်ပညာပေးထားခြင်းကို သူပြောဆိုထားပါသည်။

**တမန်တော် ၁၅း၂၅–၂၆** "ငါတို့သခင်ယေရှုခရစ်၏ နာမတော်ကြောင့် မိမိအသက်ကိုစွန့်စားသောသူတည်းဟူသော၊ ငါတို့ချစ်သော ဗာနဗ၊ ပေါလုတို့နှင့်တကွ ရွေးကောက်သောသူတို့ဆီသို့စေလွှတ်ခြင်းငှါတညီတညွတ်တည်းစီရင်သည်နှင့်အညီ။"
**၂ တိမောသေ ၁း၆–၇** "ထိုသို့ဖြစ်၍၊ ငါလက်တင်သောအားဖြင့်၊ သင်၌ ဘုရားသခင်ပေးတော်မူသောဆုကို နှိုးဆော်မည်အကြောင်း၊ ငါသည်သင့်ကို သတိပေး၏။ အကြောင်းမူကား၊ ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူမည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသော စိတ်သဘောကိုပေးတော်မူ၏။"

**သာသနာပြုသူသည် အမြဲအလုပ်အားခြင်းရှိလိမ့်မည် မဟုတ်ပါ။ သူ**

**တာဝန်ယူစီမံဖွဲ့စည်းထားရမည်။ သူ၏အချိန်ကိုလည်းအစီအစဉ်အတိုင်းရှိဖို့ သဘောပေါက်နားလည်ရမည်။**

**၁ ကောရိန္သု ၁၄း၄၀** " ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာ အစီအစဉ်အတိုင်းစီရင်ကြလော့။"

**၁ ကောရိန္သု ၁၄း၃၃** "ဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကိုပြုစုတော်မမူ။ သန့်ရှင်းသူတို့၏ အသင်းတော်အပေါင်းတို့၌ ဖြစ်သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏။"

**သုတ္တံကျမ်း ၂၇း၂၃** "သင်တို့၏သိုးစုအကြောင်းတို့ကို သိခြင်းငှါကြိုးစားလော့။ နွားစုတို့ကိုလည်း စေ့စေ့ကြည့်ရှုလော့။"
(သာသနာပြုသူသည် သူ့သိုးများကိုလည်းကြည့်ရှုစောင့်ရှောက်ရမည်။ သာသနာပြုသူ စီမံခန့်ခွဲအုပ်ချုပ်ခြင်းအမှုတွင်ပျက်ကွက်မှုမရှိအောင် သူ၌စိတ်မသိုးမသန့်ခြင်းမရှိရ။(အပြစ်မရှိရ။) ထာဝရဘုရား၏ သိုးများကို စောင့်ရှောက်မှုတွင် ကိုယ်ခန္ဓာနှင့်ဝိညာဉ်ရေးအခြေအနေကိုသူနားလည်သဘောပေါက်ထားရမည်။)

**လုပ်ငန်းတာဝန်လွှဲအပ်ရာ၌ သက်ကြီးဝါကြီးများ အသင်းထောက်များနှင့်အသင်းထောက်မယ်များအားသမ္မာကျမ်းစာနှင့်အညီသွန်သွင်ထားရမည်။ ထိုသွန်သင်ထားမှုသည် သူတို့အတွက်လုပ်ငန်းတာဝန်ဆောင်ရွက်ရာ၌ ထမြောက်အောင်မြင်စေရန်ကြိုယာသစ်သဖွယ်ဖြစ်ပါသည်။**

**ထွက်မြောက်ရာကျမ်း ၁၈း၂၁-၂၂** "ထိုမှတပါး ဘုရားသခင်ကိုကြောက်ရွံ့လျက်၊ သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကိုရွံ့ရှာလျက်၊ တတ်စွမ်းနိုင်သောသူတို့ကို လူအပေါင်းတို့အထဲက ရွေးကောက်၍၊ တထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်အရာ၌ခန့်ထားရမည်။ ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌ လူများတို့ကို တရားစီရင်ကြစေ။ ကြီးသောအမှု၌ သင်၏အယူကိုခံကြစေ။ ငယ်သောအမှုကိုအလိုလိုစီရင်ကြစေ။သို့ဖြစ်လျှင်သူတို့သည်ဝိုင်းညီ၍အမှုထမ်း

သဖြင့် သင်သည်သက်သာလိမ့်မည်။”
(ဤအရာမှာ သင့်အတွက်ပို၍လွန်ကူဖို့၊ တာဝန်သက်သာဖို့ဖြစ်သည်။)

**တမန်တော် ၆း၂–၄** “ထိုအခါတကျိပ်နှစ်ပါးသောတမန်တော်တို့သည်တပည့်တော်အပေါင်းတို့ကိုခေါ်ပြီးလျှင်၊ ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကိုထား၍ စားပွဲ၌လုပ်ကျွေးမှုကိုမဆောင်သင့်။ ထိုကြောင့်ညီအစ်ကိုတို့၊ ဝိညာဉ်တော်နှင့်၎င်း၊ ပညာနှင့်၎င်းပြည့်စုံလျက်၊အသရေရှိသောလူခုနစ်ယောက်တို့ကိုသင်တို့တွင်ရှာကြလော့။ ဤအမှုကိုဆောင်ရွက်စေခြင်းငှါ ထိုသူတို့ကိုငါတို့သည် ခန့်ထားကြမည်။ ငါတို့မူကား ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကိုဟောပြောခြင်း အမှုတို့ကိုအမြဲပြု၍ နေမည်ဟုဆိုကြ၏။”
(ဤကျမ်းချက်တွင် သာသနာပြုသူသည် ကျမ်းစာလေ့လာခြင်း၊ ဆုတောင်းခြင်းနှင့် ထာဝရဘုရား၏နှုတ်တော်ထွက်စကားလုံးများကိုပြောဆိုဝေငှဖို့ လည့်လည်ပတ်ခြင်းအတွက်အချိန်ပိုပေးရမည်ဖြစ်ပါသည်။ သာသနာပြုသူသည် ဘုရားကျောင်းနှင့် အသင်းတော်သာသနာဝန်းကျင်တွင်ရှိသောအိုးခွက် ဟင်းခွက်များအနီးအနားရှိသောအလုပ်များကိုလုပ်ဆောင်ခြင်းသည်လည်း ကောင်းသည့်ပုံပမာဖြစ်ရမည်။)

**တိတု ၁း၅** “ငါသည်သင့်ကိုမှာထားခဲ့နှင့်သည်အတိုင်း၊ ကရေတေကျွန်း၌မစုံလင်သမျှတို့ကို ပြင်ဆင်၍၊ မြို့ရွာများ၌သင်းအုပ်တို့ကိုခန့်ထားစေခြင်းငှါ၊ ထိုကျွန်း၌သင့်ကိုငါထားခဲ့သတည်း။”

**၂ တိမောသေ ၂း၂** “သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကိုသွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့။”

**သာသနာပြုသူများအနေနှင့် သတိထားရမည်မှာ ပင်ကိုစရိုက်တင်းမာခက်ထန်မှုများမရှိစေရ။ သတင်းစကားတော်အတွက်အတော်အသင့်ဖိအားရှိနိုင်သည် သို့သော် မိမိကိုယ်မိမိအတွက်ဖိအားမပေးရ။**

**၁ ကောရိန္သု ၁၅:၁၁** “ထို့ကြောင့် ငါဖြစ်စေ၊ သူတို့ဖြစ်စေ၊ ဤသို့ငါတို့သည်ဟောပြောကြ၏။ ဤသို့လည်းသင်တို့သည် ယုံကြည်ကြ၏။”
(ရှင်ပေါလုသည် သာသနာပြုသူ အဘယ်သို့လုပ်ဆောင်ဟောပြောခြင်းကို ဂရုစိုက်ခြင်းမရှိဘဲ၊ သတင်းစကားတော်ကို ပင်ကိုယ်စရိုက်ပုဂ္ဂိုလ်ရေးရာထက်ပိုမိုတွေးတောစဉ်းစားစေခဲ့ပါသည်။)

**သာသနာပြုအနေနှင့်သတိထားရမည်မှာ အချို့သောနောက်လိုက်တွေဟာ ကျမ်းကိုးကျမ်းကားအချို့ကိုသာယူပြီး မိမိအားအလွဲသုံးစားပြုမေးမြန်းလာနိုင်ပါသည်ထိုသူတို့အား ထိုကျမ်းချက်၏နောက်ဆက်တွဲ သို့မဟုတ် ရှေ့ကျမ်းပိုက်များကိုဆက်ဖတ်စေကာ သူတို့အတွက်ဆုတောင်းပေးရမည်။**

**၂ ကောရိန္သု ၂:၁၇** “ဘုရားသခင်၏နှုတ်ကပတ် တရားတော်ကိုမှောက်လှန်သော သူများတို့နှင့်ငါတို့သည်မတူဘဲကြည်ဖြူသောစိတ်ရှိ၍ ဘုရားသခင်၏အလိုတော်၌ခရစ်တော်၏တရားကိုဟောပြောကြ၏။”

**၂ ရှင်ပေတရု ၃:၁၆** “ထိုစာတို့၌ ခက်ခဲသောအရာအချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူတို့သည်၊ ထိုအရာမှစ၍ကြွင်းသော ကျမ်းစာ၏အနက်ကိုမှောက်လှန်၍၊ ကိုယ်ကိုကိုယ်ဖျက်ဆီးတတ်၏။”

**၂ တိမောသေ ၄:၂-၄** “နှုတ်ကပတ် တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေကြိုးစားအားထုပ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။အကြောင်းမူကား၊နောင်ကာလ၌လူတို့သည်စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ၊ယားတတ်သောနားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်းများပြားသော ဆရာသို့နောက်သို့လိုက်ကြလိမ့်မည်။ သမ္မာတရားကိုနားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကို နားထောင်၍လွဲသွားလိမ့်မည်။”
(ဤကျမ်းချက်ကို ဤစာအုပ်တွင်ကိုးကားပြောဆိုပြီးသားဖြစ်ပါသည်။ သို့သော်

ဤကျမ်းချက်များသည် အလွန်အရေးပါပြီး ထပ်ခါထပ်ခါသတိပေးဖို့လိုအပ်သဖြင့် ထပ်မံဖြည့်ရေးထားခြင်းဖြစ်ပါသည်။)

**ယေဇကျေလ ၂၂:၂၅-၂၆** "ထိုပြည်အလယ်၌ ပရောဖက်တို့သည် သင်းဖွဲ့ခြင်းကိုပြုကြပြီ။ ဟောက်၍အကောင်ကိုကိုက်ဖြတ်သော ခြင်္သေ့ကဲ့သို့လူကိုကိုက်စားကြ၏။ ဘဏ္ဍာများနှင့်အဘိုးထိုက်သောဥစ္စာများကို လုယူကြ၏။ ပြည်အလယ်၌ မုဆိုးမ တို့ကိုများပြားစေကြ၏။ ယဇ်ပုရောဟိတ်တို့သည်လည်းငါ၏တရားကိုဖျက်၍၊ ၏သန့်ရှင်းရာဌာနကိုလည်းညစ်ညူးစေကြ၏။ သန့်ရှင်းသောအရာ၊ မသန့်ရှင်းသောအရာတို့ကိုမပိုင်းခြား၊ စင်ကြယ်သောအရာ၊ မစင်ကြယ်သောအရာတို့ကို ရောနှောကြ၏။ ငါ၏ဥပုသ်နေ့တို့မှလည်း မျက်နှာလွှဲကြ၏။ သူတို့အလယ်၌ ငါသည်ရှုတ်ချခြင်းကိုခံရ၏။"
(များသောသာသနာပြုတို့သင်ကြားပေးမှုတွင်ထာဝရဘုရား၏ပညတ်တရားများနှင့် ပညတ်တော်ဆယ်ပါးအကြောင်းကို ဂရုမစိုက် လျစ်လျူရှုတတ်ကြပါသည်။သူတို့တို့ရဲ့ပညတ်တော်မလိုက်နာနိုင်မှု၊သူတို့ရဲ့အရှက်မပေါ်ခြင်ကြောင်းဖြင့်ပညတ်တော်အကြောင်းမပြောဘဲ ပညတ်တော်မလိုတော့သဖွယ်ထိန်ကျန်ထားကာ အသင်းသူအသင်းသားများအား တွေဝေစေနိုင်ပါသည်။)

**ယေဇကျေလ ၂၂:၂၈** "ပရောဖက်တို့ကလည်း၊ အရှင်ထာဝရဘုရားမိန့်တော်မူသည်ဟု ထာဝရဘုရားမိန့်တော်မမူဘဲ၊ အချည်းနှီးသောအရာကိုမြင်၍၊ မုသာစကားကိုဟောပြောလျက်၊ သူတို့ကိုအင်္ဂတေနှင့်မွမ်းမံကြ၏။"
(သာသနာပြုသူသည် ထာဝရဘုရားအတွက်ပြောဆိုရာတွင် (သို့) ဘုရားအကြောင်းပြောရာတွင် ရဲတင်းခြင်းမပြုလုပ်ရန်သတိပြုရမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် မှန်အားဖြစ်သာရိပ်မိလျက်သာနေကြ၏ဆိုရာ၌ မတွေ့မမြင်နိုင်သေးသောဘုရားအားကိုးကွယ်နေရာခြင်းဖြစ်သည်။ **ကောရိန္တု ၁၃း၁၂** "ယခုတွင်ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ ယခုတွင်ငါအသိအမြင်မစုံလင်ဖြစ်၏။ ထိုအခုမူကား၊သူတပါးသည်ငါ့ကိုသိသကဲ့သို့ငါသိရလိမ့်မည်။")

**ယေဇကျေလ ၂၂:၃၀-၃၁** "ထိုပြည်ကိုငါ မဖျက်ဆီးစေခြင်းငှါကွယ်ကာသောသူ မြို့ရိုးပျက်ပေါ်မှာရပ်၍ဆီးတားသောသူတယောက်ကိုမျှ ငါရှာ၍မတွေ့။ ထို့

ကြောင့်၊ ငါ့အမျက်ကိုငါသွန်းလောင်းလျက်၊ ငါ့ဒေါသမီးဖြင့်သူတို့ကိုရှို့၍၊ သူတို့အပြစ်ကိုသူတို့ခေါင်းပေါ်သို့ရောက်စေမည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။"
(ထာဝရဘုရားအတွက်ရပ်တည်သည်ဆိုရာ၌ မိမိ၏ရပ်တည်မှုအမှန်တရားသည် အများနှင့်မတူကွာဟ ကွာခြားနေမည်။ ကိုယ်တစ်ဦးတည်းသာကျန်ရှိနေမည် သို့သော်လည်း ဘုရားအတွက်ရပ်တည်နေခြင်းဖြစ်သည်။ ထိုသို့ဆိုရာ သာသနာပြုသူဘယ်နှစ်ဦးဘုရားအတွက်ရပ်တည်ပေးမည်နည်း။)

(**ယေဇကျေလ ၃၄း၁–၃၁** အဆုံးထိရေးသားပြီး ရှင်းပြသွားမည်ဖြစ်ပါသည်။ ဤကျမ်းချက်သည်ဣသရေလလူမျိုးတို့ဝိညာဉ်ရေးပိုင်းဆိုင်ရာနှင့်သေသေချာချာသက်ဆိုင်နေကြောင်းတွေ့ရှိရပါသည်။ သို့သော်မှားယွင်းသောအစေခံသာသနာပြုသူများနှင့်မှားယွင်းစွာခေါ်ဆောင်ခြင်းကိုပြည့်စုံစေသူများကို သတိပေးထားပါသည်။)

**ယေဇကျေလ ၃၄း၁–၂** "တဖန် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ အချင်းလူသား သင်သည်ဣသရေလအမျိုးသိုးထိန်းတို့တဘက်၌ပရောဖက်ပြု၍ ဟောပြောလျက်၊ သိုးထိန်းတို့အားအရှင်ထာဝရဘုရားမိန့်တော်မူသောစကားကိုဆင့်ဆိုရမည်မှာ၊ကိုယ်ကိုသာကျွေးမွေးသောဣသရေလအမျိုးသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ သိုးထိန်းသည် သိုးတို့ကို မကျွေးမွေးရသလော။"
(၁ ရှင်ပေတရု ၅း၂ "သင်တို့နှင့်အတူရှိသောဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့် မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။" သာသနာပြုသူများသည် သူတို့၏မိသားစုပြုစုစောင့်ရှောက်မှုအတွက်သာအချိန်ပိုကုန်စေပြီး သူတို့၏ လိုအပ်နေသောသိုးစုများကိုလျစ်လျူရှုထားတတ်ပါသည်။)

**ယေဇကျေလ ၃၄း၃–၄** "သင်တို့သည် သိုးနို့ကိုစားကြ၏။ သိုးမွေးကိုဝတ်ကြ၏။ဆူဖြိုးသော သိုးတို့ကိုလည်းသတ်ကြ၏။ သို့ရာတွင်၊ သိုးတို့ကိုမကျွေးမွေးပါတကား။ အားနည်းသောသိုးကိုမ မစကြ၊ နာသောသိုးကိုဆေး မကုကြ၊ အရိုး

ကျိုးသောသိုးကိုအဝတ်နှင့်မစည်းကြ၊ သူတပါးနှင်သောသိုးကိုလိုက်၍ မဆောင်ခဲ့ကြ၊ပျောက်သောသိုးကိုမရှာကြ၊ အနိုင်အထက်ပြု၍ကြမ်းတမ်းစွာစီရင်ကြပြီ။”
(အချို့သော သာသနာပြုတို့သည် ဆေးရုံတွင်မနာမကျန်းလျက်ရှိသောသူများကိုသွားရောက် ဆီလိမ်းပေးပြီးဆုတောင်းပေးခြင်းမရှိဘဲ ဆုံးသွားလျှင်သာသွားရောက်ကြည့်ရှုခြင်းဖြစ်ပါသည်။ သာသနာပြုသူသည် ပုံမှန်လည်ပတ်ခြင်းနှင့်သူတို့လုပ်ဆောင်နိုင်သည့်အရာကိုလုပ်စေပြီးဝိုင်းဝန်းကူညီပေးရမည်ဖြစ်ပါသည်။ ခရစ်တော်ကဲ့သို့သာသနာပြုသူသည်ယုံကြည်သူညီကိုမောင်နှမများကိုလိုအပ်သည့်အချိန်ပိုပေးခြင်း၊ အချို့သောတရားဟောဆရားများသည်လည်းသူတို့၏အသင်းသူ အသင်းသားများနှင့်အတူစုရုံးပေးရခြင်းဖြစ်ပါသည်။)

**ယေဇကျေလ ၃၄း၅–၆** “ထိန်းသောသူမရှိသောကြောင့် သိုးတို့သည်ကွဲပြားကြ၏။ ကွဲပြားလျက်နေသောအခါ ခပ်သိမ်းသောတောသားရဲစားစရာဖြစ်ကြ၏။ ငါ့သိုးတို့သည်တောင်များ၊ မြင့်သောကုန်းများအပေါ်မှာလဲ၍မြေတပြင်လုံးတွင်အရပ်ရပ်သို့ကွဲပြားပြန့်လွင့်လျက်နေ၍၊ အဘယ်သူမျှ မလိုက်မရှာကြ၏။”
(အကယ်၍ကျွန်ုပ်တို့အားလုံးတွင် ဘယ်လောက်များပြားသော သင်းခွဲ၊ လူစုခွဲများတွင် သင်းအုပ်ဆရာ တရားဟောဆရာမရှိသော်လည်း သခင်ခရစ်တော်၏နာမ နှင့်ယနေ့တည်ရှိနေပါသည်။ ဤရလဒ်မှာ ညီကိုမောင်နှမများကိုအဝေးသို့မောင်းပို့လိုက်သလိုဖြစ်နေပါသည်။ သိုးရေခြုံသောမြေခွေးများကို ကာကွယ်ဖို့ချစ်ခြင်းမေတ္တာအပြည့်နှင့်သိုးများကိုကြည့်ရှုပြုစုစောင့်ရှောက်ရမည်ဖြစ်ပါသည်။ သိုးရေခြုံသောမြေခွေးများရန်မှကာကွယ်ဖို့ဖြစ်ပါသည်။)

**ယေဇကျေလ ၃၄း၇–၁၂** “သို့ဖြစ်၍၊ အချင်းသိုးထိန်းတို့၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ကြလော့။ အရှင်ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ သိုးထိန်းမရှိ၊ အဘယ်သိုးထိန်းမျှ ငါ့သိုးတို့ကိုမရှာ၊ သိုးထိန်းတို့သည်ငါ့သိုးတို့ကိုမကျွေးမွေး၊ ကိုယ်ကိုသာကျွေးမွေးသဖြင့်၊ ငါ့သိုးတို့သည် လုယူရာ၊ ခပ်သိမ်းသောတောသားရဲစားစရာဖြစ်သောကြောင့်၊ အချင်းသိုးထိန်းတို့၊ ထာဝရဘုရား၏အမိန့်တော်ကိုနားထောင်ကြလော့။ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ငါသည်သိုးထိန်းတို့တဘက်၌နေ၏။ ငါ့သိုးများကိုသူတို့၌ ငါတောင်း၍သိုးထိန်းအရာကိုနှုတ်မည်။ သိုးထိန်းတို့သည်နောက်တဖန်ကိုယ်ကိုမကျွေးမွေးရကြ။ ငါ့သိုးများကိုသူတို့ပစပ်မှငါနှုတ်၍နောက်တဖန်မကိုက်

မစားရကြ။ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည်ကိုယ်တိုင်လိုက်၍ငါ့သိုးတို့ကိုရှာမည်။ကွဲပြားလျက်ရှိသောမိမိသိုးတို့တွင် သိုးထိန်းရောက်သောဤခါကြိုးစား၍ရှာသကဲ့သို့၊ ငါသည်လည်းငါ့သိုးတို့ကိုကြိုးစား၍ရှာမည်။ မိုဃ်းအုံ၍မိုက်သောနေ့၌ သူတို့ကွဲပြားသောအရပ်ရပ်တို့ကငါနုတ်ဆောင်မည်။"
(မိုဃ်းအုံ၍မိုက်သောနေ့၌ ညီကိုယ်မောင်နှမတို့သည် ရွေးချယ်စရာမရှိသောကြောင့် သူတို့ပိုင်အသင်းတော်နှင့်အတူအရပ်ရပ်တို့ကွဲပြားထွက်ပြေးသွားကြ၏။)

**ယေဇကျေလ ၃၄း၁၃–၁၅** "အတိုင်းတိုင်းအပြည်ပြည်တို့ကခေါ်ခဲ့၍ စုဝေးစေပြီးလျှင်၊ သူတို့နေရင်းပြည်သို့ပို့ဆောင်မည်။ ဣသရေလတောင်တို့အပေါ်၊ မြစ်တို့အနားအစရှိသောနေစရာအရပ်ရပ်တို့၌ကျွေးမွေးမည်။ ကောင်းသောကျက်စားရာအရပ်၌ကျွေးမွေးမည်။ မြင့်သောဣသရေလတောင်တို့အပေါ်မှာ သူတို့ ခြံရှိလိမ့်မည်။ သူတို့သည် ဣသရေလတောင်တို့အပေါ်မှာ ကောင်းသောခြံ၌အိပ်၍ကြွယ်ဝသောကျက်စားရာ၌ ကျက်စားရကြလိမ့်မည်။ငါသည် ငါ့သိုးများကိုကျွေးမွေးမည်။ အိပ်ရာကိုလည်းငါပေးမည်။"
(အကျွန်ုပ်ပြောထားသည်မှာ သိုးများအိပ်ရာတွင် ဘေးကင်းလုံခြုံမှုနှင့်စိတ်တွင်ကာကွယ်ထားသည်ဟုခံစားစေရမည်။ ဤအရာပုံဆောင်ထားသည်မှာထာဝရဘုရား၏အသင်းတော်သည်လည်းပျော်ရွှင်ဝမ်းမြောက်စွာကာကွယ်ခြင်းကိုခံစားရမည်ဖြစ်ပါသည်။

**လုကာ ၁၅း၁–၇** "ထိုအခါ ဥပမာစကားကိုမိန့်တော်မူသည်ကား၊သင်တို့တွင် တစုံတယောက်သောသူ၌ သိုးတရာရှိ၍၊ သိုးတကောင်ပျောက်လျှင်၊ ကိုးဆယ်ကိုးကောင်သောသိုးတို့ကိုတောတွင်ထားခဲ့ပြီးမှ၊ ပျောက်သောသိုးတကောင်ကိုမတွေ့မှီတိုင်အောင်မရှာဘဲနေမည်လော။ တွေ့ပြီးလျှင်ဝမ်းမြောက်သောစိတ်နှင့်ပခုံးပေါ်မှာ တင်ထမ်း၍၊ မိမိအိမ်သို့ရောက်သောအခါအဆွေခင်ပွန်း အိမ်နီးချင်းများကိုခေါ်၍၊ ပျောက်သောသိုးကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့ဟုဆိုတတ်ကြသည်မဟုတ်လော။ ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရစရာ အကြောင်းမရှိသောသူ ကိုးဆယ်ကိုးယောက်တို့၌ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊နောင်တရသောလူဆိုးတယောက်၌သာ၍ဝမ်းမြောက်ခြင်းရှိကြသည်ဟုငါဆို၏။")

**ယေဇကျေလ ၃၄း၁၆** "ပျောက်သောသိုးကိုငါရှာမည်။ သူတပါးနှင်သောသိုးကို လိုက်၍ဆောင်ခဲ့မည်။ အရိုးကျိုးသောသိုးကိုအဝတ်နှင့်စည်းမည်။ အားနည်း သောသိုးကို မ စ မည်။ ဆူဖြိုး၍အားရှိသော သိုးကိုကား၊ တရားအတိုင်းကျွေး မွေး၍ ကွပ်မျက်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။"
(အဘယ်သာသနာပြုသူသည် မှားယွင်းစွာလုပ်ဆောင်သော်လည်း ထာဝရဘု ရား သူ ကိုယ်တိုင်လုပ်ဆောင်လိမ့်မည်။

**"ဆူဖြိုး၍အားရှိသော သိုးကိုကား၊ တရားအတိုင်းကျွေးမွေး၍ ကွပ်မျက်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။"**
အဘယ်သာသနာပြုသူသည် သူ၏သိုးများကို စော်ကားခြင်း၊ နှိပ်စက်ညှင်းပန်း ခြင်းများပြုလုပ်ပါ ထာဝရဘုရားသည်ပြင်းထန်စွာ အပြစ်ပေးခြင်းခံရမည်ဖြစ်ပါ သည်။)

**ယေဇကျေလ ၃၄း၁၇–၁၈** "အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုငါ့ သိုးတို့၊ တိရစ္ဆာန်အမျိုးမျိုးတို့ကိုငှင်း၊ သိုးထီးနှင့်ဆိတ်ထီးကိုငှင်းငါပိုင်းခြားမည်။ သင်တို့သည်ကောင်းသောကျက်စားရာအရပ်၌စားသည်သာမက၊ ကျန်သော မျက်ပင်ကိုနင်းသောအမှုသည်သာမညအမှုဖြစ်သည်ဟုထင်မှတ်သလော။ကြည် သောရေကိုသောက်သည်သာမက၊ ကျန်သောရေကိုခြေနှင့်နောက်စေသော အ မှုဖြစ်သည်ဟု ထင်မှတ်ကြသလော။"
(အချို့သော သာသနာပြုတို့သည် ချစ်ခြင်းမေတ္တာဖြင့်ထာဝရဘုရား၏သိုးများ ကို ဂရုစိုက်ခြင်းမရှိ လျစ်လျူရှုထားပြီး အုပ်ထိန်းသောကြောင့် အမိန့်အာဏာ နှင့်အကြင်နာမဲ့ ရက်စက်သောကြောင့် သူတို့ကိုအဝေးသို့ သွားစေမည်ဖြစ်ပါ သည်။ သူတို့၏တရားဟောချက်များမှာထာဝရဘုရား၏နှုတ်တော်ထွက်စကား လုံးများကိုညစ်ညမ်းစေပြီး ထာဝရဘုရား၏လူများကိုပို၍ နက်နဲစွာစိတ်ရှုပ်ထွေး စေပါသည်။)

**ယေဇကျေလ ၃၄း၁၉** "သင်တို့နင်းသောမြက်ပင်ကိုငှင်း၊ ခြေနှင့်နောက်စေ သောရေကိုငှင်း ငါ့သိုးတို့သည်စားသောက်ရကြမည်လော။"
(ထာဝရဘုရား၏လူများသည် တပတ်ပြီးတပတ် ကြီးမားသောသံယောဇဉ်နှင့် သစ္စာရှိသောကြောင့်ထာဝရဘုရား၏နှုတ်တော်ထွက်ကိုကြားနာစေဖို့အသက်

ဖြစ်သည့်စမ်းရေကြည်ကိုရရန်၊ ထာဝရဘုရားသခင်း၏ဝိညာဉ်၊ သူ၏နှုတ်တော် ထွက်နှင့်ရောနှောစေပြီးထာဝရဘုရားသခင်၏လူများကိုဝိညာဉ်အစာအာဟာရ ပြည့်ဝစေဖို့နှင့်ခြေဖြင့်နောက်စေသောရေကိုရေကြည်ဖြစ်လာစေရန်သာသနာပြု သူကို အစားထိုးလုပ်ဆောင်စေခြင်းဖြစ်ပါသည်။)

**ယေဇကျေလ ၃၄း၂၀–၂၁** "သို့ဖြစ်၍၊ ထိုသူတို့အား အရှင်ထာဝရဘုရားမိန့် တော်မူသည်ကား၊ ဆူဖြိုးသော တိရစ္ဆာန်တို့နှင့်ပိန်ကြုံသော တိရစ္ဆာန်တို့ကိုငါ သည်ပိုင်းခြားမည်။ သင်တို့သည်အားနည်းသောသိုးတို့ကို အရပ်ရပ်သို့ကွဲပြား စေခြင်းငှါနံပါးနှင့်ငင်း၊ ပခုံးနှင့် ငင်းတိုး၍ ချိုနှင့်ခွေ့သောကြောင့်၊" (လွန်ခဲ့သောနှစ်များတွင်အချို့သောသာသနာပြုသူများသည်ကြင်နာနူးညံ့သော ချစ်ခြင်းမေတ္တာအစား ခြိမ်းခြောက်မှုမျိုးအသုံးပြုခဲ့ကြပါသည်။)

**ယေဇကျေလ ၃၄း၂၂–၂၄** "ငါသည် ငါ့သိုးတို့ကိုကယ်တင်သဖြင့်၊ သူတို့သည် နောက်တဖန်လုယူရာမဖြစ်ရကြ။ တိရစ္ဆာန်အမျိုးမျိုးတို့ကိုလည်းငါပိုင်းခြားမည်။ သိုးထိန်းတဦးကိုလည်း ငါခန့်ထား၍ သူသည်ကျွေးမွေးလိမ့်မည်။ ငါ၏ကျွန်ဒါဝိဒ် သည်ကျွေးမွေး၍သိုးထိန်းလုပ်ရလိမ့်မည်။ ငါထာဝရဘုရားသည် သူတို့၏ဘုရား သခင်ဖြစ်မည်။ ငါ၏ကျွန်ဒါဝိဒ်သည်လည်းသူတို့၏မင်းဖြစ်ရလိမ့်မည်။" (သူ၏လူများခြိမ်းချမ်းမှုနှင့်လုံခြုံစိတ်ချဖို့ကို ထာဝရဘုရားနှင့်အထူးသက်ဆိုင်ခဲ့ ပါသည်။)

**ယေဇကျေလ ၃၄း၂၅–၂၇** "ငါထာဝရဘုရားပြောပြီ။ သူတို့နှင့်ငြိမ်သက်ခြင်း ပဋိညာဉ်ကိုငါဖွဲ့၍၊ ဆိုးသောသားရဲတို့ကိုထိုပြည်၌ပယ်ဖြတ်မည်။ သူတို့သည် လွင်ပြင်၌ငြိမ်ဝပ်စွာနေ၍တော၌အိပ်ပျော်ကြလိမ့်မည်။ သူတို့ကိုငင်း၊ငါ၏တောင် ပတ်လည်၌ရှိသော အရပ်တို့ကိုငင်း ငါကောင်းကြီးပေး၍၊ အချိန်တန်လျှင် မိုဃ်း ကိုရွာစေသဖြင့်၊ ကောင်းကြီးမိုဃ်းရေကျရလိမ့်မည်။ တောသစ်ပင်သည် အ သီးကို သီးလိမ့်မည်။ မြေသည်လည်းအသီးအနှံကိုပေးလိမ့်မည်။ ပြည်သား တို့သည်ငြိမ်ဝပ်စွာနေရကြလိမ့်မည်။ သူတို့ထမ်းသောထမ်းဘိုးကြိုးကိုငါဖြတ် ၍၊ အနိုင်အထက်စေခိုင်းသောသူတို့ လက်မှကယ်နှုတ်သောအခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရကြလိမ့်မည်။"
(ပရောဖက်သည်ဣသရေလလူမျိုးများအနာဂတ်အကြောင်းအရာကိုသေသေချာ

ချာပြောဆိုထားသော်လည်း၊ တချိန်းတည်း (သို့) အခြားနေရာတွင် မှားယွင်းသော အသင်းခွဲသင်ကြားမှုကြောင့် လူသားမျိုးနွယ်များကျွန်ပြုခြင်းခံရကြောင်းဖြစ်ပါသည်။ ထာဝရဘုရားကတိပေးထားသည်မှာ နောက်ဆုံးတွင်မှားယွင်းသောဘာသာခြားသင်ကြားပေးမှုကြောင့်ကျွန်ပြုခံရသော်လည်းလွတ်မြောက်မည်ဖြစ်ကြောင်း ဤနေရာတွင်တွေ့ရပါသည်။)

**ယေဇကျေလ ၃၄း၂၈–၂၉** "နောက်တဖန်တပါးအမျိုးသားတို့သည် မလုမယူရကြ။ ပြည်သားရဲတို့သည်လည်းကိုက်၍မစားရကြ။ အဘယ်သူမျှမကြောက်စေဘဲ၊ သူတို့သည်ငြိမ်ဝပ်စွာနေရကြလိမ့်မည်။ အသရေရှိသောဥယျာဉ်ကိုလည်းသူတို့အဘို့ငါပြုစုမည်။ နောက်တဖန်ပြည်၌အစာအဟာရခေါင်းပါး၍၊ သူတို့သည်မွတ်သိပ်ခြင်းကိုမခံရကြ။ တပါးအမျိုးသားတို့၏ကဲ့ရဲ့ခြင်းကိုလည်းမခံရကြ။"
(နောက်ဆုံးသောခရစ်တော်ကြွလာမည့်အချိန်တွင် ဝိညာဉ်ပိုင်းဆိုင်ရာနှင့်ကိုယ်ခန္ဓာဆာလောင်မွတ်သိပ်ခြင်း၊ ဆင်းရဲနွမ်းပါးမှုမျိုးရှိတော့မည်မဟုတ်ပါ။)

**ယေဇကျေလ ၃၄း၃၀–၃၁** "သူတို့၏ဘုရားသခင်ငါထာဝရဘုရားသည်သူတို့နှင့်အတူရှိကြောင်းကိုငင်း၊ ဣသရေလအမျိုးသားတည်းဟူသော သူတို့သည်ငါ၏လူဖြစ်ကြောင်းကိုငင်းသိရကြလိမ့်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ ငါ၏ကျက်စားရာအရပ်၌ရှိသောငါ့သိုးတို့၊ သင်တို့သည်လူဖြစ်ကြ၏။ ငါသည်လည်းသင်တို့၏ ဘုရားသခင်ဖြစ်သည်ဟုအရှင်ထာဝရဘုရားမိန့်တော်မူ၏။"

**ယေရမိအနာဂတ်ကျမ်း ၂၃း၁–၄၀** (ဤကျမ်းသည် **ယေဇကျေလ ၃၄** နှင့်ဆင်တူရိုးမားဖြစ်ပြီး ယခုယေရမိကျမ်းတွင်လည်း များစွာကိုးကားပြောဆိုထားကြောင်းတွေ့ရပါသည်။ ထာဝရဘုရားအကြိမ်ကြိမ်သတိပေးထားသောအရာကိုကျွန်ုပ်တို့ပိုပြီးဂရုစိုက်ရမည်ဖြစ်ပါသည်။)

**ယေရမိအနာဂတ်ကျမ်း ၂၃း၁–၄** "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ့ထံမှာကျက်စားသော သိုးတို့ကိုဖျက်ဆီး၍၊ အရပ်ရပ်သို့ကွဲပြားစေသော သိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ ထို့ကြောင့်၊ ဣသရေလအမျိုး၏ဘုရားသခင်ထာဝရ

ဘုရားမိန့်တော်မူသည်ကား၊ ငါ၏လူတို့ကိုကျွေးမွေးရသော သိုးထိန်းတို့အမှုမှာ သင်တို့သည် ငါ၏သိုးစုကိုမကြည့်ရှု၊ မပြုစု၊ အရပ်ရပ်သို့ကွဲပြားစေ၍ နှင်ထုတ်သောကြောင့်၊သင်တို့ပြုသောဒုစရိုက်အပြစ်ကိုသင်တို့အပေါ်မှာ ငါသက်ရောက်စေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ တဖန်မိန့်တော်မူသည်ကား၊ ငါ၏သိုးစုကို ငါနှင်ထုတ်သောပြည်ရှိသမျှတို့၌ကျန်ကြွင်းသောသိုးတို့ကိုငါစုဝေး၍၊ နေရင်းသိုးခြံသို့တဖန် ငါဆောင်သွားခဲ့ဦးမည်။ သူတို့သည်လည်း၊ သားဘွား၍များပြားကြလိမ့်မည်။ သူတို့ကိုကျွေးမွေးသောသိုးထိန်းတို့ကို သူတို့အပေါ်မှာငါခန့်ထားသဖြင့်၊ သူတို့သည်နောက်တဖန်ကြောက်ခြင်း၊ ထိတ်လန့်ခြင်းမရှိရကြ။ ဆုံးမခြင်းကိုလည်း မခံရကြဟု ထာဝရဘုရားမိန့်တော်မူ၏။”

(**ယေရမိ**အသုံးပြုထားသည်မှာလူသားအပေါ်တွင်ရှုံရှာမှုန်းတီးဖွယ်ပြသပေါ်လွင်နေကြောင်းနှင့် အချို့သောသာသနာပြုသူများဦးဆောင်လမ်းပြမှုတွင် စာရိတ္တပျက်ပြားမှု၊လာဘ်စားခြင်းအမှုတို့အပေါ်တွင် ထာဝရဘုရားအာရုံစူးစိုက်နေခြင်းတို့ဖြစ်ပါသည်။)

**ယေရမိအနာဂတ္တိကျမ်း ၂၃း၉–၁၂** “ပရောဖက်များနှင့်ဆိုင်သောစကားဟူမူကား၊ ထာဝရဘုရားကြောင့်၎င်း၊ သန့်ရှင်းသောစကားတော်ကြောင့်၎င်း ငါ့စိတ်ပျက်လျက်ရှိ၏။ ငါ့အရိုးရှိသမျှတို့သည်လှုပ်ရှားကြ၏။ ယစ်မူးသောသူနှင့် စပျစ်ရည်နိုင်သောသူကဲ့သို့ ငါဖြစ်၏။ အကြောင်းမူကား၊ မတရားသောမေထုန်၌မှိဝဲသောသူတို့သည်တပြည်လုံး၌ အနန့်အပြားရှိကြ၏။ ထိုသူတို့ကြောင့်တပြည်လုံးမြည်တမ်းရ၏။ တော၌ကျက်စားရာအရပ်တို့သည်သွေ့ခြောက်ကြ၏။ ပြည်သားများလိုက်သောလမ်းသည်မဖြောင့်၊သူတို့အစွမ်းသတ္တိသည်တရားဘက်၌မနေတတ်။ ပရောဖက်နှင့်ယဇ်ပုရောဟိတ်နှစ်ပါးတို့သည်ဘုရားကိုမရိုမသေပြုကြပြီ။ ငါ့အိမ်၌ပင်သူတို့ပြုသော အဓမ္မအမှုကို ငါတွေ့ပြီဟုထာဝရဘုရားမိန့်တော်မူ၏။ ထိုကြောင့်၊ သူတို့သွားသောလမ်းသည် မှောင်မိုက်၌ချောတတ်သောလမ်းကဲ့သို့ဖြစ်၍၊ သူတို့သည်တွန်းတိုးခြင်းကိုခံရ၍လဲကြလိမ့်မည်။ အကြောင်းမူကား၊ သူတို့သည်ဆုံးမခြင်းကိုခံရသောကာလ၌ သူတို့အပေါ်မှာ ဘေးဥပဒ်ကိုသင့်ရောက်စေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။”

(သူတို့၏အသက်တာလမ်းကြောင်းသည် မကောင်းဆိုးဝါးဖြစ်ပါသည်။ ထာဝရဘုရားသခင်၏အသင်းတော်ထဲတွင်လည်း အဓမ္မအမှုရှိနေပါသည်။)

**ယေရမိအနာဂ္ဂိကျမ်း ၂၃း၁၃–၁၄** "ရှမာရိပြည်သားပရောဖက်တို့၌လည်း၊ မိုက်သောသဘောကိုငါမြင်ပြီ။ သူတို့သည်ဗာလဘုရားကိုမှီဝဲ၍ပရောဖက်ပြုသဖြင့်၊ ငါ၏လူ ဣသရေလအမျိုးသားတို့ကိုမှားယွင်းစေကြပြီ။ ယေရှုရှလင်မြို့သား ပရောဖက်တို့၌လည်း၊ စက်ဆုပ်ရွံ့ရှာဖွယ်သောသဘောကိုငါမြင်ပြီ။ သူတို့သည် မတရားသောမေထုန်၌မှီဝဲလျက်၊ မုသာကိုလည်းသုံးလျက်၊ အဓမ္မပြုသောသူတို့ကို အားပေးတတ်သဖြင့်၊ အဘယ်သူမျှမိမိပြုသောအဓမ္မအမှုကိုမစွန့်။ ထိုသူရှိသမျှတို့သည်ငါ၌သောဒုံမြို့သားကဲ့သို့၎င်း၊ယေရှုရှလင်မြို့သားတို့သည်ဂေါမောရမြို့သားကဲ့သို့၎င်းဖြစ်ကြ၏။"
(မကောင်းဆိုးဝါးနှင့်အတူပူးပေါင်းသောကြောင့် ဆိုးယုတ်မှုကိုထုတ်ဖော်ပြောဆိုကြပါသည်။)

**ယေရမိအနာဂ္ဂိကျမ်း ၂၃း၁၅–၁၆**"ထို့ကြောင့်၊ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် ပရောဖက်တို့အမှု၌ မိန့်တော်မူသည်ကား၊ သူတို့ကိုဒေါနနှင့်ငါကျွေးမည်။ ဆေးခါးကိုလည်းသောက်စေမည်။ယေရှုရှလင်မြို့သား ပရောဖက်တို့သည်မူလအမြစ်ဖြစ်၍၊အဓမ္မအမှုသည်တပြည်လုံးကိုနှံ့ပြားလေပြီ။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်သည်ကား၊ ပရောဖက်ပြု၍သင်တို့အားဟောတတ်သော ဆရာတို့၏စကားကိုနားမထောင်ကြနှင့်။ သူတို့သည်သင်တို့အားအချည်းနှီးဟောတတ်ကြ၏။ ထာဝရဘုရား၏နှုတ်တော်ထွက်သို့မလိုက်၊ ကိုယ်အလိုအလျောက်ရူပါရုံကိုမြင်သည်အတိုင်း ဟောပြောတတ်ကြ၏။"
(ထာဝရဘုရား၏နှုတ်တော်ထွက်မဟုတ်ဘဲ သူတို့ကိုယ်ပိုင်အတွေးအခေါ်ဖြင့်တရားတော်ကို ဟောပြောတတ်ကြပါသည်။)

**ယေရမိအနာဂ္ဂိကျမ်း ၂၃း၁၇**" ထာဝရဘုရား၏နှုတ်ကပတ်တော်ကိုမထီမဲ့မြင်ပြုသောသူတို့အား၊ သင်တို့သည်ငြိမ်ဝပ်ခြင်းရှိကြလိမ့်မည်ဟုဟောတတ်ကြ၏။ မိမိတို့စိတ်နှလုံးခိုင်မာခြင်းသဘောသို့လိုက်သော သူတို့အား၊ သင်တို့သည်ဘေးဥပဒ်နှင့်မတွေ့ရကြဟုဟောတတ်ကြ၏။"
(ထာဝရဘုရား၏နှုတ်တော်ထွက်မှာ အကောင်းနှင့်အဆိုးကိုရောစပ်ထားပါသည်။ သတင်းဆိုးမှာအပြစ်ရှိသောလူများ၏ရလဒ်သည်ဝေဒနာကိုခံစားရမည်ဖြစ်သော်လည်း ကောင်းသတင်းမှာသခင်ခရစ်တော်လာခြင်းအားဖြင့်စာတန်နှင့်အပြစ်တရားကို အနိုင်ယူခြင်းဖြစ်ပါသည်။ အချို့သော စစ်မှန်သည့်သာသနာပြု

သူများသည်လည်း အပြစ်တရားလမ်းမှရှောင်ပြီးနောင်တရဖို့လူများကိုပြောဆို ကြပါသည်။ မကောင်းသည့်အရာသင့်အပေါ်မလွှမ်းမိုးနိုင်ဖို့ကိုတားဆီးရမည်ဖြစ် ကြောင်းလည်း ပြောဆိုကြပါသည်။)

**ယေရမိအနာဂ္ဂိကျမ်း ၂၃း၁၈–၂၁** "ထိုသူတို့တွင် အဘယ်သူသည် အမှုတော် ကိုကြားမြင်သနည်း။ အဘယ်သူသည်နှုတ်ကပတ်တော်ကိုနားထောင်၍ကြား သနည်း။ထာဝရဘုရား၏လေဘွေတော်သည်ပူသောအရှိန်နှင့်ထွက်၏။ ပြင်းစွာ သောလေဘွေဖြစ်၍၊ မတရားသောသူတို့ခေါင်းပေါ်မှာ ပြင်းစွာတိုက်လိမ့်မည်။ ထာဝရဘုရားသည် လက်စသတ်၍၊ အကြံအစည်တော်ကို ပြည့်စုံစေတော်မမူ မှီအမျက်တော်မငြိမ်းရ။ နောက်ကာလ၌ သင်တို့သည်ရှင်းလင်းစွာနားလည်ကြ လိမ့်မည်။ ငါမစေလွှတ်ဘဲ ထိုပရောဖက်တို့သည် ပြေးကြပြီ။ ငါမမှာထားဘဲသူ တို့သည် ကိုယ်အလိုအလျောက် ဟောပြောကြပြီ။"
(ထာဝရဘုရားမခေါ်ဘဲ အချို့သော သာသနာပြုတို့သည် လက်တွေ့အကောင် အထည်ဖော်ပြီးနားလည်သဘောပေါက်ခြင်းမရှိပေ။)

**ယေရမိအနာဂ္ဂိကျမ်း ၂၃း၂၂–၂၇** "ထိုသူတို့သည် ငါနှင့်တိုင်ပင်ဘက်ပြုလျှင်၊ငါ့ စကားကိုငါ၏လူမျိုးအားဆင့်ဆို၍၊ ငါ၏လူမျိုးကိုမတရားလမ်းမှ၎င်း၊ မကောင်း သောအကျင့်ဓလေ့မှ၎င်းလွှဲသွားစေကြပြီ။ငါသည်နီးသောအရပ်၌သာဘုရားဖြစ် သလော။ ဝေးသောအရပ်၌လည်းဘုရားဖြစ်သည်မဟုတ်လောဟုထာဝရဘုရား မေးတော်မူ၏။ငါမမြင်စေခြင်းငှါ၊အဘယ်သူသည်ထင်ရှားသောအရပ်၌ပုန်းရှောင် ၍ နေနိုင်သနည်းဟုထာဝရဘုရားမေးတော်မူ၏။ ငါသည်ကောင်းကင်မြေကြီးကို နှံ့ပြားသည် မဟုတ်လောဟုထာဝရဘုရားမေးတော်မူ၏။ ငါသည်အိပ်မက်မြင်ပြီ ဟု၊ ငါ့နာမကိုအမှီပြု၍၊ မုသာဖြင့်ဟောပြောသော ပရောဖက်တို့၏ စကားကိုငါ ကြားပြီ။ ထိုပရောဖက်တို့သည်အဘယ်မျှကာလပတ်လုံး ဤသို့ကြံစည်ကြလိမ့် သူတို့သည် မုသာစကားကို ဟောပြောတတ်ကြ၏။ ကိုယ်စိတ်နှလုံးလှည့်စား သည်အတိုင်း ဟောပြောတတ်ကြ၏။"
(သာသနာပြုသူများသည် ယုံကြည်သူညီကိုမောင်နှမများကို ထာဝရဘုရား၏ နာမတော်သည် အခြားအရာအားလုံးထက် ဘုန်းအာနုဘော်၊ ကြည်ညိုစရာ ကောင်းကြောင်း အားပေးနှစ်သိမ့်ခြင်းမရှိပေ။)

**ယေရမိအနာဂိကျမ်း ၂၃း၂၈–၂၉** "ဘိုးဘေးတို့သည် ဗာလကြောင့်ငါ့နာမကို မေ့လျော့သကဲ့သို့၊ သူတို့သည်အိမ်နီးချင်းတယောက်ကိုတယောက်ပြောတတ်သော အိပ်မက်များအားဖြင့်၊ ငါ၏လူမျိုးသည်ငါ့နာမကိုမေ့လျော့စေမည်ဟု အကြံရှိကြသည်တကား။ အိပ်မက်မြင်သော ပရောဖက်သည် အိပ်မက်စကားကို ပြောပါလေစေ။ ငါ၏နှုတ်ကပတ်တော်ကိုခံရသောသူသည် နှုတ်ကပတ်စကားတော်ကို မှန်ကန်စွာပြောပါလေစေ။ အဖျင်းသည်စပါးနှင့် အဘယ်သို့ ဆိုင်သနည်းဟု ထာဝရဘုရားမိန့်တော်မူ၏။ ငါ၏နှုတ်ကပတ်တော်သည်မီးကဲ့သို့၎င်း၊ ကျောက်ကိုထုချေသောသံတူကဲ့သို့၎င်းဖြစ်သည်မဟုတ်လောဟု ထာဝရဘုရားမေးတော်မူ၏။"

**ယေရမိအနာဂိကျမ်း ၂၃း၃၀–၄၀** "သို့ဖြစ်၍၊ ငါ့စကားတော်ကိုအိမ်နီးချင်း တယောက်မှ တယောက်ခိုးသော ပရောဖက်တို့ကို ငါသည်ဆန့်ကျင်ဘက်ပြုမည်ဟု ထာဝရဘုရားမိန့်တော်မူ။ မိမိတို့အလိုအလျောက် ဟောပြောလျက်နှင့်အမိန့်တော်ရှိသည်ဟု ဆိုသောပရောဖက်တို့ကို ငါသသည်ဆန့်ကျင်ဘက်ပြုမည်ဟုထာဝရဘုရားမိန့်တော်မူ၏။မှားသောအိပ်မက်ကိုဟောပြော၍၊ မုသာစကားနှင့်အချည်းအနှီးစကားအားဖြင့်ငါ၏လူမျိုးကိုမှားယွင်းစေသောပရောဖက်တို့ကို ငါသည်ဆန့်ကျင်ဘက်ပြုမည်။ သူတို့ကိုငါမစေလွှတ်၊ မမှာထားသောကြောင့်၊ ဤလူမျိုးသည်ကျေးဇူး မရှိဟု ထာဝရဘုရားမိန့်တော်မူ၏။ ဤလူမျိုးတွင်ဆင်းရဲသားဖြစ်စေ၊ ပရောဖက်ဖြစ်စေ၊ ယဇ်ပရောဟိတ်ဖြစ်စေ၊ တစုံတယောက်က၊ ထာဝရဘုရား၏ ဗျာဒိတ်တော်အဘယ်သို့နည်းဟုသင့်ကိုမေးလျှင်၊ ပြန်ပြောရမည်မှာ၊ သင်တို့နှင့်ဆိုင်သောဗျာဒိတ်တော်ဟူမူကား၊ သင်တို့ကိုငါစွန့်ပစ်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ ထာဝရဘုရား၏ဗျာဒိတ်တော်ရှိသည်ဟု ပြောဆိုသော ပရောဖက်၊ ယဇ်ပရောဟိတ်၊ ပြည်သူပြည်သားကို၎င်း၊ ထိုသူ၏အိမ်သူအိမ်သားတို့ကို၎င်း၊ ငါသည်ဒဏ်ပေးမည်။ သင်တို့က၊ ထာဝရဘုရားသည်အဘယ်သို့ပြန်ပြောတော်မူသနည်းဟူ၍၎င်း၊ အဘယ်သို့မိန့်တော်မူသနည်းဟူ၍၎င်း၊ အိမ်နီးချင်း၊ ညီအစ်ကိုချင်းတယောက်ကိုတယောက်မေးမြန်းရမည်။ ထာဝရဘုရား၏ ဗျာဒိတ်တော်ရှိသည်ဟူ၍နောက်တဖန်မဆိုရ။ လူတိုင်းမိမိစကားမှတပါးအခြားသောဗျာဒိတ်တော်မရှိရ။ အကြောင်းမူကား၊ သင်တို့သည်အသက်ရှင်တော်မူသောဘုရား၊ ငါတို့၏ဘုရားသခင်တည်းဟူသောကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ စကားတော်ကိုဖျက်ကြပြီ။ ထာဝရဘုရားသည်သင့်အား

အဘယ်သို့ပြန်ပြောတော်မူသနည်း။ ထာဝရဘုရားသည်အဘယ်သို့မိန့်တော်မူသနည်းဟု ပရောဖက်ကိုမေးလော့။ သင်တို့က၊ ထာဝရဘုရား၏ဗျာဒိတ်တော်ဟုဆိုကြသည်ဖြစ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရား၏ ဗျာဒိတ်တော်ရှိသည်ဟုမဆိုရမည်အကြောင်း၊ ငါပညတ်တော်လည်း၊ သင်တို့သည် ထာဝရဘုရား၏ဗျာဒိတ်တော်ရှိသည်ဟူသောစကားကိုသုံးကြသောကြောင့်၊ ငါသည်သင်တို့ကိုဂုဏ်၊ သင်တို့နှင့်ဘိုးဘေးတို့အားငါပေးသောမြို့ကိုဂုဏ်၊ ငါ့ထံမှအကုန်အစင်ကျုံး၍ပစ်လိုက်မည်။ အစဉ်အမြဲမမေ့လျော့နိုင်သောထာဝရကဲ့ရဲ့ခြင်းနှင့်အရှက်ကွဲခြင်းကို သင်တို့အပေါ်မှာသက်ရောက်စေမည်။”

**ယေရမိအနာဂတ္တိကျမ်း ၂၅:၃၄–၃၆** “အိုးသိုးထိန်းတို့၊ ငိုကြွေးအော်ဟစ်ကြလော့။ အိုသိုးကြီးသိုးမြတ်တို့၊ပြာ၌လူးလည်းလျက်နေကြလော့။သင်တို့ကိုသတ်ရသောအချိန်ရောက်လေပြီ။အရပ်ရပ်သို့ငါမောင်းသဖြင့်၊သင်တို့သည်အဘိုးထိုက်သောတန်ဆာကျသကဲ့သို့ဖြစ်ရကြလိမ့်မည်။ သိုးထိန်းတို့သည်ပြေးစရာလမ်းမရှိ။ သိုးကြီးသိုးမြတ်တို့သည် လွတ်ရာလမ်းကိုရှာ၍မတွေ့ရကြ။ သိုးထိန်းများငိုကြွေးသံနှင့် သိုးကြီးသိုးမြတ်များမြည်သံကိုကြားရ၏။ အကြောင်းမူကား၊ ထာဝရဘုရားသည် သူတို့ကျက်စားရာအရပ်ကိုဖျက်ဆီးတော်မူ၏။”
(ထိုနေ့ရက်ရောက်လာချိန်တွင် သာသနာပြုသူများတို့သည် သူတို့အသက်ရှင်နေထိုင်သည်အတိုင်း၊သူတို့ဟောကြားထားသည်အတိုင်းနှင့်ယုံကြည်သူညီအစ်များကို ကိုင်တွယ်ထားသည်အတိုင်း အဖြေရှိလာမည်ကို ဥပမာအဖြစ်တည်ခင်းဖော်ပြထားပါသည်။)

## သာသနာပြုတို့သည်သူတို့ဟောကြားသည်မှာ မှန်ကန်သည့် ဧဝေလိသတင်းစကားဖြစ်ကြောင်း သေချာတိကျမှုရှိရမည်ဖြစ်သည်။

**ဂလာတိ ၁:၆–၉** “ခရစ်တော်၏ကျေးဇူးတော်အားဖြင့်သင်တို့ကိုခေါ်တော်မူသောသူနှင့် ဤမျှလောက်မြန်မြန်ခွာ၍သင်တို့သည် အခြားသောဧဝံဂေလိတရားကိုခံယူကြသောကြောင့် ငါသည်အံ့သြခြင်းရှိ၏။ ဧဝံဂေလိတရားသည် ဧဝံဂေလိတရားမဟုတ်။ သင်တို့ကိုနှောင့်ရှက်၍ ခရစ်တော်၏ဧဝံဂေလိတရားကိုဖောက်လှန်ချင်သော သူအချို့ရှိကြ၏၊သို့သော်လည်း၊ သင်တို့အား ငါတို့

ဟောပြောသော ဧဝံဂေလိတရားမှတပါးအခြားသောဧဝံဂေလိတရားကိုငါတို့သည် ဟောပြောသော်၎င်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။ တဖန်တုံ၊သင်တို့ခံယူပြီးသောဧဝံဂေလိတရားမှတပါးအခြားသောဧဝံဂေလိတရားကို တစုံတယောက်သောသူဟောပြောလျှင်၊ ထိုသူသည်ကျိန်တော်မူခြင်းကိုခံစေဟု ငါတို့ဆိုခဲ့ပြီးသည်အတိုင်းယခုငါထပ်၍ဆိုသေး၏။"
(မှန်ကန်သောဧဝံဂေလိသတင်းစကား အကြောင်းအရာမှာ ထာဝရဘုရားသခင်၏ နိုင်ငံတော်လာတည်ထောင်မည်ဖြစ်ပြီး သခင်ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံပေးသည့် သတင်းစကားများဖြစ်ပါသည်။)

**တမန်တော် ၈း၁၂** "ဖိလိပ္ပုသည် ဘုရားသခင်၏နိုင်ငံတော်နှင့်၎င်း၊ ယေရှုခရစ်၏နာမတော်နှင့်၎င်းစပ်ဆိုင်သောဧဝံဂေလိတရားကိုဟောပြော၍ထိုသူတို့သည် ယုံကြည်သောအခါ၊ ယောကျာ်း မိန်းမတို့သည်ဗတ္တိဇံကိုခံကြ၏။"

သခင်ခရစ်တော်နှင့် ထာဝရဘုရားသခင်၏နိုင်ငံတော် အကြောင်းပြောဆိုထားသည့် ကျမ်းချက်ထောင်ပေါင်းများစွာရှိသည့်အတွက် ဤစာအုပ်အသေးသည် ကြိုးပမ်းရေးသားပြုစုမှုမပြည့်စုံနိုင်ပါ။ ထို့ကြောင့်သာသနာပြုသူသည်ကျမ်းချက်များကိုလိုက်နာစောင့်ရှောက်ပြီး ယုံကြည်သူညီအစ်ကိုမောင်နှမများ၏ စိတ်နှလုံးထဲတွင်ရှိဖို့ မကြာခဏအဆက်မပြတ် သင်ပြပြောဆိုရလိမ့်မည်။

**၁ ကောရိန္တု ၂း၂** "အကြောင်းမူကား၊ သခင်ယေရှုခရစ်တည်းဟူသောလက်ဝါးကပ်တိုင်မှာ အသေခံတော်မူသောသခင်မှတပါး၊ အဘယ်အရာကိုမှသင်တို့တွင်ငါမသိမမှတ်ဟုငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။"
(**၂ တိမောသေ ၂း၈** "ဒါဝိဒ်အမျိုးဖြစ်သော ယေရှုခရစ်သည်၊ ငါဟောသော ဧဝံဂေလိတရားအတိုင်း၊ သေခြင်းမှထမြောက်တော်မူသည်ဟုအောက်မေ့လော့။")

## သာသနာပြုသူအတွက် ဆုလာဘ်တည်ရှိနေပါသည်။

**ဒံယေလ ၁၂း၃** "ပညာရှိသောသူတို့သည်လည်း၊ ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့၎င်း၊လူအများတို့ကိုဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း၊ကြယ်များကဲ့သို့၎င်းအစဉ်အမြဲထွန်းလင်းကြလိမ့်မည်။"

(စစ်မှန်သောလမ်းဖြစ်သည့် ထာဝရဘုရားထံ ပြန်လည်လှည့်လာစေသော လူများအတွက် သာသနာပြုသူများသည် ပျော်ရွှင်မှုရရှိမည်ဖြစ်ပါသည်။)

**၁ ရှင်ပေတရု ၅း၄** "သို့ဖြစ်လျှင်၊သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊သင်တို့သည်မညှိုးမနွမ်းတတ်သောဘုန်းကြီးသောပန်းဦးရစ်သရဖူကိုခံရကြလိမ့်မည်။"

**၂ တိမောသေ ၄း၇–၈** "ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ ပြေးရသောလမ်းကိုအဆုံးတိုင်အောင် ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ။ ယခုမှစ၍ ဓမ္မသရဖူသည်ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့်စီရင်သောသူတည်းဟူသော သခင်ဘုရားသည်ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ပေါ်ထွန်းတော်မူခြင်းကိုတောင့်တသောသူအပေါင်းတို့၌လည်းအပ်ပေးတော်မူမည်။"

**ဂလာတိ ၆း၉** "ငါတို့သည်အားမလျော့၊ စိတ်မပျက်ဘဲကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကိုရိတ်ရကြလိမ့်မည်။"

**ဟေဗြဲ ၆း၁၀** "အကြောင်းမူကား၊ သင်တို့သည် သန့်ရှင်းသူတို့အထက်ကလုပ်ကျွေးသည်သာမက၊ ယခုပင်လုပ်ကျွေးခြင်းအမှုကိုငင်း၊ ထိုသို့ပြုသောအားဖြင့်နာမတော်ကိုထောက်၍ပြသောမေတ္တာကိုငင်း၊ဘုရားသခင်သည်မေ့လျော့သည်တိုင်အောင် အဓမ္မအမှုကိုပြုတော်မူသည်မဟုတ်။"

**ဟေဗြဲ ၁၁း၈** "အာဗြဟံသည် အမွေခံရလတံ့သောပြည်သို့ထွက်သွားမည်အကြောင်း၊ ဘုရားသခင်ခေါ်တော်မူသောအခါ၊ သူသည်အဘယ်အရပ်သို့သွားသည်ကိုကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့်နားထောင်၍ထွက်သွားလေ၏။"
(သူတို့ပိုု၍နှစ်သက်သည့်နေရာကိုသွားရခြင်းမရှိဘဲ သာသနာပြုသူကိုပို့ဆောင်စေသည့်နေရာကိုသာသွားရပြီး လူတွေရဲ့လိုအပ်သည့်နေရာမဟုတ်ဘဲ ထာဝရဘုရားသခင်၏စွန့်လွှတ်အနှစ်နာခံမှုအသေခံတော်မူခြင်းလိုအပ်သည့်အရာကိုလုပ်ဆောင်စေဖို့ဖြစ်ပါသည်။ ဤကျမ်းချက်ကိုအသုံးပြုပြီး သာသနာပြုသူများ

နှင့်သူတို့၏ဇနီးမယားများကိုအားပေးနှစ်သိမ့်ရမည်မှာ စွန့်လွှတ်မှုနှင့်အခက်အခဲဆင်းရဲဒုက္ခခံရသော်လည်း ထာဝရဘုရားသခင်၏နိုင်ငံတော်တွင်ကြီးမားသည့်ဆုလာဘ်ကိုခံစားရလိမ့်မည်ဖြစ်ကြောင်းပြောဆိုထားပါသည်။)

**ဟေဗြဲ ၁၁း၉–၁၀** "သူတပါးပိုင်သောပြည်၌ဧည့်သည်နေသကဲ့သို့ဂတိတော်နှင့်စပ်ဆိုင်သော ပြည်၌ယုံကြည်ခြင်းအားဖြင့်ဧည့်သည်ဖြစ်၍နေ၏။ ထိုဂတိတော်ကိုအမွေခံရသောအဘော်အဘက်တည်းဟူသော ဣဇာက်၊ယာကုပ်တို့နှင့်အတူတဲ၌နေလေ၏။ အကြောင်းမူကား၊ ဘုရားသခင်တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခံ့မြဲမြံသောမြို့ကိုမြော်လင့်သတည်း။"
(အကျွန်ုပ်တို့၏စစ်မှန်သည့် ဆုလာဘ်မှာ နောက်မှရောက်လာမည်။)

**ဟေဗြဲ ၁၁း၁၁** "သူ၏ခင်ပွန်းစာရာသည်လည်းအရွယ်လွန်သောအခါ၊ ပဋိသန္ဓေယူနိုင်သောအခွင့်တန်ခိုးကို ယုံကြည်ခြင်းအားဖြင့်ခံရလေ၏။ အကြောင်းမူကား၊ ဂတိထားတော်မူသောသူသည် သစ္စာရှိသည်ဟုစိတ်စွဲလမ်းခြင်းရှိ၏။"
(သာသနာပြုသူများ၏မိန်းမများသည်လည်း ခေါ်ဆောင်ခြင်းခံရပြီးလုပ်ဆောင်သောကြောင့် အနာဂတ်တွင်ကြီးမားသည့် ဆုလာဘ်ကိုခံစားရနိုင်ကြောင်းမျှော်လင့်ချက်ရှိပါသည်။)

**ဟေဗြဲ ၁၁း၁၂–၁၆** "သို့ဖြစ်၍၊ ထိုအမှုအရာ၌လူသေနှင့်တူသောသူတယောက်သည်၊ အရေအတွက်အားဖြင့်ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာကမ်းနား၌မရေတွက်နိုင်သောသဲလုံးကဲ့သို့၎င်း၊ များစွာသောသူတို့၏အဘဖြစ်သတည်း။ ယခု ဆိုခဲ့ပြီးသောသူအပေါင်းတို့သည်၊ ဂတိတော်နှင့်စပ်ဆိုင်သောအကျိုး ကျေးဇူးကိုမခံရဘဲ၊ အဝေးကမြော်မြင်လျက်၊ စိတ်နှလုံးနှင့် ဘက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်း သူတနိုင်ငံသား၊ ဧည့်သည်အာဂန္တုဖြစ်သည်ကိုထင်ရှားစွာဝန်ခံလျက်၊ ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏။ ထိုသို့ဝန်ခံသောသူတို့သည်မိမိတို့အဘပြည်ကိုရှာကြသည်ဟု အတည့်အလင်းပြောဆိုကြ၏။ ထိုသူတို့သည် အထက်ကထွက်သွားသောပြည်ကို အောက်မေ့သည်မှန်လျှင်၊ ထိုပြည်သို့ပြန်ရသောအခွင့်ရှိကြ၏။ ထိုပြည်ကိုမအောက်မေ့ဘဲ၊ ကောင်းကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်ကိုတောင့်တခြင်းရှိကြ၏။ ထိုကြောင့်၊ ဘုရားသခင်သည်သူတို့၏ ဘုရားဟူ၍ခေါ်ဝေါ်ခြင်းကိုရှက်တော်မမူ။ သူတို့နေစရာ

ဘို့မြို့ကို တည်ထောင်တော်မူပြီ။"

**၂ ကောရိန္သု ၁း၂၄**"ငါတို့သည် သင်တို့၏ယုံကြည်ခြင်းကို အစိုးရသည်မဟုတ်။ သင်တို့၏ဝမ်းမြောက်ခြင်းအကြောင်းကို ကူမ၍သာပြုကြ၏။ အဘယ်ကြောင့် နည်းဟူမူကား၊ ယုံကြည်ခြင်းအားဖြင့်သင်တို့သည်တည်နိုင်ကြ၏။" (သာသနာပြုသူများသည်မကြာခဏလေ့လာတွေ့ရှိသတိထားမိသည်မှာ ထာဝရဘုရားသခင်၏လူများအပေါ်တွင်သန့်ရှင်းသောဝိညာဉ်တော်ဝင်ရောက် အသက်ရှင်နေပါက ဝမ်းမြောက်ခြင်းအမှုအရာတွေ့မြင်နေရပါသည်။)

## သာသနာပြုများသည် ဘုရားရှေ့၌ တာဝန်ရှိခြင်း။

သာသနာပြုသူသည် ထာဝရဘုရားသခင်၏တရားစီရင်ရသောထိုင်ခုံတွင် ထိုင်ပြီးအကျွန်ုပ်တို့၏အသက်တာအလုပ်အတွက်သာ စီရင်ခြင်းခံရမည်မဟုတ် ဘဲ သာသနာပြုသူသည်လည်း ထာဝရဘုရားရှေ့တော်တွင်ရပ်ပြီး တရားစီရင် ခြင်းခံရပြီး ထာဝရဘုရားသခင်၏လူများဖြစ်သည့် သူ၏သိုးများအတွက်လည်း ရေတွက်စာရင်းပြုပေးရမည်ဖြစ်ပါသည်။

**၂ ကောရိန္သု ၅း၁၀**"အကြောင်းမူကား၊ ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့် သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်းအကျိုးအပြစ်ကို အသီးအသီး ခံခြင်းငှါ၊ ခရစ်တော်၏တရားပလ္လင် ရှေ့၌ပေါ်လာရကြမည်။"

**ဟေဗြဲ ၁၃း၁၁** "အကြောင်းမူကား၊ ယဇ်ပရောဟိတ်မင်းသည် အပြစ်ဖြေသော ယဇ်ကောင်၏အသွေးကို သန့်ရှင်းရာဌာနထဲသို့ သွင်းပြီးမှ၊ ယဇ်အသေကောင် တို့ကိုတပ်ပြင်၌မီးရှို့ရ၏။"

## သာသနာပြုနေသူ၏ ကောင်းကြီးမင်္ဂလာတည်ရှိခြင်း

**၂ ကောရိန္သု ၂း၁၄** "ငါတို့သည်ခရစ်တော်နှင့်အတူအောင်ပွဲကိုအစဉ်ခံစေခြင်း ငှါ၎င်း၊ ထိုသခင်ကို သိခြင်း၏အမွှေးအကြိုင်သည်ငါတို့အားဖြင့်အရပ်ရပ်တို့၌နံ့ ပြားစေခြင်းငှါ၎င်း၊ ပြုတော်မူသောဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းခြင်းရှိ စေသတည်း။"

**ဟေရှာယ ၆၃း ၇** "ကရုဏာနှင့်မဟာမေတ္တာတော်အတိုင်းထာဝရဘုရားသည် ငါတို့အားသနားတော်မူသောအရာအလုံးစုံကို၎င်း၊ ဣသရလအမျိုးသားတို့၌ ပြုတော်မူသော မဟာကျေးဇူးတော်ကို၎င်းထောက်၍၊ ထာဝရဘုရား၏မေတ္တာ တော်နှင့်၊ ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကို ငါချီးမွမ်းမည်။" (ထာဝရဘုရား၏ကြီးမြတ်သောကရုဏာဂုဏ်ကျေးဇူးတော်အကြောင်း လူများ ကိုမကြာခဏ ပြောကြားသောကြောင့် သာသနာပြုသူများကောင်းကြီးမင်္ဂလာ ခံစားရမည်ဖြစ်ပါသည်။)

**သာသနာပြုသူများစိတ်နှလုံးတွင်အမြဲထားရှိရမည်မှာသူတို့၏ကောင်း ကြီးမင်္ဂလာနှင့် ဆုရလာဘ်များသူတို့ခံရမည်ဖြစ်ပြီးယုံကြည်သူညီအစ် ကိုမောင်နှမများအတွက်လည်းကြီးမားသည့်ကယ်တင်ခြင်းအကြောင်း ကို သူတို့အဆက်မပြတ် အသိပေးရမည်ဖြစ်ပါသည်။**

**၁ ရှင်ယောဟန် ၃း၁-၃** "ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းအ ခွင့်ကိုငါတို့သည်ရမည်အကြောင်း၊ဘုရားသခင်သည်ငါတို့ကိုအဘယ်မျှလောက် ချစ်တော်မူသည်ကိုကြည့်ရှုဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသ ခင်ကိုမသိသောကြောင့်၊ ငါတို့ကိုလည်းမသိကြ။ ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင် ရှားသေး၊ သို့သော်လည်း၊ ကိုယ်တော်သည်ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတံ့။ ထိုသို့မြော် လင့်သောသူမည်သည်ကား၊ ကိုယ်တော်ကိုသန့်တော်မူသည်နည်းတူ၊ ကိုယ်

ကိုကိုယ်သန့်ရှင်းစေတတ်၏။”

**ဆာလံ ၁၆း၁၁** “အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကိုမရဏာနိုင်ငံ၌ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်းပုပ်စပ်ခြင်းကိုရှိစေတော်မမူလဲလျက်၊ အသက်ရှင်ခြင်းလမ်းကိုပြညွှန်တော်မူလိမ့်မည်။”

**ဗျာဒိတ်ကျမ်း ၂၁း၆–၇** “ငါသည်အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏၊ အစနှင့်အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအား အသက်စမ်းရေကိုအဘိုးမယူဘဲငါပေးမည်။ အောင်မြင်သောသူသည် ဤအရာတို့ကိုအမွေခံရလိမ့်မည်။ ငါသည်သူ၏ဘုရားသခင်ဖြစ်မည်။ သူသည်လည်းငါ၏သားဖြစ်လိမ့်မည်။”

**အမြဲတမ်းအသင်းဝင်သူတိုင်းသည်တရားဟောချက်တိုင်းတွင်ရှိဖို့၊ ကျမ်းစာလေ့လာခြင်း၊ ယုံကြည်သူညီအစ်ကိုမောင်နှမများ ချစ်ခြင်းနှင့် အတူထာဝရဘုရား၏စကားတော်ကို ကိုးစားနားထောင်ဖို့သာသနာပြုသူကိုရည်ညွှန်းပြထားပါသည်။ အသက်ရှင်ခြင်းအလယ်ဗဟိုမှာညီအစ်ကိုမောင်နှမများ၏အသက်တာသည်ခရစ်တော်၏ကယ်တင်ခြင်းအကြောင်းအရာနှင့် သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးနှင့် အတူရှောက်လှမ်းဖို့သည် သာသနာပြုသူများ၏ တာဝန်ဖြစ်ပါသည်။**

**၁ ကောရိန္သု ၆း၁၁** “အထက်က သင်တို့တွင် အချို့သောသူတို့သည်ထိုသို့သောသူဖြစ်ကြသော်လည်း၊ ယခုတွင်ယေရှုခရစ်၏နာမတော်အားဖြင့်၎င်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်၎င်း၊ ဆေးကြောသန့်ရှင်း၍ဖြောင့်မတ်ရာသို့ရောက်ကြပြီ။”

**ယောဟန် ၁၄း၁၆** “ငါသည်ခမည်းတော်ကိုတောင်း၍၊ ခမည်းတော်သည်သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသောဥပဇ္ဈာယ်ဆရာကိုသင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှါသင်တို့အားပေးတော်မူမည်။”

**၂ ကောရိန္သု ၁၃း၁၄** "သခင်ယေရှုခရစ်၏ကျေးဇူးတော်၎င်း၊ ဘုရားသခင်၏ မေတ္တာတော်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိဿဟာယတော်၎င်း၊ သင်တို့ အပေါင်း၌ရှိစေသတည်း။ အာမင်။"

## နောက်ဆက်တွဲ ၁

## ပြသနာများဖြေရှင်းပေးရာတွင် လက်မထောင်နိုင်ဖို့ ကူညီပေးနိုင်သော စည်းကမ်းအချို့များ။

ပြသာနားများမဖြေရှင်းခင် အရင်ဆုတောင်းပါ။

အကယ်၍ ဖြစ်နိုင်လျှင် လေးလေးနက်နက်ကရုဏာအပြည့်ထားရှိပေးခြင်းနှင့် သင့်အပေါ် အစေခံပေးသူအစေအပါးအတွက် စာနာမှုကိုမျှဝေခံစားပေးခြင်းတို့ ဖြစ်ပါသည်။ (ဆိုလိုသည်မှာ သူ/မ၏ဖိနပ်များကို သင်ကိုယ်တိုင်ကြိုးစားစီးခြင်း မှာ သူ၏ခံနားချက်ကို ဝင်ရောက်ကိုယ်ချင်းစာခြင်းကိုဆိုလိုခြင်းဖြစ်ပါသည်။)

အကယ်၍ သင့်မှာ အမေးအဖြေမရှိနေပါသော်လည်း တခုခုကိုသိရှိအောင်လုပ် ရမည်။ ဖြစ်လေ့ဖြစ်ထရှိသည့်အရာ ဘယ်အရာမဆို အသုံးပြုဖြစ်ပေါ်လာချိန်ကို သိရှိရမည်။

လူပုဂ္ဂိုလ်သည်အကောင်းဆုံးဖြေရှင်းပေးနိုင်သူဖြစ်ပြီး လူသားသည်အကူအညီ လိုအပ်ချိန်တွင် သူ/သူမ၏ပြသနာဖြစ်ပေါ်မှုတွင် အမြော်အမြင်ကြီးစွာဖြေရှင်း ပေးရမည်ဖြစ်ပါသည်။
**ဂလာတိ ၆း၁** "ညီအစ်ကိုတို့၊ လူသည်သတိလစ်၍ တစုံတခုသောဒုစရိုက်ကို ပြုမိလျှင်၊ ဝိညာဉ်ဆုကျေးဇူးကိုခံရသောသင်တို့သည်အပြစ်သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည်အကြောင်း၊ ကိုယ်ကိုသတိပြုလျက်သိမ်မွေ့နူးညံ့သောသ

ဘောနှင့်ထိုသို့သောသူကိုမစ၍၊ သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့။"
(သန့်ရှင်းသောဝိညာဉ်တော်၏ နူးညံ့ကြင်နာမှုနှင့်အတူ အယောက်တိုင်းကိုကိုင်တွယ်ဖြေရှင်းပေးရမည်။)

**ရှင်ယာကုပ် ၁း၁၉** "သို့ဖြစ်၍၊ ငါချစ်သောညီအစ်ကိုတို့၊ ခပ်သိမ်းသောသူတို့သည် နားကြားခြင်းငှါလျင်မြန်ကြစေ။ စကားပြောခြင်းငှါရှင်း၊ အမျက်ထွက်ခြင်းငှါရှင်းနှေးကြစေ။"
(ကောင်းမွန်းစွာ နားထောင်သူဖြစ်ရမည်။ နားကြားခြင်းမှာ လျင်မြန်ပြီး စကားပြောခြင်းနှင့် အမျက်ထွက်ခြင်းကိုနှေးရမည်ကို မှတ်မိရမည်။)

**သုတ္တံကျမ်း ၁၁း၁၄** "အကြံပေးနိုင်သောဥာဏ်မရှိလျှင်၊ ပြည်သားတို့သည် ရှုံးတတ်၏။ အကြံပေးနိုင်သောသူအများရှိလျှင်မူကား၊ ဘေးလွတ်တတ်၏။"
(အကြံပေးနိုင်သောသူအများရှိလျှင်မူကား၊ ဘေးလွတ်တတ်၏။ ဆိုလိုသည်မှာ သာသနာပြုသူများနှင့်သာလွန်သူများရှိလျှင် ဘေးကင်းတတ်၏။)

**သုတ္တံကျမ်း ၁၈း၁၃** "အကျိုးအကြောင်းကို မစစ်မီ၊ အမှုစီရင်သောသူသည်မိုက်သောအပြစ်၊ အရှက်ကွဲရသောအပြစ်ရှိ၏။"

ရည်ညွှန်းကိုးကားခြင်း။
အမြဲတမ်းသင့်မှာအဖြေရှိနေမည်မဟုတ်ပါ။ သို့သော် ထိုသူကိုအမြဲတမ်းချစ်ခြင်းပြသပေးရမည်ဖြစ်ပါသည်။

ဘယ်တော့ခါမှ မိန်းမကြီးတဦးတည်းထံ အကြံအဥာဏ်ယူခြင်းမပြုရ။

**နောက်ဆက်တွဲ ၂**

## သာသနာပြုသူဖြစ်တည်ခြင်းအတွက် ပိုကောင်းကြီးမင်္ဂလာခံစား ရခြင်း။

ဗတ္တိဇံပေးသည့် အခွင့်အရေးရရှိခြင်း။

တရားဟောချက်ပေးနိုင်သည့် အခွင့်အရေးရရှိခြင်း။

ကျမ်းစာသင်တန်းများပေးနိုင်သည့် အခွင့်အရေးရရှိခြင်း။

လက်ထပ် ထိမ်မြားဆောင်ရွက်ခြင်းအတွက်အကြံအဉာဏ်ပေးမည့်အခွင့်အရေး ရရှိခြင်း။

လူအများ၏ပြသာနာများကို လုပ်ဆောင်ဖြေရှင်းပေးမည့် အခွင့်အရေးရရှိခြင်း။

ယုံကြည်သူညီအစ်ကိုမောင်နှမများ သေဆုံးချိန်များနှင့် အခြားကပ်ဆိုက်သော ကာလများတွင် လုပ်ကျွေးပြုစုစောင့်ရှောက်ပေးနိုင်သော အခွင့်အရေးရရှိခြင်း။

ကလေးများနှင့် ဆယ်ကျော်သက်လူငယ်များတို့၏အသက်တာတွင် ဝိညာဉ်ရေး ပိုင်းဆိုင်ရာ အုတ်မြစ်မြဲမြံခိုင်မာမှုချပေးနိုင်ရန် အခွင့်အရေးရရှိခြင်း။

လူသားများကို ကန့်နှင့်ရောသောငရဲမီးအိုင်ထဲမရောက်အောင် တားမြစ်ပေးပြီး ထာဝရဘုရားသခင်၏နိုင်ငံတော်ထဲဝင်စားနိုင်ဖို့ကူညီပေးနိုင်မှုအခွင့်အရေးရရှိခြ င်းတို့ဖြစ်ပါသည်။

ရှိသေလေးစားစွာဖြင့်

ပြန်လည်ပြုစုသူ – **Pastor Thurston Leon Sexton**

Sabbath Church Of God in Asia
PO Box 84, Amphoe Mae Rim,
Chiang Mai 50180 Thailand

ဘာသာပြန်သူ– အားဂျာရှန်